
TheRayofLight
Journal
ဟာသ်ာတမြင့်ငွေ
တည်ထောင်သည်
အနုပညာဂျာနယ်
အမှတ်(၇၃၀)၊နိုဝင်ဘာ(၁၂)၊တနင်္လာ၊၂၀၁၂
18TH NOV 2012
MASTER
RECORDING & VIDEO PRODUCTION
No.(180), 34th-(Upper)Street, Kyauktada Township, Yangon. PH:01-371118
VIDEO CD
DVD
VIDEO
မေသူခိုင်
ဘဝနှိုးစက်များ
II
Copyright
J&T
သရုပ်ဆောင်
ပိုင်ဇေရဲတွန်း၊ ရဲတိုက်၊ မိုးအောင်ရင်၊
အရိုင်း၊ နီနီ၊ ရဲမင်းသူ၊ မင်းညို၊ လင်းယံ၊
အကယ်ဒမီစိုးမိုးကြည်၊ အကယ်ဒမီစိုးပြည့်သဇင်၊
ခင်မမှုးခိုင်၊ ပိုးဒါလီ၊ လမင်းအိမ်၊ ရွှေသက်၊ မေသူခိုင် နှင့်
URANIUM DANCER GROUP
Directed By
Lu Min Khaung ,
3pound ,Ko Pauk ,
Pyae Phyo Han ,Ye' Myint Thu
Band :Cobra H , Studio:Nawaratt ,Max ,Dozon Wavwe , Lyrics : Shwe Jaw Jaw ,Nyi Nyi Thwin
Ko Aung ,Za War ,Lin Lin ,Kyaw Swar ,May Thu Khine., Mixing : Ko Myint Zaw
Harmony : Kwie Kwie ,May Thu Khine. , Photo: Myo Myint Swe ,Design : Aye Chan




# SEIKO

DEDICATED TO PERFECTION

**SPORTURA.** For more than a century, both Seiko and FC Barcelona have, in our different arenas, been dedicated to perfection. Now, we are partners, celebrating our shared determination to be the best with the new Sportura FCB special edition Chronograph. Seiko invented the quartz chronograph in 1983 and has timed world class sport for 50 years. All this experience now comes together in the new Sportura. With 10 bar water resistance, a sapphire crystal and a 1/5 second chronograph, Sportura is the watch chosen by perhaps the greatest team in world football. **seikowatches.com**

THAKRAL

**SEIKO SHOWROOM & SERVICE CENTRE :** 104/112 Anawrahta Street, Between (37th & 38th)St, Kyauktada Township, Yangon : Tel : 250445.
**Yangon** : Sein Gay Har : Super Centre, Pyay Rd., Dagon T/S. Tel : 373773. Golden Crown : G-9,Junction 8, Tel : 650771 Ext: 119.
Amy & Kyaw : 262, Bargayar Rd, Myaynigone, Tel : 516769, San Ying Timepiece Store : B6 & C6, 1st floor, Yuzana Plaza. Tel : 200747 Ext : 2255.
**Mandalay** : Alba Store : 81st Street, Between 30th & 31st St., Tel : 02-36096. San Ying Timepiece Store : 204, 29th St., Between 80th & 81st St., Tel : 02-65579.

ဝင်းငြိမ်း
မှပ်းပံတင်ဆက်သည့်
The Ray of Light Journal
ဂျာနယ်
အယ်ဒီတာချုပ်
မာဘသာမြင့်ဆွေ
တာဝန်ခံအယ်ဒီတာ
မျိုးမြင့်ညီမ်း
အယ်ဒီတာ
လင်းနိုင်ဦး
အုပ်ချုပ်ရေးမှူး
ဦးဇော်ထူးအောင်
၂၀၁၂ ခုနှစ် နိုဝင်ဘာ ၁၂ ရက် တနင်္လာနေ့ အမှတ် ၊၇၃၀၊

ဒို့တာဝန်အရေးသုံးပါး
- ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

ပြည်သူ့သဘောထား
- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး နှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအားဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများ အားဘုံရန်သူအဖြစ်သတ်မှတ် ချေမှုန်းကြ။

နိုင်ငံရေးဦးတည်ချက်(၄)ရပ်
- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားစည်းလုံးညီညွတ်မှု ခိုင်မာရေး
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်
- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်
- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင် ရေးနှင့်ပညာရည်မြင့်မားရေး

# ခင်မောင်တိုးရဲ့ ကျန်းမာရေး



ဂျေမောင်မောင်၊ တူးတူးတို့နဲ့အတူ တွေ့ရတဲ့ ခင်မောင်တိုး

စင်ကာပူနိုင်ငံမှာ သွားရောက်ပြီး ဆေးကုသမှုခံယူနေတဲ့ အဆိုတော်ကြီး ခင်မောင်တိုးတစ်ယောက် ကွယ်လွန်သွားပြီဆိုတဲ့ သတင်းတွေ နိုဝင်ဘာလ ၈ ရက်နေ့ညပိုင်းက အင်တာနက်၊ ဝက်ဆိုက်တွေအပေါ်မှာ တက်လာတဲ့အတွက် အနုပညာချစ်သူများရော၊ အဆိုတော်ကြီး ခင်မောင်တိုးကို ချစ်ခင်အားပေးသူတွေပါ တကယ်ပဲထင်မှတ်ခဲ့ကြပါတယ်။ တကယ်တမ်းဖြစ်စဉ်ကတော့ ခင်မောင်တိုး ကွယ်လွန်သွားတာ မဟုတ်ဘဲ ဆေးကုသမှု ခံယူနေရဆဲကိုလွဲမှားပြီး တင်လိုက်တာဖြစ်တယ်လို့ သိရပါတယ်။

ခင်မောင်တိုး သတင်းနဲ့ပတ်သက်ပြီး ကိုယ်တိုင်လည်း စင်ကာပူဆေးရုံမှာ သွားရောက်စောင့်ရှောက်ပေးခဲ့တဲ့ ခင်မောင်တိုးရဲ့ထုတ်ဝေသူဖြစ်တဲ့ ချိုကြည်သာတေးသံသွင်းမှ ကိုချို၊ မနီလာတို့ကို သွားရောက်မေးကြည့်ဖြစ်တဲ့အခါ မနီလာက "စင်ကာပူမှာက မြန်မာအသိုင်းအဝိုင်းကလည်းများသလို ကိုခင်မောင်တိုး တက်နေတဲ့ ဆေးရုံမှာ မြန်မာဆရာဝန်တွေ ရှိကြတယ်။ မြန်မာအသိုင်းအဝိုင်းတွေလည်း ရှိကြတဲ့အတွက် စိုးရိမ်ရတဲ့ အခြေအနေမှာရှိပေမယ့် ဘယ်လိုသဘောနဲ့ အင်တာနက်ပေါ် ကွယ်လွန်သွားပြီဆိုတဲ့ သတင်းရောက်ရှိလာတယ်ဆိုတာတော့ မပြောနိုင်ပါဘူး"လို့ မနီလာ ပြောပြခဲ့ပါတယ်။ မနီလာနဲ့ မေးမြန်းနေတဲ့ အချိန်အထိ ကိုခင်မောင်တိုးက အသက်ထင်ရှားနဲ့ ဆေးဝါးကုသမှုခံယူနေပြီး ကိုခင်မောင်တိုးက စင်ကာပူရှိ Gland ni Gles Park Way Health မှာ တက်ရောက်ကုသမှုခံယူတာဖြစ်ပြီး အသည်းရောဂါဖြစ်တယ်လို့ ဆရာဝန်များ မှတ်ချက်ပြုထားကြောင်း သိရပါတယ်။ လောလောဆယ် အခြေအနေမေးမြန်းတဲ့အခါမှာတော့ ပရိသတ်တွေ စိတ်ပူနေကြသလို မိသားစုမိတ်ဆွေကလည်း စိတ်ပူနေကြပြီး မနီလာကလည်း ပရိသတ်များနဲ့အတူ ကြေကွဲရပါတယ်လို့ ပြောပြခဲ့ပါတယ်။ လူနာရှင်တွေဘက်က အကောင်းဆုံးဖြစ်လာဖို့ ဆုတောင်းနေကြပေမယ့် မျှော်လင့်ချက်ကတော့ နည်းနေပါပြီလို့ ပြောပြခဲ့ပါတယ်။



ခင်မောင်တိုး

အဆိုတော် ခင်မောင်တိုးက နောက်ဆုံးအနေနဲ့ ချိုကြည်သာ တေးသံသွင်းကပဲ ခွန်အားဖြည့် မိငယ် တေးစီးရီးကို စက်တင်ဘာလဆန်းပိုင်းက ဖြန့်ချိပေးနိုင်ခဲ့ပြီး နောက်ထပ် သီဆိုဖို့ စီစဉ်ထားတဲ့ အစီအစဉ်များ ရှိပေမယ့် သေသေချာချာတော့ တည်ပြီးလုပ်ထားတာတွေ မရှိပါဘူးလို့ သိရပါတယ်။ ကိုခင်မောင်တိုးကို ချစ်ကြသလို စိတ်ပူကြတဲ့ အနုပညာအသိုင်းအဝိုင်း ဆွေမျိုးများအားလုံး ကိုခင်မောင်တိုးကို အနီးကပ်ပြုစုဖို့ ရောက်ရှိနေကြပြီး ကိုခင်မောင်တိုးရဲ့သား၊ သမီးနဲ့ ဇနီး အန်တီဝေ (ဒေါ်ဝေဝေခိုင်)တို့ အနားမှာ ပြုစုစောင့်ရှောက်ပေးနေကြသလို ခင်မောင်တိုးနဲ့အတွဲများတဲ့ ဂျေမောင်မောင်လည်း နိုဝင်ဘာလ ၉ ရက်နေ့မနက် စင်ကာပူနိုင်ငံကို ထွက်ခွာသွားပြီး ချိုကြည်သာတေးသံသွင်းပိုင်ရှင် ကိုချိုနဲ့ မနီလာတို့လည်း နိုဝင်ဘာလ ၁၀ ရက်နေ့ မနက်က စင်ကာပူရှိ ကိုခင်မောင်တိုးကို ပြုစုစောင့်ရှောက်နိုင်ဖို့ ထွက်ခွာသွားကြပြီဖြစ်တယ်လို့ သိရပါတယ်။

စင်ကာပူမှာ**စာမျက်နှာ(၃)သို့…**

အလင်းတန်းဂျာနယ်

■ access at
www.foreverspace.com.mm
www.shweamyutay.com

■ သတင်းအဖွဲ့
**ရန်ကုန်**
**ခင်လေးမြင့်**
**နေလွင်**

**မန္တလေး**
**ရွှေနောင်ရိုး(မန္တလေး)**
**နန္ဒ(မန္တလေး)**

■ အလင်းတန်းစာလုံး
**ကျော်မင်းမောင်**

■ စာမျက်နှာဖွဲ့စည်းမှု
**နိုင်ဇင်ထွန်း**
**ဖြိုးဦးပိုင်**

■ စာစီစာပြု
**ချစ်နှင်းဖြူ**
**မွန်မွန်အေး**
**နိုင်ခွန်အား**

■ ဖလင်
Sunn Scangraphics

■ **ထုတ်ဝေသူ**
ဟသ်ာတမြင့်ငွေ
(မြ-၄၀၄)

■ **ပုံနှိပ်သူ**
စီအမ်ပီပုံနှိပ်တိုက်
ဦးဇော်ထူးအောင်
(မြ-၀၆၂၄၆)

■ **ရန်ကုန်ဖြန့်ချိရေး**
ဦးတင်စိုး
အမှတ် ၁၂၄
မြေညီထပ်၊ ၃၆ လမ်း။
အလယ်ဘလောက်
ကျောက်တံတားမြို့နယ်
ရန်ကုန်မြို့။
ဖုန်း-၃၇၇၈၀၀

■ **မြန်မာပြည်အထက်ပိုင်း**
ထွန်းဦးစာပေ၊
မန္တလေး။

■ **ဖြန့်ချိနေ့စွဲ**
၁၂ - ၁၁ - ၂၀၁၂

**အလင်းတန်းဂျာနယ်**
အခန်း ၁၇
၁၅၈/၁၆၈(ပထမထပ်)
မဟာဗန္ဓုလပန်းခြံလမ်း
ကျောက်တံတားမြို့နယ်
ရန်ကုန်။
ဖုန်း-၀၁-၂၅၄၂၅၂

E-mail:
nyeinfamily@gmail.com


# ဒို့တစ်တွေလည်း ဥဒကာဘယံ (သို့မဟုတ်) ရေးဘေးသင့်တယ်

**ဓမ္မဒူတာပီစာရ (B.Sc,D.S.A.I.I.A)**

*မှိုင်းညှို့ဆိုင်းကာ… ရှစ်ခွင်တိုင်းအာကာ မှိုးလယ်ပါ… မိုးဝင့်ဝါလျက်သာ… ပြိုးပြိုးပြက်ပြက်လျှပ်စစ်ရောင်ဖြာ… ထစ်ချုန်းဂျိုးကျိမ့် မိုးပြိုလိမ့်ထင်ရောင်လာ… ဒွန်းစေဆက်ရွာ တစ်မိုး သစ်လေသောအခါ…*

မန္တလေး FMမှ ရေဒီယိုပြန်ဆိုတေးကဏ္ဍမှ သီချင်းသံလေးကို ကြားနေရင်း ပြင်ပလောကဓာတ်မှ မိုးခြိမ်းသံလေးကို နားဆင်ရင်း သီချင်းသံစဉ်စာသားလေးများကို ငယ်စဉ်က အလွန်နှစ်မြိုက် စွဲလန်းစွာ (CRAZY) ဖြစ်ခဲ့ရဖူးလေသည်။ ကိုအံ့ကြီး၏ ပိုင်နိုင်စွာ သီဆိုမှု၊ တေးဖွဲ့သူ၏ ပြောင်မြောက်စွာ စကားလုံး ရေးဖွဲ့မှုတို့သည် ဂန္တဝင်မြောက် သီကုံးရေးဖွဲ့မှုများပင် ဖြစ်ပါသည်။

ငယ်ငယ်က ထိုသီချင်းသံလေးကိုကြားရလျှင် ဝမ်းသာကြည်နူးမှုအပြည့်နှင့် စွဲစွဲလမ်းလမ်း လိုက်ဆိုခဲ့၊ ကျေနပ်ခဲ့ရပါသည်။ မိုးတွင်းကာလ အလွန်ပျော်ရ၊ မိုးရေထဲ ဘောလုံးကန်ရသည်မှာပင် အရသာတစ်မျိုးဖြစ်ခဲ့ရလေသည်။ ယခု အချိန်ကြားရသောအခါ ထိုသို့မဟုတ်ပေ။ အပေါ်မှ သဲကြီးမဲကြီးရွာနေသော မိုးကိုကြည့်လိုက် အောက်မှတရိပ်ရိပ်တက်နေသော ရေကိုကြည့်လိုက်လုပ်ရင်း စိုးရိမ်စိတ်တို့သည် တက်လာသော ဒီရေနှင့်အတူ တထိတ်ထိတ် ဆက်ကာ ဆက်ကာ ဆက်ကာ…။

အချိန်ကား ၁၃၇၄ ခုနှစ်၊ ဝါခေါင်လဆန်း၊ နေရာကား ပဲခူးမြစ်ကမ်းနံဘေး။ သာကေတရှုခင်းသာ ကျောင်းဝိုင်းအတွင်းရှိ အောင်မော်စံ ပရိယတ္တိစာသင်တိုက်ကြီးမှာပေါ့။ အထက်က ခံစားချက်များကို အကောင်းတစ်လီ၊ အဆိုးတစ်လှည့် ခံစားနေမိရပြန်ပေသည်။ ရေဆက်တက်၍ ရေများအခန်းထဲဝင်လာလျှင် ရေစိုမခံနိုင်သော ပစ္စည်းတွေ ရွှေ့ကြ၊ ပြောင်းကြ၊ ရေလွှတ်အောင်ထားရ၊ ရေကျသွားပြန်တော့လည်း ကျောင်းပေါ်မှာ တင်ကျန်နေသော ရေတွေ ပက်ထုတ်၊ ခပ်ထုတ်ရနဲ့ ကျောင်းရှိရဟန်း၊ သာမဏေ၊ ကျောင်းသား၊ ကပ္ပိယ ကာရကအကုန် အလုပ်ရှုပ်ကုန်ကြသည်။ ထိုသို့ မလုပ်မိလျှင်တော့ ဆားငန်ရေထိသော ပစ္စည်းများ ပျက်စီးတတ်လေသည်။ ကျွန်ုပ်၏ စာအုပ်စာတမ်းများပါ သေတ္တာတစ်လုံး ဆုံးရှုံးခဲ့ရသဖြင့် ဆားငန်ရေကို အလွန်နာကျည်းမုန်းတီးမိလေသည်။

ထိုသို့သော အခက်အခဲများကို လွန်မြောက်နိုင်ရန် အောင်မော်စံ ပရိယတ္တိစာသင်တိုက်၏ ပဓာနနာယကဆရာတော် ဘဒ္ဒန္တအာစိဏ္ဏက ဤသို့ မိန့်ခဲ့ဖူးလေသည်။ "ဘုန်းကြီးတို့မှာ ငွေကြေးပေါ်များနေလို့ ကျောင်းဆောက်ရတာ မဟုတ်ဘူး။ ကျောင်းဒကာ၊ ဒကာမ တောင့်တင်းလို့ ဆောက်ရတာလည်း မဟုတ်ဘူး။ နှစ်စဉ် ဒီရေတွေဝင် ကျောင်းတွေပျက်စီးနဲ့ တိုးတက်များပြားလာတဲ့ သောတုဇနစာသင်သားတွေ ချမ်းချမ်းသာသာ သီတင်းသုံးနိုင်ဖို့ မဖြစ်မနေ ကျောင်းဆောက်ရတာပါ" ဟု မိန့်ခဲ့ဖူးပါသည်။

၁၃၇၄ ခုနှစ်၊ ပြာသိုလတွင် မိုးရာသီ၌ ရေအမြဲမြုပ်တတ်သော တစ်ထပ်ဆွမ်းစားကျောင်းငယ်ကို ဖျက်ပြီး လေးထပ်ကျောင်းဆောင်သစ်ကြီးကို ဆောက်လုပ်ရန်ပြင်ဆင်ရလေသည်။ ၁၃၇၃ ခုနှစ် တပို့တွဲလတွင် မတည်ရင်းနှီးနိုင်သော ဒကာများ စုပေါင်းမတည်၍ စတင်အုတ်မြစ်ချကာ ဆောက်လုပ်ခဲ့ရပါသည်။ အဆိုပါ လေးထပ်ကျောင်းကြီးကို သာသနာ တည်သရွေ့တည်နေနိုင်ရန် ခိုင်ခိုင်မာမာလည်း ဆောက်ရပါသည်။ အဘယ့်ကြောင့်ဆိုသော် အရှေ့ဘက်က ပဲခူးမြစ်၊ အနောက်က ရှခင်းသာလမ်းမကြီး နှစ်ခုအကြားတွင် တော်တန်ရုံ ခိုင်မာစွာ ဆောက်၍ မရပေ။ ရှုခင်းသာလမ်းပေါ်တွင် မောင်းနှင်သော သစ်လုံးကား၊ ကုန်တင်ကားများ၏ လှုပ်ခါမှုကြောင့် ကားများခပ်ကြမ်း ကြမ်းမောင်းလျှင် ကျောင်းများပါ တုန်ခါသွားပါသည်။ ကမ်းနံဘေး၏ မြေမတည်ငြိမ်မှု၊ ကားလမ်း၏တုန်ခါမှုခံနိုင်ရည်ရှိမှသာ အဆောက်အဦများ ကြာရှည်ခံမည် ဖြစ်ပေသည်။

ယခုနှစ်သည် ဝါထပ်နှစ်ဖြစ် သဖြင့် ရေကြီး၊ မိုးခေါင်မှုမှာ ရေးစာဆိုများနှင့်အညီရာသီဥတု ဖောက်ပြန်ခဲ့ပါသည်။ ရေပြတ်လပ်မှုရှိသော ဒေသရှိသလို ရေကြီးနစ်မြုပ်သော နေရာဒေသများလည်း ရှိပါသည်။ မြန်မာနိုင်ငံတွင် ရေကြီးနစ်မြုပ်မှုကြောင့် စပါးစိုက်မြေဧက ၅၃၀၀၀၀ ကျော် ရေနစ်မြုပ်ခဲ့ကြောင်း သတင်းဂျာနယ်များမှ တစ်ဆင့်သိရလေသည်။ ထိုသို့သော ရေဘေးဒုက္ခရောက်သူများကို နိုင်ငံတော်သမ္မတ၊ ဒုသမ္မတများနှင့် သဒ္ဓါတရားကြီးမားသော အလှူရှင်များက ရေဘေးသင့်ဒေသများသို့ သွားရောက်၍ မျိုးစပါး၊ ငွေသားနှင့် ကယ်ဆယ်ရေးပစ္စည်းများ သွားရောက်လှူဒါန်းနေသည်ကို မြင်တွေ့ကြားသိရတော့ အဟောဝတအော် ကောင်းလေစွ… တကား ဟု ပီတိသောမနဿဖြစ်ရပါသည်။

ကိုယ့်ထက် ဒုက္ခရောက်သူများကို တတ်စွမ်းသူများက ကူညီ၍ သာဓုအကြိမ်ကြိမ်ခေါ်ဆိုမိသလို၊ အောင်မော်စံ ပရိယတ္တိစာသင်တိုက် ဆောက်လုပ်ရေးအတွက် လှူဒါန်းခဲ့သည့် အလှူရှင်တို့သည်လည်း "ကျန်းမာ၊ ထီပေါက်၊ နိဗ္ဗာန်" ရောက်ဖို့ နေ့စဉ်နှင့်အမျှ ဩဒိဿမေတ္တာပို့သနေလျက်ပါ။ ကျွန်ုပ်တို့တစ်တွေလည်း သူများနည်းတူ ခေတ်မီမီ လူမသိ သူမသိ ရေမြုပ်နေပါသည်။ ကျောင်းဒကာတို့သည် ကျွန်ုပ်တို့၏ ဥဒကဘယံဟုခေါ်သော ရေဘေးသင့်မှုကို ကယ်တင်ပေးခဲ့သော ကယ်တင်ရှင်ကြီးများဖြစ်လေသည်။

မြတ်ဗုဒ္ဓတရားတော်များတွင် အပယ်မကြောက်ခုနှစ်ယောက်ဟု

# KMA Cosmetics ရဲ့ Fairy Tale Collection အလှကုန်ပစ္စည်းမိတ်ဆက်

မြန်မာလေညင်းကုမ္ပဏီက ဖြန့်ချိတဲ့ KMA Cosmetics ရဲ့ Fairy Tale Collection အလှကုန်ပစ္စည်းမိတ်ဆက်ပွဲကို နိုဝင်ဘာ ၈ ရက် ညနေ ၄ နာရီက မန္တလေးမြို့ လမ်း ၈၀ ပေါ်က Yi Shinn Centre မှာ အဆိုတော် အိမ့်ချစ်ရဲ့ တစ်ကိုယ်တော်သီဆိုဖျော်ဖြေမှုနဲ့ အတူ Bee Poison Dancer အဖွဲ့ရဲ့ကြော်ငြာသရုပ်ဖော်အကများနဲ့ တွဲဖက်ပြီးကျင်းပပါတယ်။

ဒီအလှကုန်ပစ္စည်းများနဲ့ပတ်သက်ပြီး မြန်မာလေညင်းကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးကပြောရာမှာ KMA Cosmetics ရဲ့ Fairy Tale Collection ပစ္စည်းလေးတွေကို မိန်းကလေးတိုင်းရဲ့မျက်နှာပြင်ပေါ်မှာ အလှခြယ်ဖို့အတွက် အောက်ခံမိတ်ကပ်ကစပြီး မျက်ဝန်းအလှနဲ့ နှုတ်ခမ်းအလှတွေကို ပိုမိုပေါ်လွင်စေဖို့အတွက် အလှကုန်ပစ္စည်းများ စုံလင်အောင် တင်သွင်းရောင်းချပေးတာဖြစ်တယ်လို့ ပြောပါတယ်။

ဒီပွဲကို တက်ရောက်လာသူများထဲကမှ အလှအပနဲ့ပတ်သက်ပြီး စိတ်ဝင်စားမှုရှိသူတိုင်းကို ထိုင်း


အိမ့်ချစ်နဲ့အတူ အကအဖွဲ့များက ဖျော်ဖြေတင်ဆက်ခဲ့ပါတယ်

နိုင်ငံမှ မိတ်ကပ်ပညာရှင် Mr. Sittichoke Suwanate က တစ်ဦးချင်းစီမိတ်ကပ်လိမ်းခြယ်ပေးခဲ့ပါတယ်။ KMA Cosmetics ရဲ့ မော်ဒယ်လ်အဖြစ် ရွေးချယ်ထားတဲ့ မော်ဒယ်လ်မိုမိုကို မိတ်ကပ် လိမ်းခြယ်ပေးခဲ့ရာမှာတော့ အလှကုန်ပစ္စည်းများနဲ့ပတ်သက်ပြီး အမှတ်တရစကားပြောရာမှာ သူ့ရဲ့မျက်နှာတစ်ခုလုံးကို KMA Cosmetics ရဲ့ Fairy Tale Collection အလှကုန်ပစ္စည်းတွေနဲ့လိမ်းခြယ်လိုက်တဲ့အတွက် အင်မတန်စွဲဆောင်မှုရှိတဲ့ အလှတစ်ခုကို ပိုင်ဆိုင်ခွင့်ရခဲ့ပါတယ်လို့ပြောပါတယ်။ သူ့အနေနဲ့ KMA Cosmetics နဲ့ Magazine Cover မရိုက်ဖို့အစီအစဉ်ရှိပြီး နောင်ကိုလည်း KMA Cosmetics နဲ့ လက်တွဲသွားမှာဖြစ်တဲ့အကြောင်းပြောပါသေးတယ်။ ဒီနေ့ကျင်းပတဲ့ပွဲမှာ တက်ရောက်လာသူများကို အခမဲ့မိတ်ကပ်လိမ်းခြယ်ပေးခြင်းအပြင် အသားအရေစမ်းသပ်ပေးခြင်းနဲ့ အလှကုန်ပစ္စည်းဝယ်ယူသူတိုင်းအတွက် အထူးလျှော့ဈေးများနဲ့ရောင်းချပေးခဲ့ပြီး အဆိုတော် အိမ့်ချစ်ရဲ့ တစ်ကိုယ်တော်သီဆိုဖျော်ဖြေမှုအပြီးမှာတော့ ကံစမ်းမဲအစီအစဉ်အဖြစ် ကံထူးသူများ ရွေးချယ်ပေးခဲ့ပါတယ်။ ■

**နန္ဒ(မန္တလေး)**

# ဖြူဖြူကျော်သိန်းရဲ့ ရှိုးပွဲခံစားချက်

*နိုဝင်ဘာလ ၃ ရက်နေ့က ရန်ကုန်မြို့ ကန်တော်ကြီး မျှော်စင်ကျွန်းမှာ ကျင်းပတဲ့ အန်လင်းန် နို့မှုန့်ရဲ့အနုပညာတင်ဆက်မှု အစီအစဉ်မှာ ဖြူဖြူကျော်သိန်းက ကျန်းမာရေးအကြောင်း ဟောပြောပေးခဲ့သလို သီချင်းများနဲ့လည်း အားရပါးရ သီဆိုပေးခဲ့ပြီး ပရိသတ်များ အားရတဲ့ပွဲတစ်ပွဲဖြစ်ခဲ့တာကြောင့် ဖြူဖြူကျော်သိန်းရဲ့ ရှိုးပွဲခံစားချက်ကို မေးကြည့်ဖြစ်ခဲ့ပါတယ်။*

**ပရိသတ်ကို အားရပါးရ ဖျော်ဖြေပေးလိုက်ရလို့ အရမ်းမောသွားပြီလား။**

မမောပါဘူး။ ပျော်တောင်ပျော်သေးတယ်။ အားရပါးရ ဖျော်ဖြေပေးလိုက်ရလို့ ပင်ပန်းပေမယ့် ကိုယ့်ပရိသတ်အတွက် ကိုယ် ဆိုပြချင်တဲ့သီချင်းတွေ ဆိုလိုက်ရလို့ ကြိုတင်ပြင်ဆင်ခဲ့ရတာတွေကြောင့် မောတယ်လို့ထင်ရတာတွေတောင် အားလုံးပျောက်သွားပါပြီ။ နောက်တစ်ပွဲတောင် ဆက်ကူးရဦးမယ်။

**ဒီပွဲမှာ ဖျော်ဖြေခဲ့တဲ့ ဝတ်စုံကို ဘယ်လိုနာမည်တပ်ရမှာလဲ။ ဘယ်သူက ချုပ်ပေးခဲ့တာလဲ။**

ဒီဝတ်စုံကို ဒီဇိုင်နာ အသစ်တစ်ယောက်က ဖန်တီးပေးထားတာပါ။ ကချင်ဒီဇိုင်နာ ဂျက်လိုင်ဇာပါ။ သူကပဲ အစအဆုံး အကုန်လုံးစဉ်းစားပြီး စီစဉ်ပေးခဲ့တာပါ။ နာမည်ကတော့ ဘာဝတ်စုံလို့ နာမည်မပေးထားပေမယ့် ဖြူဖြူ့ ပရိသတ်အားလုံးအတွက် ဝတ်စုံလို့ ပြောရပါမယ်။ ဒီဝတ်စုံနဲ့ ဆိုဖြစ်တာလည်း *မိန်းကလေးတစ်ယောက် အသည်းကွဲနေသည် စီးရီး* အတွက် *အားလုံးအတွက် သီချင်း*ကို ရှိုးခံစားချက်နဲ့ သီဆိုရိုက်ကူးဖို့ ပြောတာကြောင့် ဒီဇိုင်နာက ဒီသီချင်းနဲ့ လိုက်ဖက်မယ့်ဝတ်စုံ၊ ဦးထုပ်တွေကို အကုန်စဉ်းစားပြီး စီစဉ်ပေးလိုက်တာပါ။

**အခုတွေ့လိုက်ရတဲ့ ဝတ်စုံတွေက ဖြူဖြူ ဒီပြင်ပွဲတွေမှာ ဝတ်နေကျပုံစံ မဟုတ်ဘူးနော်။**

ဟုတ်တယ်၊ ခါတိုင်းဝတ်နေကျပုံစံနဲ့ သိပ်မတူပေမယ့် ဖြူဖြူကျော်သိန်းနဲ့တော့ တော်တော်တူတယ်လို့ ခံစားရတယ်။ နောက်ထပ် အသစ်တင်ဆက်မှုတစ်ခုပေါ့။

**ပရိသတ်က အရမ်းအားပေးကြတဲ့အခါ ပရိသတ်တွေ အားပေးသလောက် ကိုယ် ဆိုရတဲ့အပေါ် အရှိန်တွေ တက်သွားခဲ့ပါသလား။**

ဒီပွဲက အရမ်းအားရဖို့ ကောင်းတဲ့ပွဲပါ။ ဒီနှစ် ရာသီအတွက် ရန်ကုန်မှာ ပထမဦးဆုံး ဖျော်ဖြေဖြစ်တဲ့ပွဲပါ။ ပွင့်လင်းရာသီအဖွင့်ရဲ့ပွဲပေါ့။ နောက်တစ်ခုကလည်း *မိန်းကလေးတစ်ယောက် အသည်းကွဲနေသည် တေးစီးရီး*ထွက်ပြီးတဲ့အခါ သီချင်းအသစ်တွေလည်း ပရိသတ်တွေကို ဆိုပြချင်တာ ကြာပြီ။ ကြားထဲမှာ ဆိုင်ပွဲတို့၊ ပရိမိုးရှင်းတို့၊ ဒင်နာပွဲတို့မှာ ဆိုဖြစ်ပေမယ့် စတိတ်ရှိုး၊ အိုပင်းရှိုးလို ပုံစံမျိုးတော့ တစ်ခါမှ မဆိုရသေးတဲ့အတွက် အခု စတက်တဲ့ပွဲမှာ ဗီစီဒီလည်း ရိုက်ဖြစ်သလို *အဘယ်ကြောင့်ဆိုသော်* သီချင်းဆိုရင် စထွက်ပြီးကတည်းက မဆိုဖြစ်သေးဘူး။ အခု အဲဒီသီချင်းလည်း ဆိုဖြစ်တယ်။ နောက်တစ်ခါ ငှက်ကလေးလို သီချင်းဆိုရင် ဖြူဖြူ့သီချင်းထဲက အပေါက်ဆုံးသီချင်းတစ်ပုဒ်လည်း ဖြစ်တယ်၊ ကျန်တာတွေကတော့ ပရိသတ်နဲ့လည်း အဆင်ပြေအောင် *အတွင်းကြေ*၊ *လမ်းခွဲ* ဒါတွေ ဆိုဖြစ်တယ်။ *လမ်းခွဲ* ကတော့ စင်ပေါ်စတက်ကတည်းက တောင်းထားတဲ့ သီချင်းဖြစ်လို့ပါ။ ပရိသတ်နဲ့ အပေးအယူတည့်တည့် ဆိုရတဲ့အခါ အရမ်းဖီလင်ဖြစ်တယ်။

**ပရိသတ်တွေက လက်ခုပ်တီးအားပေးတာအပြင် အန်လင်းန်ပူဖောင်းတွေပါ တီးပြီးအားပေးကြတာရော၊ နောက်တစ်မျိုး ဘယ်လိုခံစားလိုက်ရသလဲ။**

လက်ခုပ်သံတွေသာမက အန်လင်းန်ပူဖောင်းတွေ လက်နှစ်ဖက်နဲ့ကိုင်ပြီး တီးကြတော့ နားထဲမှာ တစ်မျိုးလေး အသစ်ခံစားလိုက်ရပြီး အမှတ်တရတောင် ထည့်ပြောဖြစ်ပါတယ်။ ကြားနေကျပုံစံ မဟုတ်လို့ပါ။

**ဖြူဖြူကျော်သိန်းအနေနဲ့ ပရိသတ်အတွက် အကောင်းဆုံး၊ အဆန်းဆုံးဖြစ်အောင် လုပ်လိုက်ပေမယ့် ကြိုက်တဲ့သူ အများကြီး ရှိနိုင်သလို တချို့ မကြိုက်တဲ့သူတွေက ဝေဖန်လာခဲ့ရင်ရော....။**

ကိစ္စမရှိပါဘူး။ ဝေဖန်ခွင့်ရှိတယ်ဆိုတာ လူ့အခွင့်အရေးပဲလေ။ ဒါပေမဲ့ အရေးကြီးတာက ဝေဖန်တယ်ဆိုတဲ့နေရာမှာ လူမှုရေးတိုက်ခိုက်တာမျိုး၊ စော်ကားတာမျိုး မဖြစ်ဖို့ဘဲ လိုအပ်တာ။ ဖြူဖြူက ဖျော်ဖြေတဲ့အခါမှာ ပရိသတ်ကို နောက်ထပ်ဘယ်လိုပျော်အောင် လုပ်ပေးရမလဲ။ နောက်ထပ် ပိုပြီးတော့ စိတ်လှုပ်ရှားမှုကို ဘယ်လိုမြင့်တင်ပေးမလဲ ဒါပဲ စဉ်းစားတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဘာမှ ထူးထူးခြားခြား လုပ်မပြနိုင်ဘူးဆိုရင် ပိုက်ဆံပေးပြီးတော့လည်း သွားမကြည့်ချင်ဘူး။ အလကားပြရင်တော့ အချိန်ကုန်ခံပြီး သွားကြည့်ဖြစ်မှာ မဟုတ်ဘူး။ ကိုယ်ကျရင်လည်း အဲလိုမျိုးမှ ကြည့်ချင်တာဖြစ်လို့ စဉ်းစားပြီး နောက်တစ်ခေါက်ပြန်ကြည့်တဲ့အခါ အရင် တစ်ခေါက်ထက် စံချိန်တင်ပြီး ရှိလာကိုစတာလို စိတ်လှုပ်ရှားအောင် မလုပ်ပေးနိုင်ရင် မကြည့်ချင်ဘူး။ ကိုယ်ကိုယ်တိုင် အဲဒီလိုစဉ်းစားပြီး ဒီတစ်ပွဲမှာ တင်ဆက်မှုကို နောက်တစ်ပွဲမှာ မတူအောင် ဘယ်လိုလုပ်ပေးရမလဲ။ ပရိသတ်ကလည်း အားပေးလာတာ ကြာတဲ့အခါ ဒါမျိုးလေးတွေ မျှော်လင့်တယ်၊ တောင့်တတယ်။ ဘာထပ်လုပ်မယ်ဆိုတာ မျှော်လင့်နေကြလို့ အဲဒီအစာအဟာရလေးကို ဖြည့်ပေးချင်တယ်။ ကိုယ်ကိုယ်တိုင်လည်း အဲဒီလိုလုပ်ရ ပျော်လို့ပါ။

**စင်မြင့်ရှေ့မှာ ဖျော်ဖြေရုံနဲ့ ပြီးနိုင်ပေမယ့် ဘာဖြစ်လို့ စင်နောက်ရောစင်ဘေးရော စင်ရှေ့မှာပါ လိုက်ပြီး ဖျော်ဖြေဖြစ်တာလဲ။**

အမှန်တော့ သူတို့အနား နီးနီးကပ်ကပ် ရောက်ချင်တာပါ။ ရှေ့နားမှာ ရှိတဲ့သူတွေဆိုရင်လည်း သံပန်းကာထားတယ်။ ဒီထက်လည်း ဆင်းလို့မရလို့၊ ဟိုဘက်ဘေးက ပရိသတ်တွေကိုလည်း နီးနီးကပ်ကပ် တွေ့ချင်တယ်။ ညမှောင်နေပြီဖြစ်လို့ မီးအလင်းရောင်နည်းတာနဲ့ မတွေ့ရတာလည်းပါတယ်။ ညာဘက်၊ ဘယ်ဘက်ရှိတဲ့ ပရိသတ်အနားကိုလည်း သွားကြည့်ချင်တယ်။ နီးနီးကပ်ကပ် သူတို့က မြင်ချင်ကြသလို ကိုယ်ကလည်း ကိုယ့်ပရိသတ်နဲ့ အနီးဆုံးမှာ ဖြစ်ချင်လို့ပါ။ အနောက်နားမှာ နေပြီးကြည့်ရတဲ့ ပရိသတ်တစ်ယောက်ရဲ့ဘဝကို ခံစားနားလည်လို့ပါ။ ပရိသတ်က သူတို့က အဆိုတော်က မသိပေမယ့် ကိုယ်ရှိတဲ့ဘက်ကို လာပြီးတော့ကိုယ့်ကို ဆိုပြတယ်ဆိုတဲ့ပုံစံ စိတ်ထဲမှာ တစ်သက်လုံး စွဲသွားစေချင်လို့ပါ။ ဒါကြောင့် ပရိသတ်လိုပဲ ခံစားပြီး သူတို့ကို ဘယ်သူမှန်း မသိပေမယ့် အနားကို လာတယ်။ သူတို့ ရှေ့ဆိုပြတယ်။ ကိုယ်ရှိနေတယ်ဆိုတာကို သိတဲ့အလားလာပြီးတော့ ကိုယ့်ကို ဆိုပြတယ်ဆိုတဲ့ ခံစားရတဲ့ ဖီလင်ကို အမြဲတမ်း မမေ့နိုင်သလို ပျော်လည်းပျော်ရမှာ ဖြစ်လို့ပါ။ ပရိသတ်ဘက်က ခံစားပြီး စင်မြင့်လေးဘက် လေးတန် ပရိသတ်တွေဆီ အရောက်သွားပြီး ဆိုပြဖြစ်ခဲ့တာပါ။

*ဖြူဖြူကျော်သိန်းက ပရိသတ်နဲ့အပေးအယူမျှပြီး ပရိသတ်အားပေးမှုကြောင့် ဘယ်လိုခံစားလိုက်ရတယ်ဆိုတာကို သိရှိနိုင်ဖို့ စင်မြင့်ရှေ့ ဖျော်ဖြေပြီးတာနဲ့ ပူပူနွေးနွေး မေးမြန်းခဲ့ခြင်းကို ဖော်ပြပေးလိုက်ပါတယ်။* ■

လင်းနိုင်ဦး



ဖြူဖြူကျော်သိန်းရဲ့ ဖျော်ဖြေတင်ဆက်မှု

# ရွှေမင်းသမီးက စင်တင်မယ့် မင်းသမီး



ကိုသက်၊ သီရိစံနဲ့ မစန္ဒီ

ရွှေမင်းသမီး ရုပ်ရှင်ထုတ်လုပ်ရေးကို တည်ထောင်ပြီး ရုပ်ရှင်ဇာတ်ကားများ တစ်ကားပြီးတစ်ကား ရိုက်ကူးထုတ်လုပ်ပေးနေတဲ့ ကိုသက်၊ မစန္ဒီတို့က သူတို့ ရိုက်ကူးထုတ်လုပ်မယ့် ၃ ကားမြောက် ရုပ်ရှင်ဇာတ်ကားမှာ စာရေးဆရာမ အဆိုတော် သီရိစံကို စင်တင်ရိုက်ကူးသွားမယ်လို့ သိရပါတယ်။

စာရေးဆရာမ သီရိစံက ပင်တိုင်ဆောင်းပါးများ ရေးသား နေသလို မကြာမီ ထွက်ရှိတော့မယ့် အဆိုတော် တေးရေးဆရာ ဆောင်းဦးလှိုင် စီစဉ်တဲ့ အညတရ သူ့ရဲကောင်း တေးစီးရီးမှာ သီချင်းများ ပါဝင်သီဆိုထားတာဖြစ်လို့ သီရိစံအနေနဲ့ စာရေးဆရာမ၊ အဆိုတော် မင်းသမီးအဖြစ် ရပ်တည်သွားနိုင်တော့မှာ ဖြစ်တယ်လို့ သိရပါတယ်။ သီရိစံက ကြော်ငြာများစွာ ရိုက်ကူးဖြစ်ခဲ့ပေမယ့် ဇာတ်ကား ရိုက်ကူးမှုအနေနဲ့တော့ ပထမဦးဆုံး သရုပ်ဆောင်ဖြစ်မယ့် အစီအစဉ်ဖြစ် တယ်လို့ သိရပါတယ်။

ရွှေမင်းသမီး ရုပ်ရှင်ထုတ်လုပ်ရေးအတွက် တတိယမြောက်ရုပ်ရှင်ဇာတ်ကားကိုလည်း ဒါရိုက်တာကိုဇော်(အရဏ်ဦး)ကပဲ ရိုက်ကူးသွားမှာ ဖြစ်ပြီး ဇာတ်လမ်းကတော့ ရွှေချယ်နေဆဲဖြစ်ကြောင်း ဒေါ်ဝါဝါဝင်းရွှေရဲ့ကထိန်အလှူပွဲကို တက်ရောက်ပါဝင်လှူဒါန်းတဲ့ ရွှေမင်းသမီးရုပ်ရှင်ထုတ်လုပ်ရေးပိုင်ရှင် ကိုသက်က ပြောကြားခဲ့ပါတယ်။ ဒေါ်ဝါဝါဝင်းရွှေရဲ့ ကထိန်အလှူပွဲကို စာရေးဆရာမ သီရိစံလည်း တက်ရောက်ခဲ့တာဖြစ်လို့ အားလုံးကို အမှတ်တရဓာတ်ပုံလည်း ရိုက်ဖြစ်ခဲ့ပါတယ်။ ■

လင်းနိုင်ဦး

# မန်းမြို့က ရဟန်းတော် တစ်ပါးရေးတဲ့ အလွမ်းစာမျက်နှာများ စာအုပ်မိတ်ဆက်



ရှင်းလင်းပြောကြားတဲ့ စာရေးဆရာ အရှင်ဇောတ(ချပ်သင်း)

ဆရာကိုလွမ်းသော တပည့်ကိုချစ်သော ခံစားချက်နှစ်ခုကိုအရင်းတည်ပြီး ရေးသားလိုက်တာပါလို့ဆိုတဲ့ ရဟန်းစာရေးဆရာ အရှင်ဇောတ (ချပ်သင်း)ရဲ့ ဝေဒနာညချမ်းမှ **အလွမ်းစာမျက်နှာများ** စာအုပ်မိတ်ဆက်ပွဲကို မန္တလေးမြို့ရှိ ပုသိမ်ကြီးအနောက်ဖျားမှာရှိတဲ့ နန်းဦးလွင်ရပ်ကွက် မိသားစု ကဖေးဆိုင်မှာ နိုဝင်ဘာ ၆ ရက် နံနက် ၁၀ နာရီက မန္တလေးစာပေ သမားများ စုံစုံလင်လင်နဲ့ ကျင်းပခဲ့ပါတယ်။

ဖြတ်သန်းခဲ့တဲ့ဘဝတစ်လျှောက် တော်စပ်ခဲ့ဖူးတဲ့ဆရာများအား အောက်မေ့သတိရခြင်းနဲ့အတူ စာသင်သားတပည့်ရဟန်းများအပေါ်မှာလည်း စေတနာမေတ္တာအပြည့်နဲ့ အားမလိုအားမရဖြစ်တတ်ကြတဲ့ ဆရာတစ်ယောက်ရဲ့ရင်တွင်းခံစားချက်ကို ရေးသားထားတဲ့စာစုများအရ သိရပါတယ်။

ဒီစာအုပ်ရေးတဲ့စာရေးဆရာဟာ ခေတ်နဲ့လျော်ညီတဲ့ အဆိုးအကောင်း အကျိုးအကြောင်းတွေကို သူရေးတဲ့စာစုများကတစ်ဆင့် စာဖတ်ပရိသတ် သိမြင်လာစေအောင် ရဲရဲဝံ့ဝံ့နဲ့ အကြောက်တရားကင်းမဲ့စွာ ရေးသားထားတာကိုတွေ့ရပါတယ်။ မျက်မှောက်ခေတ်ကာလ ရဟန်းတော်များ လိုက်နာကျင့်သုံးအပ်တဲ့ ဝိနည်းစည်းကမ်းတွေနဲ့ လူတကာတွေလိုက်နာရမယ့် လိုက်နာသင့်တဲ့ဘဝနေနည်းတွေကို ရှင်းလင်းပြတ်သားစွာရေးသားဖြစ်ခဲ့ရတဲ့ အကြောင်းတွေနဲ့ ပတ်သက်ပြီးတော့လည်း "အရည်အချင်းပြည့်၍ စိတ်ကောင်းရှိသော သာသနာ့သားကောင်းများဖြစ်စေချင်သည်" လို့ စာအုပ်ရဲ့စကားဦးမှာ ရေးသားထားပါတယ်။

ဒါ့အပြင် လောကီလူသားများနဲ့ ပတ်သက်ပြီးတော့လည်း လူ့ဂုဏ်သိက္ခာ နဲ့လူ့ကျင့်ဝတ်ကိုတန်ဖိုးထားသော အရည်မီလူသားများဖြစ်စေချင်ပါတယ်လို့ စာရေးဆရာကပြောထားပါသေးတယ်။

စာအုပ်မိတ်ဆက်ပွဲမှာ အခမ်းအနားမှူးအဖြစ် ဆရာမောင်စိုးသစ်(မန္တလေး)ကတာဝန်ယူပြီး စာရေးဆရာကြီးများဖြစ်ကြတဲ့ ဆရာတော်တေဇာလင်း (တက္ကသိုလ်တေဇာလင်း)၊ ဆရာညီစေမင်း၊ ဆရာအနီမောင်၊ ဆရာမြေလတ်မင်းလွင်နဲ့ ဆရာစိုးနိုင်(မန်းတက္ကသိုလ်)တို့က အမှတ်တရအနေနဲ့ မှဒိတာစကားများ ပြောခဲ့ကြပါသေးတယ်။

အခုထုတ်ဝေလိုက်တဲ့ "ဝေဒနာညချမ်းမှ အလွမ်းစာမျက်နှာများ" ဆိုတဲ့စာစုလေးများဟာ စာရေးဆရာ အရှင်ဇောတ(ချပ်သင်း)ရဲ့ ပဌမမြောက်လက်ရာတစ်ခုဖြစ်ပြီး ရာပြည့်(မန္တလေး)စာအုပ်ဆိုင်ကနေ မြန်မာတစ်ပြည်လုံးကို ဖြန့်ချိထားကြောင်းနဲ့ နောက်ထပ်လည်း စာအုပ်တစ်အုပ် ထပ်ထွက်ဖို့အစီအစဉ်ရှိသေးတယ်လို့လည်း သိရပါတယ်။ ■ နန္ဒ(မန္တလေး)

# တေးသံရှင် ခင်မောင်တိုးရဲ့ လက်ရှိအခြေအနေ

စင်ကာပူနိုင်ငံမှာ ကျန်းမာရေးဆေးဝါးကုသမှု ခံယူလျက်ရှိတဲ့ တေးသံရှင် ခင်မောင်တိုးရဲ့ ကျန်းမာရေးအခြေအနေ တိုးတက်ကောင်းမွန်လာကြောင်း သိရှိရပါတယ်။

နိုဝင်ဘာ ၁၀ ရက်နေ့ နံနက်က စင်ကာပူနိုင်ငံသို့ ရောက်ရှိနေတဲ့ တေးသံရှင် ဂျေမောင်မောင်က ဆေးဝါးကုသမှုခံယူလျက်ရှိတဲ့ တေးသံရှင် ခင်မောင်တိုးရဲ့ ကျန်းမာရေးအခြေအနေမှာ ယမန်နေ့ကထက် ပိုမိုတိုးတက်ကောင်းမွန်လျက် ရှိကြောင်း၊ စင်ကာပူနိုင်ငံရှိ မိတ်ဆွေများရဲ့ စောင့်ရှောက်မှုလည်း ရရှိကြောင်း၊ ခင်မောင်တိုးရဲ့ဇနီးလည်း အနီးကပ်စောင့်ရှောက်လျက်ရှိကြောင်း၊ ရန်ကုန်မြို့မှ လိုက်ပါလာတဲ့ ချိုကြည်သာ တေးသံသွင်းမှ မနီလာလည်း မိမိတို့နဲ့ အတူရှိနေကြောင်း၊ ထိုင်းနိုင်ငံ ဘန်ကောက်မြို့ရှိ ဘမ်ရမ်ဂရတ်ဆေးရုံကြီးတွင် ကျန်းမာရေးစစ်ဆေးမှု ခံယူလျက်ရှိတဲ့ ဦးဝင်းငြိမ်းသို့ တယ်လီဖုန်းဖြင့် ဆက်သွယ်အသိပေးချက်အရ အလင်းတန်းဂျာနယ်က သိရှိရပါတယ်။ ■

# ဂင်းနစ်စံချိန်ဝင်တော့မယ့် နဂါးကိုးကောင် လာဘ်ကိုဆောင်



နဂါးကိုးကောင် လာဘ်ကိုဆောင် ပန်းပုရုပ်တု

မန္တလေးမြို့မှာ ဟိုးလေးတစ်ကျော်ကျော်ဖြစ်နေတဲ့ အမရပူရမြို့က နဂါးကိုးကောင်လာဘ်ကိုဆောင် သဘာဝပန်းပုရုပ်တုကြီးကို ဂင်းနစ်စံချိန်ဝင်နိုင်ဖို့အတွက် လျှောက်ထားတင်ပြခဲ့ရာမှာ ဂင်းနစ်စံချိန်အဖွဲ့က စိတ်ဝင်စားမှုရှိတဲ့အတွက်အကြောင်းပြန်ကြားစာတစ်စောင်ပို့လာပါတယ်လို့ သိန်းသန်းအောင် ပန်းပုသမဝါယမအသင်းလီမိတက်ရဲ့အုပ်ချုပ်မှု ဒါရိုက်တာ ဦးသိန်းဝင်းက နိုဝင်ဘာ ၂ ရက်နေ့က အလင်းတန်းဂျာနယ်နဲ့ တွေ့ဆုံစဉ်ပြောပါတယ်။

စက်တင်ဘာ ၂၉ ရက်နေ့က နားလည်တတ်ကျွမ်းတဲ့ ဆရာတစ်ယောက်က အင်တာနက်ကတစ်ဆင့်လျှောက်ပေးခဲ့တာပါ။ အခု အကြောင်း ပြန်စာရနေပါပြီ။ လာကြည့်ကြမယ်လို့ရေးထားပါတယ်။ ဘယ်တော့လောက်လာကြည့်မလဲဆိုတာတော့ မသိရသေးပါဘူးလို့ ဦးသိန်းဝင်းက ပြောပါတယ်။

အကြောင်းပြန်စာထဲမှာပါတဲ့ အချက်အလက်တွေအနေနဲ့ကတော့ လာကြည့်တဲ့အခါမှာ ခရီးစရိတ်တွေလည်း ကုန်မှာဖြစ်တဲ့အတွက် ကုန်ကျစရိတ်တွေနဲ့ ပတ်သက်တာတွေ၊ ဓာတ်ပုံရိုက်ခွင့်တွေစတဲ့သဘောတူညီချက်တော်တော်များများကို လက်သင့်ခံနိုင်ပြီဆိုပါက လာရောက်ကြည့်ရှုလေ့လာပြီး ဂင်းနစ်စံချိန်ဝင်နိုင်မယ် မဝင်နိုင်ဘူးဆိုတာ ဆုံးဖြတ်ပေးမှာဖြစ်တယ်လို့လည်း သိရပါတယ်။

ဂင်းနစ်စံချိန်ဝင်နိုင်ရန် လျှောက်ထားခဲ့ရပုံနဲ့ပတ်သက်ပြီးတော့လည်း မြန်မာ့အနုပညာလက်ရာတွေကို တစ်ကမ္ဘာလုံးသိစေချင်လို့ပါ၊ နောက်တစ်ခုက မြန်မာနိုင်ငံမှာရှိတဲ့ သယံဇာတအလှတရားတွေကိုလည်း မြန်မာပြည်သူတွေသာမကဘဲ နိုင်ငံတကာကိုပါသိစေချင်တဲ့အတွက် လျှောက်ခဲ့တာပါလို့ ဦးသိန်းဝင်းက ဆက်လက်ပြောပါတယ်။

ဒီပန်းပုရုပ်တုကြီးဟာ သက်တမ်း ရာနဲ့ချီပြီး ရှိနေပြီဖြစ်တဲ့ ဝိတောက်ပင်ကြီးတစ်ပင်ရဲ့ သစ်မြစ်ကို အထက်အောက်ပြောင်းပြန်လှန်ပြီး ထုထည်ကိုတော့ သဘာဝအလှတရားအတိုင်း ပျက်ဆီးမှုမရှိစေဘဲ ဖျာထွက်နေတဲ့ အကိုင်းအခက် အလက်တွေကိုသာ နဂါးပုံသဏ္ဌာန်နဲ့တူတဲ့အတွက် နဂါးတစ်ကောင်ချင်းဆီရဲ့ ဟန်ပန်အမူအရာအတိုင်း အနုစိတ်လက်ရာမြောက်စွာနဲ့ ခက်ခက်ခဲခဲထုလုပ်ခဲ့ရပါတယ်လို့လည်း ဦးသိန်းဝင်းရဲ့ပြောပြချက်အရ သိရပါသေးတယ်။

အမြင့် ၉ပေခွဲ လုံးပတ်အချယ် အစား ၁၄ပေခွဲနဲ့ အလေးချိန်သုံးတန်ခွဲရှိတဲ့ ပင်ကိုယ်သဘာဝအနုစိတ်လက်ရာတွေ၊ အတွန့်အခက် အကွေ့အကောက်ပုံသဏ္ဌာန်တွေနဲ့ ဒီသဘာဝသစ်မြစ်ဆုံကြီးကို စစ်ကိုင်းမြို့ရဲ့ တောရွာလေးတစ်ခုကနေ ရရှိလာခဲ့ပြီး ဆန်းသစ်တဲ့စိတ်ကူး အနုပညာတွေနဲ့ သဘာဝအလှတရားမပျက်ဆီးစေဘဲ နှစ်ဝက်ကျော်ခန့် ကြိုးစားပမ်းစား ထုလုပ်ခဲ့ရတယ်လို့ ဦးသိန်းဝင်းက ပြောပါတယ်။

ပင်မကိုယ်ထည်ကြီးမှ ဖြာထွက်နေတဲ့ အကိုင်းအခက်လက်တက်တွေကို နဂါးကိုးကောင်ပျော်မြူးနေတဲ့အသွင်သဏ္ဌာန်နဲ့ ထုလုပ်ထားတဲ့ ဒီပန်းပုရုပ်တုကြီးကို နဂါးကိုးကောင် လာဘ်ကိုဆောင်လို့ အမည်ပေးထားပြီး စိတ်ဝင်စားလို့ လာရောက်လေ့လာကြည့်ရှုလိုတဲ့ ပြည်တွင်းပြည်ပ ခရီးသွားများအနေနဲ့ မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ် ကပ်ကျော်ရပ်ကွက်သစ်၊ သပြေလမ်းနဲ့ စကားဝါလမ်းထောင့်မှာရှိတဲ့ ကမ္ဘာလှည့်ခရီးသွားအမှတ်တရပစ္စည်းအရောင်းဆိုင် သိန်းသန်းအောင် ပန်းပုသမဝါယမအသင်းလီမိတက်မှာ လာရောက်ကြည့်ရှုလေ့လာနိုင်ပါတယ်လို့လည်း အသင်းတာဝန်ရှိသူတစ်ဦးက ပြောပါတယ်။ ■ နန္ဒ(မန္တလေး)



နဂါးကိုးကောင် လာဘ်ကိုဆောင် ပန်းပုရုပ်တု အနီးကပ်မြင်ကွင်း



နဂါးကိုးကောင် လာဘ်ကိုဆောင် ပန်းပုရုပ်တု အနီးကပ်မြင်ကွင်း

# ခံစားချက်များကို ပြောကြားခဲ့ကြတဲ့ ရင်ဖွင့်ပြောကြား သဘင့်စကား

မြန်မာသံတော်ဆင့် ဂျာနယ် အတွဲ ၁၊ အမှတ် ၃၃၊ အောက်တိုဘာလ ၂၇ ရက်နေ့မှာ ထုတ်ဝေခဲ့တဲ့ အပတ်စဉ်ထုတ်ဂျာနယ်ထဲမှာ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းဆွေ(စာရေးဆရာ မောင်သန်းဆွေ(ထားဝယ်)နဲ့ ပြောကြားထားတဲ့ ဆောင်းပါးရှင် အုံ့ခေါင်မင်း မေးမြန်းရေးသားထားတဲ့ အင်တာဗျူးနဲ့ ပတ်သက်လို့ သဘင်သည်ထုတစ်ခုလုံးမှာ ဂယက်ရိုက်သွားခဲ့ပြီး ဒီဖော်ပြမှုကို ကြည့်လိုက်ရင် သဘင်သည်များအတွက် ထိနိုက်စော်ကားသလို ခံလိုက်ရတဲ့အတွက် သဘင်လောကတစ်ခုလုံး ဂယက်ထခဲ့ရပြီး ဒီအကြောင်းများကို မင်းသား၊ မင်းသမီးများနဲ့ သဘင်ပညာရှင်များဘက်က ခံစားချက်များနဲ့ ပြန်လည်ပြောကြားခဲ့ကြတဲ့ 'ရင်ဖွင့်ပြောကြား သဘင့်စကား' အစီအစဉ်ကို နိုဝင်ဘာလ ၅ ရက်၊ နေ့လယ် ၁၂ နာရီအချိန်က ရန်ကုန်မြို့၊ ဆီဒိုးနားဟိုတယ်မှာ ပြုလုပ်ခဲ့ကြပါတယ်။

ရင်ဖွင့်ပြောကြား သဘင့်စကား အစီအစဉ်မှာ ပတ္တမြားကေနိုင်က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပြီး ပတ္တမြားကေနိုင်က မိမိတို့က လုပ်စရာအလုပ်တွေ အများကြီးရှိကြပေမယ့် သဘင်သည်ပဲလုပ်မယ် လို့ ဆုံးဖြတ်ခဲ့ကြပြီး မီးရောင်အောက်ကိုဝင်ကာ မြန်မာ့ဇာတ် သဘင်ကို ပရိသတ်များ စွဲလမ်းနှစ်သက်နေရအောင် ကိုယ်နည်းကိုယ်ဟန်တွေနဲ့ ကြိုးစားခဲ့ကြရင်း ဆက်လက်ရှိတက်ခဲ့ကြကြောင်း၊ သဘင်ပညာရှင်များက နိုင်ငံတစ်နိုင်ငံလုံးကို တောချုံအုံကြား ညလုံးပေါက် သွားရောက်ကပြခဲ့ကြတာဖြစ်ကြောင်း၊ ဒီလိုမြန်မာတစ်နိုင်ငံထဲမှာရှိတဲ့ ညလုံးပေါက် ကပြတဲ့အစီအစဉ်ကို ထမ်းဆောင်လာခဲ့ကြတာ ပျော်ပျော်ရွှင်ရွှင်ဖြစ်ခဲ့ကြပေမယ့် သံတော်ဆင့်ဂျာနယ်မှာ ပါဝင်လာတဲ့ အင်တာဗျူးထဲကလို အဖြစ်အပျက်မျိုး လျော့နိုင်သလောက် လျော့နဲလာအောင် ဝိုင်းဝန်းကြိုးပမ်းရင်း ရင်ဖွင့်စကားများ ပြောကြားကြဖို့ တိုက်တွန်းခဲ့ပါတယ်။

အခမ်းအနားအစီအစဉ်ကို ဇာတ်သဘင်ပညာရှင်များ စုံစုံလင်လင် တက်ရောက်ခဲ့ကြသလို ဇာတ်သဘင်နဲ့ ပတ်သက်တဲ့ ဆက်နွယ်တဲ့ သူများနဲ့စာနယ်ဇင်းများတက်ရောက်ခဲ့ကြတာဖြစ်ပါတယ်။ ဇာတ်သဘင်အနုပညာရှင်များဖြစ်လို့ နယ်မှာသွားရောက် ကပြနေကြရပေမယ့် ဇာတ်သဘင်ကို ထိခိုက်လာတဲ့ အတွက် အသီးသီး ခံစားချက်များကို ပေးပို့ပြီး ရင်ဖွင့်ပြောကြားသဘင့်စကားအစီအစဉ်မှာ ဖတ်ကြားခဲ့ကြတာ ဖြစ်ပါတယ်။

ပထမဦးစွာ မဟာရန်ကုန်စံပြ သဘင်မှ ရွှေတံဆိပ်ဆုရှင် မင်းသားကြီး မိုးဝင်းက သူ့ရဲ့ရင်တွင်းခံစားချက်ကို ဦးစွာတင်ပြပေးပါတယ်။ မိုးဝင်းက သူ့ရဲ့သားနှစ်ဦးဖြစ်တဲ့ ဟန်ဇာမိုးဝင်း၊ အဂ္ဂမိုးဝင်း၊ တင်ဇာမိုးဝင်းတို့ကို စင်မြင့်ထက်မှာ ကပြစေခဲ့ပြီး ပရိသတ်များ အကြိုက်တွေ့ အားပေးနေခဲ့ကြကြောင်း၊ ထို့အတူပဲ ဆွေမျိုးများကလည်း ဇာတ်သမားတွေဖြစ်ကြလို့ သဘင့်သွေးများ စီးဝင်နေတဲ့ ဆွေမျိုးလို့ပြောလို့ရကြောင်း၊ သဘင်သည်များက လူတွေထဲက လူတွေပဲဖြစ်ကြလို့ အမှားမကင်းနိုင်ကြပါကြောင်း၊ ပညာရှိများတောင် သတိဖြစ်ခဲတာတွေရှိတတ်ကြောင်း၊ သဘင်သည်များကို ပြောဆိုခဲ့တဲ့ ပုဂ္ဂိုလ်ကြီးကတော့ ပြည်သူက တင်မြှောက်ထားတဲ့ ယဉ်ကျေးမှု ဒုဝန်ကြီးတစ်ဦးဖြစ်ကြောင်း၊ အရွယ်အားဖြင့် မိမိတို့ဦးလေးအရွယ် ဖြစ်ပါကြောင်း၊ မြန်မာလူမျိုးများဟာ ဂါရဝတရား၊ နိဝါတတရားများ ကြီးကြသူတွေဖြစ်ပါကြောင်း၊ ကြီးသူကို ရိုသေ၊ ငယ်သူကို သနား၊ ရွယ်သူကို လေးစားမှုရှိကြပါကြောင်း၊ ငယ်သူတွေအပေါ် နာမည်တွေတပ်ပြီး ပြည်သူက တင်မြှောက်ထားတဲ့ ယဉ်ကျေးမှု ဒု-ဝန်ကြီး ပြည်သူ့ဝန်ကြီးတစ်ဦးက ပြည်သူပြည်သား အနုပညာသမားများကို ပညာရှိပီသစွာ သိမ်မွေ့နူးညံ့စွာ စည်းရုံးလို့ဆော်ပြီး နိုင်ငံကြီးတည်ဆောက်ရမယ့်အစား မဖွယ်ရာစကားလုံးများနဲ့ သဘင့်ရဲ့သိက္ခာ၊ ဇာတ်သဘင်ပညာရှင်များရဲ့ သိက္ခာများကို နာမည်တပ်ပြီး ရက်ရက်စက်စက် သမိုင်းကြောင်း မကောင်းအောင် သုံးနှုန်းခဲ့သော စကားလုံးများကို သံတော်ဆင့်ဂျာနယ်စာမျက်နှာမှာ တွေ့လိုက်ရသဖြင့် အံ့သြတုန်လှုပ်ဝမ်းနည်းကြေကွဲရပါကြောင်း ပြောကြားခဲ့ပါတယ်။ တိုင်းပြည်ကြီးတိုးတက်အောင် ကြိုးဆောင်နေကြတဲ့အထဲမှာ သဘင်သည်များကလည်း



မဟာရန်ကုန်စံပြသဘင်မှ ရွှေတံဆိပ်ဆုရှင် မင်းသားကြီး မိုးဝင်း

ကိုယ့်ဘက်က တာဝန်ရှိစွာ၊ တာဝန်သိစွာ တိုင်းပြည်သား ကောင်းများပီသစွာ တစ်ပွဲပြီးတစ်ပွဲ ငွေကုန်ကြေးကျခံ၊ အပင်ပန်းခံကာ ကိုယ့်အားကိုယ်ကိုးပြီး ဇာတ်သဘင်လောကကြီး တိုးတက်အောင် အားကြိုးမာန်တက်ကြိုးစားပြီး နိုင်ငံတော်အတွက်၊ ပြည်သူ့အတွက် ကျေးဇူးများကို ပေးဆပ်ကာတစ်ဖက်တစ်လမ်းက ကူညီနေကြသူများဖြစ်ကြောင်း၊ ရိုးရာအမွေအနှစ်ဆိုင်၊ ပြောပါဇာတ်တော်များ၊ ထိုးဇာတ်များ ပြည်သူတွေက ဇာတ်သဘင်ကိုပိုပြီး ဂရုစိုက်လာအောင် ခေတ်ပေါ်တင်ဆက်မှုများ၊ ရိုးရာနဲ့ ခေတ်မီသော ဇာတ်သဘင်များ ပေါ်ထွက်လာအောင် နောင်နှစ် ပေါင်းများစွာ အရွန့်ရှည်စေဖို့ တတ်စွမ်းသလောက် ခယောင်းလမ်းများ ဖြတ်သန်းကာ ကြိုးစားထိန်းသိမ်းလုပ်ဆောင်နေကြကြောင်း၊ ဒါပေမဲ့ အခုတော့ စကားလုံးများနဲ့ သဘင်သည်များရဲ့စိတ်ကို အရိုက်ခံလိုက်ရတဲ့ အတွက် အားလုံးကြေကွဲ ဝမ်းနည်းစွာ ယူကျုံးမရ ခံစားလိုက်ရပါကြောင်း ပထမဦးဆုံး ရင်ဖွင့်ပြောကြားခဲ့ပါတယ်။

အဲဒီနောက်မှာ အားပေးတက်ရောက်တဲ့ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဦးဇင်ဝိုင်းက ဤအခမ်းအနားကို အစည်းအရုံးဥက္ကဋ္ဌတစ်ဦးအနေနဲ့



ဇာတ်မင်းသား ဖိုးချစ်လည်း ရင်ဖွင့်ပြောကြားခဲ့ပါတယ်



ခံစားချက်များကို မှတ်တမ်းမှတ်ရာများနဲ့အတူ ရင်ဖွင့်ပြောကြားတဲ့ ဇာတ်မင်းသား မိုးမင်း

တက်ရောက်လာတာမျိုး မဟုတ်ဘဲသဘင်ကို ချစ်မြတ်နိုးတဲ့ မြန်မာ့ဇာတ်သဘင်ကို အားပေးတဲ့၊ မြန်မာ့ဇာတ်သဘင်ကို အရွန့်ရှည်လိုတဲ့ ရုပ်ရှင်ပညာရှင်တစ်ဦးအဖြစ် တက်ရောက်လာတာဖြစ်ကြောင်း၊ ပထမဦးဆုံး မိမိ ငြင်းဆိုချင်တာက မီဒီယာအမျိုးသမီးတစ်ဦးက ဒီအခမ်းအနားဖြစ်မြောက်လာအောင် ဇင်ဝိုင်းက ဦးဆောင်တာလား၊ ဒါမှ မဟုတ် အရင်တုန်းက ပြန်ကြားရေးဝန်ကြီးတစ်ဦးဖြစ်ခဲ့တဲ့ ဦးကျော်ဆန်းကို ဖြုတ်ထွက်သွားအောင်၊ ရုပ်ရှင်လောကကို ဦးဆောင်ပြီး တိုက်ထုတ်ခဲ့တာဖြစ်လို့ ဒီတစ်ခါလည်း ဒု-ဝန်ကြီးတစ်ဦးကို ဦးဆောင်ကြံစည်တိုက်ခိုက်တယ်ဆိုတဲ့ သတင်းစကားမှာ မဟုတ်ပါကြောင်း၊ မည်သူ့ကိုမှလည်း မတိုက်ခိုက်ခဲ့ကြောင်း ပြောကြားပြီး ပုဂ္ဂလိကဆန္ဒအရ မည်သည့်ပုဂ္ဂိုလ်၊ မည်သည့်အဖွဲ့အစည်းကိုမှ တိုက်ခိုက်ခဲ့တာမျိုး မဟုတ်ဘဲ မိမိတို့ရဲ့ ရည်ရွယ်ချက်က ရုပ်ရှင်၊ သဘင်၊ စာပေ၊ ဂီတလောကသားများ ရသင့်ရထိုက်တဲ့ အခွင့်အရေးများ တရားနည်းလမ်းကျစွာ ရရှိအောင် ဆောင်ရွက်ကြိုးစားခဲ့ခြင်းသာဖြစ်ကြောင်း ပြောကြားပြီး သဘင်လောကသားများအတွက် အားပေးစကားများ ပြောကြားခဲ့ပါတယ်။



မိမိတို့ရဲ့ရည်ရွယ်ချက်က ရုပ်ရှင်၊ သဘင်၊ စာပေ၊ ဂီတလောကသားများ ရသင့်ရထိုက်တဲ့ အခွင့်အရေးများ တရားနည်းလမ်းကျစွာ ရရှိအောင် ဆောင်ရွက်ကြိုးစားခဲ့ခြင်းသာ ဖြစ်ကြောင်း ပြောကြားတဲ့ ဦးဇင်ဝိုင်း

ဆက်လက်ပြီး Asia Fame Media Group မှ ဦးဟိန်းလတ်က ဒီသတင်းစကားကို ဖိုးချစ်က ပြောကြားချိန်မှာ အလွန်အံ့သြသွားခဲ့ရကြောင်း၊ ပြောကြားတဲ့ပုဂ္ဂိုလ်က လေးစားရတဲ့ ဆရာတစ်ဦးဖြစ်နေသလို နူးနူးညံ့ညံ့သိမ်သိမ်မွေ့မွေ့နဲ့ ပြောတတ်တဲ့ ဆရာတစ်ဦးဖြစ်လို့ ပိုပြီး အံ့သြသွားခဲ့ရကြောင်း၊ ဒီအထဲမှာ မေးမြန်းသူ၊ ဖြေကြားသူ၊ ပုံနှိပ်ဖော်ပြသူရယ်လို့ အဆင့်ဆင့်ရှိပေမယ့် ပုံနှိပ်ဖော်ပြဖို့ တာဝန်ယူရတဲ့ အယ်ဒီတာက ဒီလိုစာသားမျိုးကို မဖြုတ်မပယ်ဘဲ ရိုက်နှိပ်ဖော်ပြခဲ့တာ အင်မတန် အံ့သြစရာကောင်းကြောင်း ပြောကြားခဲ့ပါတယ်။

ဆက်လက်ပြီး ဇာတ်မင်းသား ချမ်းသာရဲ့ရင်ဖွင့်ပြောကြားပေးပို့လာတဲ့ စာများကို ဒါရိုက်တာ မောင်မျိုးမင်း(ရင်တွင်းဖြစ်)က ကိုယ်စား ဖတ်ကြားပေးခဲ့ပါတယ်။ စာမျက်နှာ ၄ မျက်နှာကျော်တဲ့ ရင်ဖွင့်လာတဲ့ အထဲမှာ ယနေ့ သဘင်လောကကြီး အင်အားချည့်နဲ့နေချိန်မှာ သဘင်လောကသားများအပေါ် ရုပ်ရှင်၊ ဂီတ ရှိုးပြမော်ဒယ်လ်လေးလောက်မှ နေရာမရ၊ ဥပေက္ခာပြုခံရလေခြင်းလို့ သဘင်လောကသားတို့ အားငယ် သေးသိမ်နေရချိန်မှာ အဘ ဝန်ကြီး ဦးသန်းဆွေရဲ့ ရင်ဖွင့်သံကြောင့် အားအင်ချည့်နဲ့စွာ ရုန်းကန်

## နတ်သျှင်နောင်နှင့် မင်းရဲနရာတို့သားအဖ
# ခင်မြဇင်၏ ဆည်းဆာချိန် တိမ်မိန်းများ

ခင်ပန်နှင်း

မင်းရဲနရာ ဆိုသည်က ရတုဘုရင် နတ်သျှင်နောင်၏သားတော်ဖြစ်သည်။

နတ်သျှင်ကိုသာ တစ်ဘဝလုံးလုံး ရင်းနှီးကျွမ်းဝင်ခဲ့သော်လည်း မင်းရဲနရာကို ခုမှပင် မြင်ဖူးရပါသည်။ မင်းရဲနရာကို မြင်တွေ့ခွင့်၊ ချစ်ခင်နှစ်သက်ခွင့် ပြုခဲ့သည့် စာရေးဆရာမ ခင်မြဇင်ကို များစွာ ကျေးဇူးတင်ပါသည်။

ခင်မြဇင်၏ **ဆည်းဆာချိန် တိမ်မိန်းများ** စာအုပ်ကို သတင်းစာကြော်ငြာများကြောင့် ကျွန်မ စိတ်ဝင်စားခဲ့သည်။ နတ်သျှင်နောင်နှင့် သူ၏ကိုယ်လုပ်တော်တစ်ဦးဖြစ်သော မြင့်ဖုန်းရှိတို့၏ ဇာတ်ကို မူလအခြေတည်ရေးဖွဲ့သည်ဆို၏။ သို့သော်…

သို့သော် ဝတ္ထုတစ်ပုဒ်လုံးလုံးမှာ လွှမ်းမိုးနေသည်က တစ်ဘဝမှာ တစ်ယောက်သာ စွဲလမ်းချစ်မြတ်နိုးတတ်ပါသော နတ်သျှင်နောင်၏ ဓာတုကလျာအပေါ် မပြယ်နိုင်သည့် အချစ်များ။ ထို့နောက် နတ်သျှင်နောင်နှင့် သူ့သားတော် မင်းရဲနရာတို့၏ သားအဖ သံယောဇဉ်။ ဝတ္ထုတစ်ပုဒ်လုံးလုံးကို ထိုချစ်ခြင်းမေတ္တာတွေကသာ ကြီးစိုးနေခဲ့သည်။ မြင့်ဖုန်းရှိ၏ ခံစားမှုနှင့် ရပ်တည်ရသော အခြေအနေတို့က အထက်ပါ အချစ်နှင့် မေတ္တာတို့ကို မကျော်လွှားနိုင်ဖြစ်နေသည်။

**ဆည်းဆာချိန် တိမ်မိန်းများ** သည် ကျွန်မကို ပဲခူးမြစ်၊ ရန်ကုန်မြစ်နှင့် သခွပ်မြစ်ဆုံရာ ပင်လယ်ဝသို့ ခေါ်သွားနိုင်ခဲ့သည်။ သန်လျင် (Syrian) မြို့တည် ဗိသုကာပညာရှင်၏အမည်ကိုခွဲ၍ စီရီယာနိဟု အမည်တွင်ပြီး မြန်မာလို သရယ္ဂိန(သန်လျင်)။ မောင်ထော်လေးလမ်းကို ဗိုလ်ထွန်းပက်လမ်းဟု အမည်မပြောင်းခင်ထိ၊ သန်လျင်မြို့ကို အင်္ဂလိပ်လို Syrian ဟု ပေါင်းခဲ့သည်။ ပုသိမ်ကို Bassein ဟု ပေါင်းခဲ့သည်။ ကာလတစ်လျှောက်လုံး၊ သန်လျင်ကို Syrian ဟု အင်္ဂလိပ်လို ခေါ်ခဲ့သည်။ သရယ္ဂိန ဟူသောအခေါ်မှ သန်လျင်ဖြစ်လာဟန်တူသည်။ သရယ္ဂိန ဆိုကလေးက ချစ်စရာကောင်းလှသည်။

**ဆည်းဆာချိန် တိမ်မိန်းများ** သည် အဓိကအားဖြင့် သန်လျင်ကို အဝဘုရင် ဝင်ရောက်သိမ်းယူသည့် နှစ်လကြာတိုက်ပွဲကို ဦးတည်ရေးဖွဲ့ထားသည်။

ရှေ့ပိုင်းမှာ ရာဇဝင်အခင်းအကျင်းတို့ဖြင့် အခြေတည်ခဲ့သမျှ ထိုမြို့သိမ်းတိုက်ပွဲအတွက်ဖြစ်ရာ အမျိုးသမီး စာရေးဆရာမတစ်ဦးအနေဖြင့် မြို့သိမ်းစစ်ပွဲတစ်ပွဲကို ဤမျှလောက် ပီပြင်လှစွာ မျက်စိထဲမှာ မြင်ယောင်လာရအောင် တစ်ကြောင်းမှ မချန်ခဲ့ချင်သည့်ပြင် ထပ်ဖတ်ချင်ရအောင် ရေးဖွဲ့နိုင်သည့်အတွက် ကျွန်မအနေနှင့် တကယ်ပဲ ချီးကျူးရပါသည်။ ရာဇဝင်နောက်ခံဝတ္ထုအများစုသည် ဝတ္ထုဖတ်ရသည်နှင့် မတူဘဲ ဇာတ်ပွဲကြည့်နေရသလိုမျိုး ခံစားရရာ ကျွန်မအနေနှင့် မနှစ်သက်နိုင်ပါ။ ခင်မြဇင် ဝတ္ထုက ဤသို့မဟုတ်။ မျက်စိထဲမှာ ပင်လယ်ဝ၊ ပဲခူးမြစ်၊ ဒဂုံဘက်၊ မွေ့နန်းကုန်း၊ ကျိုက်ခေါက် ဘုရားမှာ ပုန်းအောင်းစောင့်ဆိုင်း၍ အဝဘုရင်ကို စစ်ကူသော ဒလတော်ကြီးတန်းသားများ၊ သန်လျင်ဈေးထဲက တောင်ငူသားနှင့် ပုသိမ်သူ မယ်နှံတို့ဇနီးမောင်နှံ။ ကျွန်မ အဲဒီခေတ်ကို ရောက်သွားခဲ့သည်။

မြို့သိမ်းစစ်ပွဲ နှစ်လတာ ကာလသည် စာဖတ်သူအဖို့ပါ နှစ်လ ကြာမြင့်ခဲ့သည်။ သန်လျင်မြို့ရိုးကို မြင်ယောင်သည်။ ဒဂုံဘက်ကမ်းက မင်းရဲသီဟသူ(နတ်သျှင်၏ညီငယ်)ကို မြင်ယောင်သည်။

တိုက်ပွဲကြားက မင်းရဲနရာ လုလင်ငယ်ကို မြင်ယောင်သည်။ ဒီကလေးကို စာနာစွာ ပူပင်သောကစိတ်ဖြစ်ရဖို့ သူ့အပေါ်မှာ သူ့အဖေ နတ်သျှင်နောင် ထားရှိသည့် မေတ္တာတရားက အဓိက ကျသည်။ ဖခင်မေတ္တာပီပြင်ခဲ့သဖြင့် မင်းရဲနရာကို စာဖတ်သူအဖို့ အသက်ဝင်စွာ ခံစားရခြင်းဖြစ်သည်။

မြို့သိမ်းတိုက်ပွဲသည် ထိုခေတ်ကာလက စစ်တိုက်ပုံများအတိုင်း စည်းဘောင်မလွတ်စေရဘဲ ရေးဖွဲ့ထားပေရာ။ အချို့သော ရာဇဝင်နောက်ခံဝတ္ထုရေးဆရာတို့၏ ဝတ္ထုပါ စစ်ပွဲများ ဖတ်ရလေတိုင်း ကြည့်ဖူးပြီးသောနိုင်ငံခြား ဂန္ထဝင်ရုပ်ရှင်များမှာပါသည့် စစ်ပွဲများကို မြင်ယောင်




မိသောအဖြစ်မျိုး မဖြစ်ဘဲ မြန်မာ ရာဇဝင်ပါ စစ်ပွဲများကို ကိုယ်မမီလိုက်သော်လည်း မြန်မာ့ခေတ်စစ်ပွဲများ အဖြစ် တွေးထင်ဆင်ခြင်နိုင်သည်။
❑

ဖိလစ်ဒီဗရစ်တို၏ကြင်ယာတော် လှီဇာသည် ပါဝင်ရသည့် အခန်းကဏ္ဍနည်းသော်လည်း လင်းလက်တောက်ပလှသည်။ သူ့တောက်ပမှုကြောင့် ဤဝတ္ထုသည် အမျိုးအမည်မဖော်ပြနိုင်သော ဆွဲဆောင်မှုဖြစ်စေသည်။

ဒီဗရစ်တို၏ ရေတပ်ဗိုလ်ချုပ်ရိုဗေရို အနေအထားနှင့် စရိုက်လည်း အထားအသို မှန်သည်။ ဒီဗရစ်တို၊ ရိုဗေရို၊ လှီဇာ၊ စီရီယာနိတို့ ပေါ်တကေ (ပေါ်တူဂီ) တို့၏ အကျင့်စရိုက်ကိုကောင်းစွာ ပေါ်လွင်စေသည်။

"နတ်သျှင်" ကို အလွန်အမင်း အသားပေး မြှောက်ပင့် ချီးကျူးခြင်း၊ ပြစ်တင်ခြင်းတို့ မပါဝင်။ ရာဇဓာတုကလျာသည် မှိန်ပျော့ပျော့သာ ပါဝင်ရသော်လည်း လင်းလက်စွာ လွှမ်းမိုးနိုင်သည်။

တောင်ငူကို ဒီဗရစ်တို၏ တပ်များထောင်းလမောင်းကြေအောင် ဝင်သိမ်းခြင်းက ဇာတ်၏ ပထမ အင်အားဖြစ်သည်။ ထိုမှ အစပြု၍ နတ်သျှင်တို့ သန်လျင် ရောက်လာသည်။ ပဲခူးမြစ်အတိုင်း လှေကူးတို့၏ သယ်ဆောင်လာခြင်းခံရသည်။ သန်လျင်ရောက်လာတော့… အင်းဝက လာတိုက်ခဲ့ရင် ဟူသော ကြိုတင်ပြင်ဆင်မှုများက ဇာတ်ကို မြင့်ပေးသည်။ လှီဇာ က ဂိုအာ ဘုရင်ထံမှ စစ်ကူအတွက် ဂိုအာသို့ သွားသည်။ လှီဇာ ပြန်ရောက်မလာ။ အင်းဝက စစ်ချီလာပြီး သန်လျင်မြို့သိမ်းစစ်ပွဲ။

စစ်ပွဲအပြီး နတ်သျှင်က ညီတော် နှစ်ပါးဖြစ်သော မင်းရဲကျော်ထင်နှင့် မင်းရဲသီဟသူတို့ နတ်သျှင်၊ မြင့်ဖုန်းရှိတို့ထံ တွေ့ဆုံခန်းမှာ ကြေကွဲဖွယ်ကောင်းလှသလို အင်းဝဘုရင်က နတ်သျှင်ကို စစ်မေးခန်းကလည်း

# Utopia တာဝါမှာ ဖွင့်လှစ်လိုက်တဲ့ ESUS5 Studio

ESUS5 လို့ အမည်ပေးထားတဲ့ Recording & Jemming Studio အသစ်ဖွင့်လှစ်ပွဲကို နိုဝင်ဘာလ ၄ ရက်နေ့ ညနေ ၄ နာရီအချိန်က အဆိုပါစတူဒီယိုတည်ရှိရာ ရန်ကုန်မြို့၊ ဗိုလ်ချုပ်ပန်းခြံဝင်း အတွင်းရှိ Utopia တာဝါ ပထမထပ်မှာ ကျင်းပခဲ့ပါတယ်။

စင်ကာပူမှာ သွားရောက်ပညာသင်ကြားကြရင်း အလုပ်တွေ လုပ်ဖြစ်နေတဲ့ သူငယ်ချင်းတစ်စုက ပူးပေါင်းဖွင့်လှစ်တာဖြစ်ပြီး စင်ကာပူမှာ Main Studio ကြီးများအပြင် အသံလေ့ကျင့်နိုင်ဖို့ Jemming Studio များပါ ဖွင့်လှစ်ပေးထားတာကြောင့် လူငယ်များအနေနဲ့ စတူဒီယိုကြီးတွေကို မသွားနိုင်ရင်တောင် Jemming Studio လို အသံလေ့ကျင့်တဲ့အခန်းမျိုး မြန်မာပြည်မှာ လုပ်ပေးလိုက်နိုင်ရင် ဘယ်လောက်ကောင်းမလဲလို့ စဉ်းစားပြီး စင်ကာပူမှာ တွေ့ခဲ့ရတာတွေကို မြန်မာလူငယ်များအတွက် အခွင့်အရေးတစ်ခု လုပ်ပေးချင်တဲ့ဆန္ဒနဲ့ ဖွင့်လှစ်ဖြစ်တာဖြစ်ကြောင်း သိရပါတယ်။ ဒီလိုလုပ်ဖို့ တိုင်ပင်ကြတဲ့အခါ IC အဖွဲ့က ကိုခင်မောင်သန့်ကလည်း အားပေးခဲ့လို့ အသစ်အဆန်း တစ်ခုအနေနဲ့ အရင်တုန်းက မြန်မာပြည်ကို ကာရာအိုကေတင်သွင်းလာသလိုမျိုး ဖြစ်စေချင်လို့ ဒီအစီအစဉ်ကို အကောင်အထည်ဖော်ဖြစ်တာ ဖြစ်တယ်လို့ ပါဝင်တဲ့ ကိုမျိုးသော်တာဝင်းက ပြောပြခဲ့ပါတယ်။

ESUS5 Studio က အစီအစဉ်တွေအများကြီး လုပ်ပေးသွားဖို့ စီစဉ်ထားပေမယ့် လောလောဆယ်မှာတော့ Jemming Studio နဲ့ Recording Studio ကို အရင်ဆုံးဖွင့်လှစ်ဖြစ်တာကြောင့် Recording အနေနဲ့ ပရော်ဖက်ရှင်နယ်အဆိုတော်တွေ၊ ဂီတသမားတွေအတွက် Recording လုပ်ဖို့ အကောင်းဆုံး စီစဉ်ပေးထားသလို Jemming Studio ဆိုတာက မြန်မာပြည်အတွက် အသစ်လို ဖြစ်နေသေးတဲ့အတွက် ဂီတလောကထဲကို စဝင်ချင်တဲ့ လူငယ်များအတွက် "အိပ်မက်ဆုံရာ"လို ပြိုင်ပွဲတွေကျင်းပနေတဲ့အချိန်လည်းဖြစ်လို့ လိုအပ်နေတဲ့ ကွက်လပ်ကို ဖြည့်ပေးနိုင်မယ့် တိုက်ဆိုင်မှုလည်း ဖြစ်သွားနိုင်ပါတယ်လို့ သိရပါတယ်။ ငွေကြေးတတ်နိုင်ပေမယ့် တေးဂီတတစ်ဖွဲ့လုံး အိမ်မှာပဲ တီးကြမယ်ဆိုရင်တော့ ပတ်ဝန်းကျင်က ရှိသေးတဲ့အတွက် လူငယ်တွေ မြို့ထဲနဲ့လည်း နီး၊ အဆင်ပြေမယ့်




ESUS5 Studio တည်ထောင်ကြသူများနဲ့ IC မှ ခင်မောင်သန့်ကို တွေ့ခဲ့ရပါတယ်

နေရာလေးတစ်ခုရွေးပြီး သင့်တင့်တဲ့ဈေးနှုန်းနဲ့ပဲ သူတို့နှစ်သက်တဲ့ဂီတကို လုပ်ဆောင်နိုင်ဖို့ စီစဉ်ပေးထားတယ်လို့သိရပါတယ်။ အဲဒီအခါမှာ ဒီနေ့လူငယ်တွေ တတ်နိုင်မယ့် ဈေးနှုန်းနဲ့ သတ်မှတ်ပေးထားပြီး အနည်းဆုံးတော့ မုန့်ဖိုးတစ်ထောင်စီ ရကြမယ့် လူငယ်များ သူတို့နဲ့ မအပ်စပ်သေးတဲ့ ဘီယာနှစ်ခွက်သွားသောက်ကြမယ့်အစား သူငယ်ချင်းငါးယောက်စုပြီး ESUS5 ကိုလာပြီး ဒရမ်၊ ဂစ်တာ အစုံနဲ့ဆိုတဲ့သူကဆို၊ တီးတဲ့သူကတီးကြရင် သူတို့ဘဝအတွက် သူတို့မျှော်လင့်တဲ့ တိုးတက်ရာတိုးတက်ကြောင်းလမ်းကြောင်းအစတွေ ဖြစ်သွားစေချင်သလို ဒီမှာလေ့ကျင့်ပြီး ဒီလေ့ကျင့်မှုတွေနဲ့ အဆိုပြိုင်ပွဲ ဝင်ပြိုင်နိုင်ဖို့၊ အဖွဲ့လိုက်အဆိုပြိုင်ပွဲများပါ ESUS5 က ကျင်းပပေးသွားဖို့ အစီအစဉ်များရှိတယ်လို့ သိရပါတယ်။

ESUS5 Studio မှာ ခေတ်မီစက်သစ်ကြီးများကို တပ်ဆင်ပေးထားသလို ဂီတပိုင်းဆိုင်ရာ ပစ္စည်းများကိုလည်း အသစ်များ ဆင်ယင်ပေးထားတယ်လို့ သိရပါတယ်။ ဒီလိုစက်အသစ်များချည်း တပ်ဆင်ပေးထားရတာက ဒီနေရာကို လာရင် စင်ကာပူမှာလို့ ခံစားရမယ့် ဖီလင်မျိုး ရစေချင်လို့ နေရာအနေအထားကောင်းတွေ၊ စက်အသစ်များချည်း သုံးရတာဖြစ်တယ်လို့ သိရပါတယ်။ ဒါ့အပြင် ဒီနေရာမှာ လေ့ကျင့် အသံသွင်းယူရုံ တင်မက ရုပ်ရှင်ဗီဒီယိုဇာတ်ဝင်ခန်းများ ရိုက်ကူးနိုင်ဖို့ပါ စီစဉ်ပေးထားတယ်လို့ သိရပါတယ်။

■

လင်းနိုင်ဦး

နာကျည်းစရာ။

သန်လျင်မြို့၏ ဘုရင်ကျိ ဘုရားကျောင်းသည် သင်္ဘောပုံစံဆို၏။ ကျွန်မ စိတ်ထဲမှာ သန်လျင်မြို့၏ ဆေးရုံအနီး အထက ၂ ဘုရားကျောင်းလား ထင်မိသည်။ မွေ့နန်းကုန်းကတော့ ရှိသေးသည်။ နတ်သျှင်၏ စံအိမ်မှာ အဆိုပါ မွေ့နန်းကုန်းမြင့်မှာ ရှိသည်။ အကောက်ဆိပ်ကတော့ သီတာသင်္ဘောဆိပ်ဖြစ်ပါလိမ့်မည်။ သတ္တုလဟူသည့် ရွာမှာ ဒေါ်ကြည်ကြည်ဌေး၊ ဦးမြင့်အောင်တို့၏ဇာတိဖြစ်ပြီး သန်လျင်နှင့် ပဲခူးကြားမှာရှိရာ ဝတ္ထုပါ သတ္တုလမှာ ယခု သတ္တုလပင် ဖြစ်လိမ့်မည်။

ခင်မြဇင်၏ **ဆည်းဆာချိန် တိမ်နီများ** ဝတ္ထုတွင် စိတ်ဝင်စားဖွယ်ရာ ဇာတ်ဝင်ခန်းများ၊ ကျွန်မအဖို့ ခံစားရပေရာ ပထမ အခန်းမှာ ခရစ္စမတ်ပွဲကျင်းပခန်းဖြစ်သည်။ ဖိလစ်ဒီဗရစ်တို (ဇင်ကာကူ)၏ စံအိမ်တွင် ကျင်းပသည်။ ဇင်ကာကူနှင့် နတ်သျှင်တို့က လက်ဆောင်များပေးကြသည်။ တပ်ဗိုလ်တပ်သားတစ်ဦးချင်းစီကို ဖြစ်သည်။ မင်းရဲနရာလေး ၁၃ နှစ်ရွယ်ဖြစ်သည်။ ပေါ်တကေ စစ်ဝတ်စုံအောက်တွင် တသွေးတမွေးဖြစ်နေပြီး နတ်သျှင် ငယ်ငယ်က အတိုင်းလှပ တင့်တယ်လှသည်။ နတ်သျှင်မှာ သူ့သားတော်ကို ကြည့်ရင်း မြူးရွှင်နေသောတေးသံများက အနောက်တိုင်းတေးသွားများဖြစ်စေရာ ဗမာ့ထီးနန်းနှင့် အလှမ်းကွာလှခြင်းက နတ်သျှင်၏ နှလုံးသားကို ဆွဲခြေမွနေသလို ခံစားရပါ၏။

တစ်ကွန်းဖြစ် ပိုးထည်ကတ္တီပါထည် ဂါဝန်ရှည်များနှင့် (ပေါ်တူဂီ) ပေါ်တကေများစွာလည်း ပုလဲ၊ နီလာ၊ စိန်၊ ဥဿဖရား စသည့် လက်ဝတ်ရတနာများဖြင့်…။ ရိုဗေရိုကတော်မှာ ခပ်ထည်ထည် ကိုယ်လုံးထွားထွားကြီးဖြစ်ပြီး ရင်ညွန့်ဖော်ထားသော တက်တင်းဇာဖောက် ဂါဝန်ပန်းရောင်ကို ဝတ်ဆင်ထားသည်။

အင်ဂျင်နီယာကတော် အာမေးနီးယန်းမကတော့ ဘုရင့်ကတော် ငယ်ငယ်ချောချောလေး(မြင့်ဖုန်းရှိမဟုတ်၊ ခင်မျိုးဆွေဖြစ်သည်)ကို ကြည့်ရင်း သူ ထိုးလက်စ ဇာအင်္ကျီကို လက်ဆောင်ပေးဖို့ စဉ်းစားနေသည်။ ပြင်သစ်ဘုန်းတော်ကြီးမှာ နာတာလူး ညစာစားပွဲတွင် အင်ဂျင်နီယာနှင့် ဗိုလ်ချုပ်၊ ဗိုလ်မှူးကြားတွင် ထိုင်ရင်း စစ်သတင်းကို နားစွင့်နေသည်။ ဒတ်ချ်တို့ကို ရခိုင်ဘုရင်က မြှောက်ပေးပြီး ပေါ်တကေအရေးမှာ ပါဝင်စေခဲ့ပြီ။

ကျွန်မ နှစ်သက်မိသော နောက်တစ်ခန်းမှာ ဝတ်ပြုဆုတောင်းပွဲဖြစ်သည်။

ဘုရားရှိခိုးကျောင်းမှာ သင်္ဘောပုံ အဆောက်အအုံဖြစ်သည်။ ဝတ်ပြုရန် ခန်းမကြီးမှာ ကြီးမားကျယ်ပြန့်လျက် ဇရာမဖယောင်းတိုင်ကြီးများနှင့် ဖန်မီးဆိုင်းများ၏ တလက်လက်တောက်ပနေသော မီးရောင်များက မယ်တော်နှင့် သားတော် ရုပ်တုပေါ်သို့ ကျဆင်းနေရာ စကျင်ကျောက်ဖြင့် သွန်းလုပ်ထားသည့် ရုပ်ထုမှာ အသက်ဝင်လွန်းလှသည်။

တောင်ငူကို
ဒီဗရစ်တို့၏တပ်များ
ထောင်းလမောင်း
ကြေအောင်
ဝင်သိမ်းခြင်းက
ဇာတ်၏ ပထမ
အင်အားဖြစ်သည်။
ထိုမှ အစပြု၍
နတ်သျှင်တို့
သန်လျင်
ရောက်လာသည်။
ပဲခူးမြစ်အတိုင်း
လှေကူးတို့၏
သယ်ဆောင်လာခြင်း
ခံရသည်။
သန်လျင်
ရောက်လာတော့…
အင်းဝက
လာတိုက်ခဲ့ရင်
ဟူသော
ကြိုတင်
ပြင်ဆင်မှုများက
ဇာတ်ကို
မြင့်ပေးသည်။

ဘုရားကျောင်းမှ ရုပ်တုများသည် နတ်သျှင်ကို ဖမ်းစားနေခဲ့သည်။

မျက်နှာကျက်မှ နံရံဆေးရေးတို့သည်လည်း လက်ရာကောင်းမွန်လှသဖြင့် သူ့နှန်းတော်ကို ပြန်လည်တည်ဆောက်ပါက ထိုသို့သော လက်ရာများပါ ထည့်သွင်းတည်ဆောက်ဖို့ စိတ်ကူးမိသည်။ ထို့ပြင် ဆာလံကျမ်းပါ ဆော်လမွန်ဘုရင်ကြီး ဖွဲ့သီကုံးသော ကဗျာ လင်္ကာတို့ကိုလည်း နှစ်သက်မဆုံးဖြစ်ရသည်။ ထိုသို့ အနုလက်ရာတို့ကို တန်ဖိုးထားတတ်သဖြင့် ဖိလစ်ကလည်း သူ့ကို အထင်ကြီး လေးစားခဲ့သည်။

အစ်မတော်သာ သက်ရှိထင်ရှားရှိနေသေးလျှင် ပေါ်တကေတို့လက်တွင် နန်းကျဘုရင် ဘဝနှင့် ဘုရင်ကျိကျောင်းနံရံပန်းချီများ ရုပ်တုများကြား ဝတ်ပြုဆုတောင်းပွဲလာ ပရိသတ်တို့ကြားမှ သူ၏ မောင်တော်အဖြစ်ကိုသာ မြင်လျှင် ဘယ်လိုခံစားရရှာလေမလဲ။ ရင်ကွဲရှာလေမည်လား၊ ရာဇဓာတုကလျာ အစ်မတော်ဘုရား။

ထို့နောက် ကြေကွဲစရာ အခန်းတစ်ခန်းမှာ အင်းဝဘုရင်က နတ်သျှင်ကို ဖမ်းမိ စစ်မေးသော အခန်းဖြစ်သည်။

စာတစ်စောင်က နတ်သျှင် ကို တစ်မျိုးတစ်ဖုံ ဖြစ်ပေါ်စေသည်။

နတ်သျှင်က ဖိလစ်ဒီဗရစ်တိုထံ ရေးသောစာမှာ တောင်ငူကို လာတိုက်ပြီး ဥပါယ်တံမျဉ်ဖြင့် သူ့ကို ခေါ်ရန်မဟုတ်ပါ။ တောင်ငူ၊ သန်လျင်၊ မုတ္တမ၊ ယိုးဒယားတို့ အားဖြင့် အဝ(အင်းဝ)ကို တော်လှန်ရန်ပါတည်း။ ရာဇဝင်သည် အဘယ်ကြောင့် သူရေးသလို ဖြစ်မလာဘဲ ပြောင်းလဲရပါသနည်း။ ဖိလစ်အလိုအရမူ တောင်ငူကိုကူချင်သော်လည်း မုတ္တမသားနှင့် ရိုဗေရိုတို့က တောင်ငူကို ကူဖို့အားမပေးခဲ့။ တောင်ငူကို ခြေမှုန်းပြီး အမြတ်ထုတ်ဖို့သာ ကြိုးစားခဲ့ကြသည်။

နတ်သျှင်က သူ့အတွက်မှားခဲ့ပုံကို တွေးနေသည်။ ခုတော့ စစ်မြေပြင်မှာ မသေဘဲ ရန်သူ့လက်ချက်ဖြင့် သေဆုံးရတော့မည်။ သူ့စိတ်အာရုံတွင် ဟံသာဝတီ စုဖုရားကို မြင်ယောင်လာသည်။ ဘဝတွင် အသက်ရှင်ခဲ့ရသည့် အချိန်ကာလတိုတောင်းသော်ငြား ဟံသာဝတီ စုဖုရားအစ်မတော်ကို ချစ်ခဲ့ရခြင်းနှင့် ပိုင်ပိုင်ထွေးပွေ့ခွင့်ရရှိခဲ့ခြင်းသည်သာ သူ့ဘဝ၏တန်ဖိုးအရှိဆုံးအချိန်များပါ။ ❑

နေလုံးကြီးက ပင်လယ်ဝမှာ ငုပ်လျှိုးမသွားမီ နောက်ဆုံး ရောင်ခြည်တို့က ပဲခူးမြစ်နှင့် လှိုင်မြစ်တို့ဆုံရာ ပင်လယ်ရှိ လှိုင်းတို့ပေါ်တွင် တဖျပ်ဖျပ် လက်နေစဉ် နတ်သျှင် သေဆုံးခဲ့လေသည်။

သူ၏ စိတ်ဝိညာဉ်ကိုကား သင်တို့ မစိုးပိုင်နိုင်ပါဟု ဆိုသွားခဲ့သူ နတ်သျှင်၏ အသည်းနှလုံးကို သူ့ရင်မှ ခွဲထုတ်လျက် သီးခြား မြှုပ်နှံခဲ့ကြလေပြီ။ ပဲခူးမြစ်ပြင်ကား သွေးကဲ့သို့ နီခဲ့ပြီ။

လှိုင်းတို့သည်လည်း ခုန်လျက်။ ■

ခင်ပန်နှင်း

# CHATRIUM Hotel က ပြုလုပ်မယ့် မင်္ဂလာဝတ်စုံပြပွဲ


CHATRIUM မှ တာဝန်ရှိသူ သဉ္ဇာမြတ်မွန်


တင်မိုးလွင်


မိတ်ကပ်_ တိုးတိုး


Eve 500 မှ တာဝန်ရှိသူ

CHATRIUM Hotel Royal Lake Yangon ရဲ့ နှစ်စဉ်ကျင်းပနေကျ ဖြစ်တဲ့ CHATRIUM Dream Wedding Fair 2012 ကို ၂၀၁၂ နိုဝင်ဘာ ၂၄ ရက်၊ စနေနေ့မှာ CHATRIUM Hotel ရဲ့ Ngapali Pool Garden မှာ ညနေ ၃ နာရီမှ ည ၉ နာရီအထိ ပြုလုပ်မှာဖြစ်ပါတယ်။

၂၀၁၂ အတွက် ခေါင်းစဉ်ကို One and Only မင်းတစ်ယောက်သာလို့အမည်ပေးထားပြီး Wedding Fair နေ့မှာ CHATRIUM Hotel နဲ့တကွ မင်္ဂလာပွဲနဲ့သက်ဆိုင်တဲ့ ဆိုင်ခန်းပေါင်းများစွာ ပါဝင်ပြသကြမှာ ဖြစ်ပါတယ်။ အစီအစဉ် ၁ အနေနဲ့ ညနေ ၃ နာရီမှာ Lanopearl (Australia) မှ အသားအရေထိန်းသိမ်းမှု လက်တွေ့ပြသမှုနဲ့ ကုန်ပစ္စည်းသစ်မိတ်ဆက်တဲ့ အစီအစဉ်၊ URS&inc Singapore ရဲ့လှပခန့်ညားတဲ့ဖိနပ်များကို မိတ်ဆက်ပြသတဲ့ အစီအစဉ်တို့ကို တင်ဆက်မှာဖြစ်ပါတယ်။ ဒါ့အပြင် ၂၀၁၂ အစီအစဉ်မှာမှ ထည့်သွင်းထားတဲ့ Dream Couple Contest "စိတ်ကူးအိပ်မက်မင်္ဂလာမောင်နှံရွေးချယ်ပွဲ" ကို ကျင်းပပေးမှာ ဖြစ်ပါတယ်။ ဒီအစီအစဉ်မှာ ပါဝင်ယှဉ်ပြိုင်လိုသူများက တကယ့်မင်္ဂလာမောင်နှံများမဟုတ်လည်း ယှဉ်ပြိုင်နိုင်ပြီး နိုဝင်ဘာ ၁၉ ရက် နောက်ဆုံးထားပြီး Talents & Models (၀၁-၃၉၁၃၇၄) ကို ဆက်သွယ်စုံစမ်းစာရင်းပေးနိုင်ပါတယ်။

ညနေ ၆ နာရီမှာတော့ One and Only အစီအစဉ်ကို Talents & Models က စီစဉ်တင်ဆက်မှာ ဖြစ်ပါတယ်။ ဒီအစီအစဉ်မှာ မိတ်ကပ်တိုးတိုး(Best Make-Up Artist Asia Award), ခင်စန်းဝင်း(သတို့သမီးမိတ်ကပ်နှင့် မင်္ဂလာဝတ်စုံ)၊ Forever Wedding Dress; Photo Studio & Video နဲ့ ဒီဇိုင်နာ ပြည့်စုံအောင်တို့ရဲ့ ဂန္ထဝင်မြောက်လက်ရာများဖြစ်တဲ့ နောက်ဆုံးပေါ် မင်္ဂလာဝတ်စုံများကို နာမည်ကြီးသရုပ်ဆောင်များ အပါအဝင် Talents & Models မှ မော်ဒယ်လ်များက ပါဝင်ပြသမှာဖြစ်ပါတယ်။

CHATRIUM Dream Wedding Fair 2012 အတွက် Eve 500 မှ Platinum Sponsor အဖြစ် အဓိကပံ့ပိုးကူညီထားပြီး Forever Wedding Dress, Photo Studio & Video, Lanopearl (Australia), စိန်နဲ့မြမွေ့ရာပရိဘောဂနဲ့ URS & inc Singapore တို့က Gold Sponsor များအဖြစ် ပံ့ပိုးကူညီပေးထားပါတယ်။

CHATRIUM Hotel မှာ ၂၀၁၂ နိုဝင်ဘာ ၁ ရက်မှ ၂၄ ရက်အထိ Booking တင်သူများကို ကံစမ်းမဲဖွင့်လှစ်ပေးသွားမှာဖြစ်တယ်လို့ သိရပါတယ်။ ■

ခင်လေးမြင့်

# စိုးညီအစ်မများ၏ ဆန်အိတ် ၁၀၀ လှူဒါန်းမှု


ကိုလူချောတို့အဖွဲ့ကို စိုးညီအစ်မများက ကိုယ်တိုင်ကိုယ်ကျ လှူဒါန်းခဲ့ပါတယ်

ကိုလူချောအဖွဲ့ကို လစဉ်ဆန်အိတ် ၁၀၀ လှူဒါန်းကြရာမှာ နိုဝင်ဘာလမှာတော့ စိုးမြတ်သူဇာ၊ စိုးမြတ်နန္ဒာ၊ စန္ဒီမြင့်လွင်နဲ့ စိုးပြည့်သဇင်တို့က လှူဒါန်းခဲ့ပါတယ်။ စိုးညီအစ်မတွေ တစုတစည်းထဲ လှူဒါန်းကြတာဖြစ်ပြီး အနုပညာရပ်ရှင်လောကသားအချင်းချင်း ကူညီရတဲ့အတွက် စိုးညီအစ်မတွေ အားလုံးက ကြည်နူးဝမ်းသာဖြစ်ကြရပါတယ်။ "ညီအစ်မ လေးယောက်စလုံး ဆုံဖို့က မလွယ်ဘူး။ နှစ်ယောက်ဆုံလိုက်၊ သုံးယောက်ဆုံလိုက်ပဲရှိတာ၊ ဒီလိုညီအစ်မလေးယောက်ဆုံပြီး အလှူတစ်ခုလုပ်ဖြစ်တာ ရှားတယ်။ အဲဒီအတွက် ပျော်ပါတယ်"လို့ စန္ဒီမြင့်လွင်က ဆိုပါတယ်။ စိုးပြည့်သဇင်ကလည်း ရုပ်ရှင်အနုပညာရှင်အချင်းချင်းဖြစ်တဲ့ ကိုလူချောအဖွဲ့အတွက် တကယ်လိုအပ်ချိန်မှာ လှူဒါန်းရတာကြောင့် အတိုင်းမသိ ဝမ်းသာတယ်လို့လည်း ပြောပါတယ်။ စိုးမြတ်နန္ဒာကလည်း ရုပ်ရှင်လောကသားအချင်းချင်းအတွက် အဆင်ပြေရင်ပြေသလို လှူဒါန်းနေတာပါ။ ဒီလိုသီးသန့်အနေနဲ့ လှူဒါန်းတာမျိုးမရှိဘဲ တကယ့်ကို လိုအပ်တဲ့ နေရာမှာ လှူဒါန်းရတာကြောင့် ဝမ်းသာရသလို ဒါဒါတို့လို ***စာမျက်နှာ(၁၂)သို့...***


စိုးညီအစ်မများရဲ့ အလှူ


အလှူရှင် စိုးမြတ်နန္ဒာ


အလှူရှင် စန္ဒီမြင့်လွင်


အလှူရှင် စိုးပြည့်သဇင်



# လက်ငင်းငွေသားဆုငွေ ကံထူးရှင်ကြီးများ

**DRINK More! GR WIN More!**

# LUCKY $ MONEY DRAW

**OCTOBER 2012 - JANUARY 2013**



## ကျပ်ဆယ်သိန်း ကံထူးရှင်

ဒေါ်ရင်ရင်မေ

ရွှေပြည်သာ၊ ရန်ကုန်တိုင်း

**ကံထူးရှင်များအတွက် GR Lucky Money Draw အစီအစဉ်မှ ဂုဏ်ပြုအပ်ပါသည်။**

## ကျပ်တစ်သိန်း ကံထူးရှင်များ

| | | | |
|---|---|---|---|
| ၁။ ဦးလှသိန်း ( ပေါက်ခေါင်းမြို့ ၊ ပြည်) | ၁၆။ ဦးလှသန်း (ဘုရားကြီးဈေး၊ မန္တလေး) | ၃၁။ ဒေါ်တင်မြို့ (စံပြလမ်း၊ ရေတာရှည်၊ တောင်ငူ) | ၄၆။ မဝင်းချစ်စန္ဒာ ( ဗိုလ်တစ်ထောင်၊ ရန်ကုန်တိုင်း ) |
| ၂။ ဦးဝင်းဇော် ( ပေါက်ခေါင်းမြို့ ၊ ပြည်) | ၁၇။ ကိုမောင်နိုင် (ကျောက်ဆည်၊ မန္တလေး) | ၃၂။ ဒေါ်သန်းသန်း ( ညောင်ပင်လေးဈေး၊ ရန်ကုန်) | ၄၇။ ဒေါ်ယမင်းစိုး ( အောင်မင်္ဂလာရပ်ကွက်၊ ပျဉ်းမနား) |
| ၃။ မတင့်တင့်ထွန်း (မြောက်ဥက္ကလာ၊ ရန်ကုန်တိုင်း) | ၁၈။ ဦးသစ်လွင် (မှော်ဘီ၊ ရန်ကုန်တိုင်း) | ၃၃။ မနီနီလှိုင် (ဒေါ်ဒမရပ်၊ လှိုင်ကော်) | ၄၈။ ဒေါ်ခင်သန်းညွန့် (မဟာအောင်မြေ၊ မန္တလေး) |
| ၄။ ဦးခင်ဇော် (မင်္ဂလာရပ်၊ ပျဉ်းမနား) | ၁၉။ ဒေါ်မြင့်မြင့်ဝေ (မြောက်ဥက္ကလာ၊ ရန်ကုန်တိုင်း) | ၃၄။ မပါရမီဘာသီး (နန်းသော်ဝမ်းကျေးရွာ၊ လှိုင်ကော်) | ၄၉။ ဦးခင်မောင်မြင့် (အာဟာရသုခဈေး၊ ပျဉ်းမနား) |
| ၅။ ဦးအောင်ငြိမ်း (စမ်းချောင်း၊ ရန်ကုန်တိုင်း) | ၂၀။ ဒေါ်မြစိ (မြောက်ဥက္ကလာ၊ ရန်ကုန်တိုင်း) | ၃၅။ ဘိုဘိုတာ (လယ်ဝေး၊ ပျဉ်းမနား) | ၅၀။ ကိုအောင်ကျော်ထက် (အောင်မြေသာစံ၊ မန္တလေး) |
| ၆။ ဦးအောင်နိုး (ချမ်းမြသာစည်၊ မန္တလေး) | ၂၁။ မတင်မာဝင်း (သုဝဏ္ဏ၊ ရန်ကုန်) | ၃၆။ ဦးရဲဝင်းထွန်း (ချမ်းမြသာစည်၊ မန္တလေး) | ၅၁။ မမော်မော်အောင် (မင်းဘူး(၄)၊ မကွေး) |
| ၇။ ဦးမောင်မောင်အေး (သိုက်ချောင်း၊ ပျဉ်းမနား) | ၂၂။ မထွေးထွေးအောင် (အောင်ပင်လယ်၊ မန္တလေး) | ၃၇။ ဦးရဲဇာနည်အောင် (မြစ်ငယ်၊ မန္တလေး) | ၅၂။ ဒေါ်ခင်သန်း (လှိုင်သာယာ၊ ရန်ကုန်) |
| ၈။ ဒေါ်သီတာလွင် (အင်းစိန်၊ ရန်ကုန်) | ၂၃။ ဦးဇော်ဝင်းတင် (ကျောက်တံတား၊ ရန်ကုန်) | ၃၈။ ကိုမျိုးမျိုး (ဈေးအနောက်၊ ပျဉ်းမနား) | ၅၃။ ဒေါ်ရင်ရင်မေ (ရွှေပြည်သာ၊ ရန်ကုန် ) |
| ၉။ ဦးတင်မျိုးအောင် (ပုသိမ်ကြီးမြို့ မန္တလေး) | ၂၄။ မယဉ်ယဉ်နု (ပုသိမ်ကြီး၊ မန္တလေး) | ၃၉။ ကိုမြင့်သူရအောင် (မဟာအောင်မြေမြို့နယ်၊ မန္တလေး) | ၅၄။ မောင်စွမ်းမြတ်ဦး (အရိုးကုသဆေးရုံဝင်း၊ ရန်ကုန်) |
| ၁၀။ မနန်းရီ (ချောင်းဆုံမြို့ မော်လမြိုင်) | ၂၅။ ဦးစန်းလွင် (၆/ သံအင်းရပ်ကွက်၊ ရွှေပြည်သာ၊ ရန်ကုန်) | ၄၀။ ဦးသစ်လွင် ( တပ်ကြီးကုန်းရပ်ကွက်၊ မှော်ဘီ) | ၅၅။ ဦးမြင့်အောင် (ဝေဠုဝတီရပ်၊ မြင်းခြံ ) |
| ၁၁။ ကိုမျိုးအောင် (သာဝတ္တိဈေး၊ ပျဉ်းမနား) | ၂၆။ ဦးအောင်မြင့် (မိတ္ထီလာဈေး၊ မိတ္ထီလာမြို့ ) | ၄၁။ မစန္ဒာဝင်း (တပ်ကုန်း၊ ပျဉ်းမနား ) | ၅၆။ ဒေါ်ချောစုလှိုင် (ရပ်ကွက်(၉)၊ လားရှိုး) |
| ၁၂။ ဦးစံရွှေ (မဟာအောင်မြေသာစည်၊ မန္တလေး) | ၂၇။ ဒေါ်သီတာဦး (ပေါက်ချောင်း၊ မိတ္ထီလာမြို့ ) | ၄၂။ အောင်ကောင်းမြတ် (လက်ပံလှ၊ မန္တလေး) | ၅၇။ ဦးခင်မောင်ဝင်း (နန်းရှေ့၊ မန္တလေး) |
| ၁၃။ မခင်သန်းထွေး (ပုသိမ်ကြီးမြို့ ၊ မန္တလေး) | ၂၈။ ဦးကံမြင့် (ဗိုလ်မင်းရောင်ဈေး၊ မြောက်ဒဂုံ၊ ရန်ကုန်) | ၄၃။ မစန်းစန်းဝင်း (စွယ်တော်အနီး၊ မန္တလေး) | ၅၈။ ကိုစိုးနိုင်(DSA မြင်ဦးလွင်) |
| ၁၄။ ကိုဂိုးရွှေ (ရွှေပြည်သာစက်မှုဇုန်၊ ရန်ကုန်တိုင်း) | ၂၉။ မဇာ (အောင်ပင်လယ်၊ မြစ်သား၊ မန္တလေး) | ၄၄။ ဦးမောင်မောင်အေး ( မရမ်းကုန်း၊ ရန်ကုန် ) | ၅၉။ ဒေါ်မြင့်မြင့်ထွန်း (ဒဂုံတောင်၊ ရန်ကုန်) |
| ၁၅။ ကိုအောင်အောင် ( ကျွဲရှင်းရပ်ကွက်၊ နေပြည်တော် ) | ၃၀။ ဦးဆန်းနိုင် (အောင်မြေသာစံ၊ မန္တလေး ) | ၄၅။ ကိုဟန်ဝင်းထွန်း (တောင်ဒဂုံ၊ ရန်ကုန်) | ၆၀။ ဦးအောင်လင်းအေး (ချမ်းအေးသာစံမြို့နယ်၊ မန္တလေး) |

**"GR များများသောက် ဆုမဲများများ ပေါက်ဖို့" ဆုမဲကြီးများ များစွာ ကျန်ရှိစောင့်မျှော်နေပါသည်။**

### ထပ်ဆင့်ကံစမ်းနိုင်မည့် အထူးအခွင့်အရေး

- အိတ်ခွံငယ် (၅)ခုနှင့်အတူ နီးစပ်ရာ ကံစမ်းမဲပုံးရှိသည့်ဆိုင်များသို့ပေးပို့၍ ရာပြည့်ဆုကြီးများ ကံစမ်းနိုင်မည့် အခွင့်အရေး
- ကံစမ်းမဲများအား နီးစပ်ရာ ကံစမ်းမဲပုံးရှိသည့်ဆိုင်များ (သို့မဟုတ်)၊ နီးစပ်ရာ MDG Co.,Ltd ရုံးနှင့် စာတိုက်သေတ္တာအမှတ် (၇၄၀) သို့ ၂၈-၂-၂၀၁၃ နောက်ဆုံးထား၍ ပေးပို့သွားပါရန်။




အလှူရှင် စိုးမြတ်သူဇာကို ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ခဲ့ပါတယ်

***စာမျက်နှာ(၁၀)မှ...***လှူဒါန်းဖို့ ကျန်တဲ့သူတွေကိုလည်း ဖိတ်ခေါ်ပါတယ်လို့ စိုးမြတ်နန္ဒာက ဆိုပါသေးတယ်။

စိုးညီအစ်မတွေအားလုံး ပါဝင်လှူဒါန်းဖို့ စိုးမြတ်သူဇာက စီစဉ်ခဲ့တာဖြစ်ပါတယ်။ "ကိုဝင်းထွန်းနဲ့စကားပြောရင်း ကိုလူချောအဖွဲ့အတွက် လှူဖို့ပြောတယ်။ သူက ဒါဒါနဲ့လှူဖို့ပြောတယ်။ ကျန်တဲ့ညီမနှစ်ယောက်ကိုလည်း သတိရတာကြောင့် လေးယောက်ပဲ လှူလိုက်မယ်။ ဘာပဲဖြစ်ဖြစ် စည်းစည်းလုံးလုံး ပျော်ပျော်ရွှင်ရွှင်လေး ဖြစ်သွားအောင်ဆိုပြီး လှူဖို့စဉ်းစားခဲ့တာ" လို့ စိုးမြတ်သူဇာက ဆိုပါတယ်။ စိုးမြတ်သူဇာက စိုးညီအစ်မလေးယောက်ပေါင်းပြီး အခြားလှူဒါန်းမယ့်အစီအစဉ်များလည်း ရှိပါသေးကြောင်း ပြောသည်။ စိုးမြတ်သူဇာက ကိုလူချောအဖွဲ့အတွက် လှူဒါန်းမှုနဲ့ပတ်သက်ပြီး "ဒီနေ့လုပ်တဲ့အလုပ်လေးက ကောင်းတဲ့အလုပ်လေးပါ။ တစ်နိုင်လုပ်ကြတာပါ။ တစ်နိုင်လုပ်ကြတဲ့အထဲမှာ ကိုယ့်ရပ်ရှင်အသိုင်းအဝိုင်းလေးအတွက် လုပ်ကြတာ။ မကြီးစိုးတို့ ငယ်ငယ်တုန်းက စာသင်ခဲ့ဖူးတယ်။ မိမိကိုယ်ကိုကောင်းအောင် ကြိုးစားမည်၊ မိမိအတန်းကိုကောင်းအောင် ကြိုးစားမည်၊ မိမိကျောင်းကို ကောင်းအောင် ကြိုးစားမည်၊ မိမိတိုင်းပြည်အတွက် ကောင်းအောင် ကြိုးစားမည် အဲဒီသဘောပေါ့။ မကြီးစိုးတို့က ကိုယ်နေရာလေးတစ်ခုရပြီး အဆင်ပြေတဲ့အချိန်မှာ ကိုယ့်မိသားစုလေးကို ပြန်ကြည့်မယ်။ မိသားစုလေးအဆင်ပြေရင် ကိုယ့်အသိုင်းအဝိုင်းလေးကို ပြန်ကြည့်မယ်။ ပြီးတော့မှ ရုပ်ရှင်လောကတစ်ခုလုံးပေါ့။ အခု လောလောဆယ်တော့ တတ်နိုင်သလောက် ကိုယ့်ရုပ်ရှင်လောကသားအသိုင်းအဝိုင်းလေးကို ကူညီတယ်။ သူများဦးစီးဦးဆောင်လုပ်ထားတဲ့ကိစ္စကို မကြီးစိုးတို့က ပါဝင်ကူညီတာပါ" လို့ ပရိသတ်အတွက် စကားလက်ဆောင်ပါးပေးပါတယ်။ ကိုလူချောအဖွဲ့အတွက် ဒီဇင်ဘာလမှာ သင်ဇာဝင့်ကျော်နဲ့ ဝါဆိုမိုးဦးတို့က ဆန်အိတ် ၁၀၀ လှူဒါန်းမှာ ဖြစ်ပါတယ်။ ■

ခင်လေးမြင့်

# ဘီလီယက်အားကစားအတွက် တာဝန်ယူပေးထားတဲ့ မင်းသွေး

ဘောလုံးအားကစားကို ဝါသနာပါတဲ့ မင်းသွေးက အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် လှုံ့ဆော်ရေးအစီအစဉ်မှာတော့ ဘောလုံးအားကစားအတွက် တာဝန်မယူထားဘဲ ဘီလီယက်အားကစားအတွက် တာဝန်ယူပေးထားပါတယ်။ "မြန်မာနိုင်ငံရဲ့ အားကစားတွေထဲမှာ လူသိပ်မသိသေးတဲ့ အားကစားလို့ ပြောနိုင်တဲ့ ရှုက်လှေအားကစားအတွက် ရိုက်ကူးမှုတစ်ခုကိုလည်း ကိုကြွ(ကျော်ကျော်ဗို)၊ ထွန်းထွန်းတို့နဲ့ ငွေဆောင်မှာ ကျွန်တော် ရိုက်ခဲ့ဖူးတယ်။ ကျွန်တော်တို့ သွားရိုက်တဲ့အချိန်တုန်းက ပင်လယ်ထဲမှာ ၄ နာရီလောက်ကြာအောင် ရိုက်ခဲ့ရတယ်။ ရေအောက်မှာရိုက်တဲ့ဟာတွေကိုလည်း လိုချင်တဲ့အတွက် အချိန်တော်တော်ယူပြီး ရိုက်ခဲ့ရတယ်။ အခု ဘီလီယက်အားကစားအတွက် ရိုက်ကူးမှုကိုလည်း တာဝန်ယူထားတယ်။ ဒီအားကစားနည်းကို လူတွေ စိတ်ဝင်စားလာအောင်၊ အားကစားနည်းကို လူတွေ ပိုသိလာအောင် ကျွန်တော်တို့က ရှင်းပြတဲ့သဘောပါပဲ။ တာဝန်ယူတယ်လို့လည်း မဟုတ်ပါဘူး" လို့ မင်းသွေးက ဘီလီယက်အားကစားအတွက် တာဝန်ယူထားမှုအကြောင်းကို ပြောပြပါတယ်။


မင်းသွေးနဲ့ ကျော်ကျော်ဗို

ဘီလီယက် အားကစားအတွက် လှုံ့ဆော်မှုကို ဇာတ်လမ်းပုံစံရိုက်ကူးဖို့ပဲ မင်းသွေးက စဉ်းစားထားပါတယ်။ "ဘီလီယက်အားကစားကို ကျောင်းတက်တုန်းက ဆော့ဖြစ်ပါတယ်။ အခုမဆော့ဖြစ်တာ ၁ နှစ်လောက်တော့ ရှိပြီ။ ဘောလုံးအားကစားဆိုလို့ရှိရင် သူများတွေရိုက်ဖို့ ပေးလိုက်တယ်။ အနုပညာရှင်တော်တော်များများ ဘီလီယက်ထိုးတာ နည်းမယ်လို့ ထင်ပါတယ်။ ကိုယ်လုပ်တတ်တဲ့အပိုင်းလေးကို အတတ်နိုင်ဆုံး၊ အကောင်းဆုံးဖြစ်အောင် တာဝန်ယူထားပါတယ်" လို့ မင်းသွေးက ဆိုပါသေးတယ်။ ■ ခင်လေးမြင့်

# နိုင်ငံ့အရေး-နိုင်ငံရေး စာအုပ်မိတ်ဆက်

စာရေးဆရာ သက်တင်(မန္တလေး)ရေးသားတဲ့ **နိုင်ငံ့အရေး- နိုင်ငံရေး** စာအုပ်မိတ်ဆက်ပွဲကို ၂၀၁၂ နိုဝင်ဘာ ၅ ရက်၊ နေ့လယ် ၁ နာရီက ရန်ကုန်မြို့၊ မဟာဗန္ဓုလပန်းခြံလမ်း(လယ်)ရှိ စီးတီးစတားဟိုတယ်မှာ ပြုလုပ်ခဲ့ပါတယ်။ **နိုင်ငံ့အရေး-နိုင်ငံရေး** စာအုပ်ကို ဘာ့ကြောင့်ရေးတယ်ဆိုတာ ထွေထွေထူးထူး မပြောချင်တော့ဘဲ ကျွန်တော်တို့နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှု၊ ဒီမိုကရေစီလမ်းကြောင်းပေါ်တက်နေချိန်မှာ အားလုံးက နိုင်ငံရေးအသိကြီးကြီးမားမား နိုးနိုးကြားကြားရှိနေရမယ့် အချိန်ကာလဖြစ်ကြောင်း၊ ဒီမိုကရေစီဆိုတာကို လူတွေ ဘာကြောင့်လိုချင်တာလဲဆိုတာကို မသိမှာ စိုးရိမ်ကြောင်းများကို ဆရာ သက်တင်(မန္တလေး)က ဆိုပါတယ်။ **နိုင်ငံ့အရေး-နိုင်ငံရေး** စာအုပ်မှာ ဆရာထက်မြက်က အမှာစကားရေးသားထားပြီး ဆရာထက်မြက်နဲ့ ဆရာသက်တင်(မန္တလေး)တို့က ထောင်ထဲမှာအတူတူ နေခဲ့ဖူးကြသူတွေ ဖြစ်ပါတယ်။ **နိုင်ငံ့အရေး-နိုင်ငံရေး** စာအုပ်က Maurice Duverger ရဲ့ The Study of Politics ကို ဘာသာပြန်ထားတာ ဖြစ်ပါတယ်။ နိုင်ငံရေးတည်ဆောက်ပုံများ၊ နိုင်ငံရေးအရ ငြိုးသူရန်ဘက်ဖြစ်ရတဲ့အကြောင်းရင်းများ၊ ရန်ဘက်ပဋိပက္ခတွေမှ ပေါင်းစည်းရေးသို့စတဲ့ အပိုင်းများအောက်မှာ ခေါင်းစဉ်ငယ်များ ခွဲပြီး နိုင်ငံရေးဆိုင်ရာများကို ရေးသားထားတာဖြစ်ပါတယ်။


စာရေးဆရာ ထက်မြက်


စာရေးဆရာ သက်တင်(မန္တလေး)

ဆရာသက်တင်(မန္တလေး) က (၁၉၇၀-၇၂) ခုနှစ်မှာ ဗန်းမော်မြို့နယ်၊ ဟံ သာ ၁၀ တိ သ တင်းစာ၊ သတင်းထောက်အဖြစ် ဆောင်ရွက်ခဲ့ သလို လေးသက်(ဝါးရုံကန်မြေ) ကလောင်အမည်နဲ့ **သွက်ချာပါဒလေဖြတ်ရောဂါဖြစ်လိုက်ရင်** စာအုပ်ကို ဘာသာပြန်ထုတ်ဝေခဲ့ပါတယ်။ ဆရာ သက်တင်(မန္တလေး) ရဲ့ **နိုင်ငံ့အရေး-နိုင်ငံရေး** စာအုပ်က နိုင်ငံရေးအရ ငြိုးသူရန်ဘက်ဖြစ်ရတဲ့ အကြောင်းအရင်းများ၊ လူတန်းစားတိုက်ပွဲ၊ လူမျိုးရေးသဘောတရားဝေဖန်ရေး၊ ပေါင်းစည်းခြင်းရဲ့နိုင်ငံရေးနည်းနာများ၊ အစစ်အမှန်ပေါင်းစည်းရေးနှင့် အတုအယောင်ပေါင်းစည်းရေးစတာ စတာတွေ၊ နိုင်ငံရေးပညာလေ့လာမှုဆိုတာ တက်ကြွလှုပ်ရှားနေတဲ့ လူ့အဖွဲ့အစည်းထဲက ပြောင်းလဲနေတဲ့ လူမှုဆက်ဆံရေးတွေကို လေ့လာခြင်းပဲ ဖြစ်တယ်လို့ သိရပါတယ်။ ■

ခင်လေးမြင့်

Yellow Fever Vaccine



ကမ္ဘာ့အရပ်ရပ်သို့သွားရောက်အလုပ်လုပ်မည့် သူများ
သဘော်သားများနှင့် ကျောင်းသားများ Aedes Egypti ခြင်
မှတဆင့်ကူးစက်သော Yellow Fever ကို
ယနေ့ပင် ကာကွယ်ဆေးထိုးခြင်းဖြင့်ကြိုတင်
ကာကွယ်ပါ။

10 % Discount 15 ~ 17 November

မှတ်ချက်။ ။ကာကွယ်ဆေးသည် တစ်ကြိမ်ထိုးထားရုံဖြင့် ၁၀နှစ်အထိကာကွယ်မှုပေးပါသည်။



KEMBANGAN Group of Medical Centres
အမှတ် ၃၆၅/၃၆၇၊ ဗိုလ်အောင်ကျော်လမ်း (အထက်)၊ I.H.B.C ၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၁-၃၉၂၉၁၁၊ ၃၉၂၅၉၀၊ ၃၉၉၈၂၄
Kembangan Group of Medical Centres
website: www.kembanganradiant.com

အခန်း ၁၇
၁၅၈/၁၆၈(ပထမထပ်)၊
မဟာဗန္ဓုလပန်းခြံလမ်း
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဖုန်း-၀၁-၂၅၄၂၅၂
E-mail: nyeinfamily@gmail.com
The Ray of Light Journal

## ဟီရူးစကားရဲ့ ပြန်လည်မိတ်ဆက်ပွဲ



DKSH မှတာဝန်ရှိသူတစ်ဦးက ရှင်းလင်းပြောကြားခဲ့ပါတယ်

အမာရွတ်ကင်းတဲ့ လှပခြင်းအတွက် ယုံကြည်ခြင်းအပြည့်နဲ့ ဟီရူးစကားသုံးစွဲသူများအတွက် ပြန်လည်မိတ်ဆက်ခြင်းအခမ်းအနားနဲ့ အရေပြားထိန်းသိမ်းခြင်း နည်းလမ်းကောင်းများအကြောင်း အသိပညာပေးမျှဝေတဲ့ပွဲကို အောက်တိုဘာလ ၂၈ ရက်နေ့ မွန်းလွဲ ၂ နာရီအချိန်က ရန်ကုန်မြို့ ချက်ထရီယမ်ဟိုတယ်မှာ ကျင်းပခဲ့ပါတယ်။

အခမ်းအနားမှာ အမာရွတ်ကင်းတဲ့လှပခြင်းအတွက် အရေပြားထိန်းသိမ်းခြင်းနည်းလမ်းကောင်းများအကြောင်းကို ရန်ကုန်ဆေးရုံကြီး အရေပြားရောဂါဌာနမှ ပါမောက္ခ ဒေါက်တာခိုင်ခိုင်ဇော်က ရှင်းလင်းပြောကြားပေးခဲ့ပါတယ်။ ဒ့ါအပြင် အမာရွတ်ကင်းတဲ့လှပခြင်းအတွက် ဟီရူးစကားရဲ့ထုတ်ကုန်အကြောင်းကို DKSH မှ Product Executive မခင်သန္တာထွန်းက ဆွေးနွေးပြောကြားပေးခဲ့ပါတယ်။ အဲဒီနောက်မှာ တက်ရောက်လာသူများ စိတ်ဝင်စားစေဖို့ နာမည်ကြီးအလှဖန်တီးရှင်တစ်ဦးဖြစ်တဲ့ လင်းလင်း(တော်ဝင်သူ)က ဟီရူးစကားကိုအသုံးပြုပြီး မိတ်ကပ်လိမ်းခြယ်ပုံအဆင့်ဆင့်ကို သရုပ်ပြတင်ဆက်ပေးခဲ့ပြီး အလှဆုံးဖြစ်အောင် လိမ်းခြယ်ပြသပေးခဲ့ပါတယ်။

ဟီရူးစကားကို ဂျာမနီနိုင်ငံမှ ကုန်ကြမ်းများနဲ့ ဆွစ်ဇာလန်နည်းပညာများကို အခြေခံပြီး ထုတ်လုပ်ပေးထားတာဖြစ်လို့ ဆွစ်ဇာလန်နိုင်ငံမှ အလှအပဆိုင်ရာ ကျွမ်းကျင်ပညာရှင်များရဲ့ထောက်ခံအားပေးမှုကို ရရှိထားတဲ့အတွက် ယုံကြည်စိတ်ချစွာ မိမိမျက်နှာပေါ် အန္တရာယ်ကင်းစွာ အသုံးပြုနိုင်ကြောင်း သိရပါတယ်။ ■ လင်းနိုင်ဦး



လင်းလင်း(တော်ဝင်သူ)နဲ့ နန်းမြတ်ဖြိုးသစ်

## စုန်ရေ၊ ဆန်ရေကြားက လူနာ

ဝင်းငြိမ်း

လွန်ခဲ့တဲ့ တစ်ပတ်လောက်က ဒုတိယကာကွယ်ရေးဦးစီးချုပ်ဟောင်း ဗိုလ်မှူးချုပ်အောင်ကြီး ရက်လည်ဆွမ်းကျွေးသွားတော့ ဒေါက်တာ ပင်ဒိုရာ အောင်ကြီး၊ စာရေးဆရာ ဒေါက်တာ အမရာ(ဆေး-၁)တို့နဲ့ စကားလက်ဆုံ ကျခဲ့ပါတယ်။ ဒေါက်တာ ပင်ဒိုရာအောင်ကြီးက သူ့ဖေဖေဟာ ဘာဝေဒနာမှ မခံစားလိုက်ရဘဲ ခဏအတွင်းမှာ ဘဝတစ်ပါးသို့ ကူးပြောင်းသွားခဲ့တာဖြစ်ကြောင်း ပြောပြရာကနေ ကျွန်တော်

> ဆရာမ အမရာ(ဆေး-၁)က လူနာကို ပြီးစီးအောင် လုပ်ပေးနေရတဲ့အတွက် အဖေအသက်ကို မမီခဲ့ဘူးလို့ ဆိုခဲ့ပါတယ်။ ဒီတစ်ယောက်ကတော့ သားကို စာသင်ပေးစရာ ရှိတာကြောင့် လူနာကို နောက်တစ်နေ့ လာပါလို့ ချိန်းဆိုလိုက်ပါတယ်။

တို့မိဘများရဲ့ နောက်ဆုံးအချိန်များအကြောင်း စကားလမ်းစ ရောက်သွားပါတယ်။ ကျွန်တော်က 'ဒေါက်တာ့အဖေက အသက် ၉၃ နှစ်မှ ဆုံးတာဆိုတော့ သမီးတစ်ယောက်အနေနဲ့ ကျေနပ်လောက်စရာ ရှိပါတယ်။ ကျွန်တော့်အဖေဆိုရင် အသက် ၅၇ နှစ်မှာ ကွယ်လွန်ခဲ့ပြီး အမေက အသက် ၈၁ နှစ်ထဲမှာ ကွယ်လွန်ခဲ့တာပါ' လို့ ပြောဖြစ်တော့ ဆရာမ အမရာ(ဆေး-၁)က သူ့အနေနဲ့ အခုအချိန်အထိ ဖခင်ကွယ်လွန်တာနဲ့ပတ်သက်ပြီး စိတ်မသန့်ဖြစ်နေကြောင်း၊ ဖခင် မောနေပြီလို့ အိမ်က ဖုန်းဆက်တဲ့အချိန်မှာ သူက လူနာတစ်ယောက်ကို ဒဏ်ရာချုပ်ပေးနေချိန်ဖြစ်လို့ အိမ်ကို ချက်ချင်း မပြန်နိုင်ခဲ့ကြောင်း ဆယ်မိနစ်လောက်ကြာမှ အိမ်ကို ပြန်နိုင်တဲ့အတွက် အဖေ့အသက်ကို နောက်ဆုံးအချိန်မှာ သူမကယ်နိုင်ခဲ့ဘူး' လို့ နောင်တစကားဆိုပါတယ်။ ဆရာဝန်တစ်ယောက်အနေနဲ့ မိဘထက် လူနာကို ဦးစားပေးခဲ့ရတာဖြစ်ပြီး ဆရာဝန်တစ်ယောက်အနေနဲ့ တာဝန်ကျေပွန်ပါတယ်လို့ ကျွန်တော် နှစ်သိမ့်စကားဆိုဖြစ်ခဲ့ပါတယ်။ မိဘနဲ့ ယှဉ်လာရင်တောင် လူနာကို ဦးစားပေးတဲ့ ဆရာဝန်ကို ကျွန်တော် တွေ့ခဲ့ရပါတယ်။

❑

ဒီရက်ပိုင်းမှာ ကျွန်တော့်ခြေထောက်နှစ်ဖက်စလုံးနဲ့ လက်နှစ်ဖက်စလုံး ရောင်ကိုင်းလာပြီး ဆုပ်လို့မရ ပြုလို့မရ ရှိနေတာကြောင့် ရန်ကုန် အင်တာနေရှင်နယ်ဟိုတယ် ၅ ထပ်မှာ ဖွင့်ထားတဲ့ Asia Care က ဒေါက်တာ မူယာညွန့်ဆီကို appointment တောင်းပြီး ညနေ ၄ နာရီမှာ လာပြဖို့ ချိန်းဆိုထားပါတယ်။ အဲဒီနေ့က ဆီဗိုးနားဟိုတယ်မှာ ရင်ဖွင့်ပြောကြားသဘင်စကား အခမ်းအနားကို တက်ရောက်နေရင်း ညနေ ၃ နာရီခွဲအချိန်မှာတော့ ဆရာဝန်နဲ့ ချိန်းထားတဲ့အချိန် နီးကပ်လာလို့ ကျွန်တော် အခမ်းအနားက ထွက်ခဲ့ပါတယ်။

ဒေါက်တာ မူယာညွန့်က စမ်းသပ်ပြီး သွေးခဲတစ်ခုက နှလုံး(သို့မဟုတ်) အဆုတ်မှာ သွားပိတ်တယ်လို့ သူယူဆကြောင်း၊ ဒါကြောင့် နှလုံးအထူးကုတစ်ယောက်ဆီသွားပြဖို့နဲ့ သူ့ထင်မြင်ချက်များကို သေသေချာချာရေးပေးလိုက်ပါတယ်။

ဆေးခန်းနဲ့ ပတ်သက်တဲ့ မိတ်ဆွေတစ်ယောက် ပါတာကြောင့် စောင့်စရာမလိုဘဲ ဆရာဝန်အခန်းကို တန်းဝင်ခွင့်ရခဲ့ပါတယ်။ အလှအပ ပြင်ဆင်ထားပြီး မျက်နှာကို ရုပ်ရှင်မင်းသမီးရှုံးအောင် ပြင်ဆင်ခြယ်သထားတဲ့ ဆရာဝန်မရဲ့ မျက်နှာက အရယ်အပြုံးမရှိပါဘူး။ 'ကိုယ်သောက်နေတဲ့ဆေး ကိုယ်မသိဘူးမဟုတ်လား' လို့ စပြီး တိုက်စစ်ဆင်ပါတော့တယ်။ ကျွန်တော်က သိကြောင်း၊ ဒါပေမဲ့ ဆေးနာမည်တွေကိုသာ သိပြီး ပါဝင်တဲ့ ဓာတုများကိုတော့ မသိပါကြောင်း ပြောကြားကာ သောက်နေတဲ့ ဆေးနာမည်တွေကို ရွတ်ပြပါတယ်။ သူတစ်ခုမှ မသိပါဘူး။ ဒါအပြစ်မဟုတ်ပါဘူး။ အဓိက ‚ က ဆေးမှာပါတဲ့ ဓာတုပစ္စည်းများရဲ့ အချိုးအစားကို သိဖို့လိုတာပါ။ ကျွန်တော်တို့ကလည်း လူနာဆိုတော့ ဆေးနာမည်ကိုသာ သိပါတယ်။

ဒေါက်တာ မူယာညွန့်က မျက်စိပျက်ပျက် မျက်နှာပျက်ပျက်နဲ့အရေးပေါ်ဆိုပြီး လွှတ်လိုက်ပေမယ့် ဒီဆရာဝန်မကတော့ အရေးတယူ မရှိပါဘူး။ 'မူယာညွန့်ဆိုတာက ဘယ်သူလဲ၊ ကိုယ်မသိဘူး' လို့လည်း ဆိုသေးရဲ့။ အချုပ်ပြောရရင်တော့ သူ့မှာ ဖိုင်နယ်ပတ်တူး စာမေးပွဲ ဖြေမယ့် သားကို စာသင်ပေးစရာ ရှိသေးတာကြောင့် လောလောဆယ်မှာ အကိုက်အခဲပျောက်ဆေး ရေးပေးလိုက်တာကို သောက်ထားပြီး မနက်ဖြန်မှ သူထိုင်တဲ့ ဆေးရုံကို လာခဲ့ပါလို့ ဆိုပါတယ်။

'သားသမီးဆိုတာ ဘယ်အရွယ်ပဲဖြစ်ဖြစ် မိဘအတွက်တော့ ကလေးပဲမဟုတ်လား' လို့ လည်း ဆိုပါတယ်။ ဟုတ်ပါတယ်။ မိဘဆိုတာ ကိုယ့်သားသမီးကို ကလေးလေးတွေပဲ ထင်မှတ်ထားကြတာပါ။

မကြာသေးခင်က ကျွန်တော်တွေ့ခဲ့တဲ့ ဆရာမ အမရာ(ဆေး-၁)က လူနာကို ပြီးစီးအောင် လုပ်ပေးနေရတဲ့အတွက် အဖေအသက်ကို မမီခဲ့ဘူးလို့ ဆိုခဲ့ပါတယ်။ ဒီတစ်ယောက်ကတော့ သားကို စာသင်ပေးစရာရှိတာကြောင့် လူနာကို နောက်တစ်နေ့လာပါလို့ ချိန်းဆိုလိုက်ပါတယ်။ သူ့အတွက် သားက ပိုအရေးကြီးပါတယ်။

ဆရာမ အမရာ(ဆေး-၁)ရဲ့ ဆန်ရေနဲ့ ဒီဆရာဝန်မရဲ့ စုန်ရေတို့ကြားမှာ ကျွန်တော် အတွေးပွားနေမိတာက ဘယ်သူက ဆရာဝန် ပီသတာလဲဆိုတဲ့ အတွေးပါပဲ။ ■

ဝင်းငြိမ်း

## Sky Net ၂ နှစ်ပြည့် အထိမ်းအမှတ် မေတ္တာတုံ့ပြန် ကံစမ်းမဲ အစီအစဉ်ကျင်းပ

Sky Net ၂ နှစ်ပြည့်အထိမ်းအမှတ် မေတ္တာတုံ့ပြန် ကံစမ်းမဲဖောက်ပေးတဲ့အစီအစဉ်ကို နိုဝင်ဘာလ ၈ ရက်၊ နေ့လယ် ၂ နာရီက သန္တိသုခကျောင်းတိုက်မှာ ကျင်းပပါတယ်။

မေတ္တာတုံ့ပြန် ကံစမ်းမဲအစီအစဉ်အတွက် ဆဋ္ဌမဆု (ကြည့်ရှုခွင့်တစ်လ) ရရှိမယ့် ကံထူးရှင်ဦးရေ တစ်ထောင့်ငါးရာကို အရင်ဆုံး ရွေးချယ်ပြီး ပဥ္စမဆု(ကြည့်ရှုခွင့်သုံးလ) ရရှိမယ့် ကံထူးရှင် ခုနှစ်ရာ၊ စတုတ္ထဆု (HD receiver) အလုံးတစ်ရာ့ ငါးဆယ်၊ တတိယဆု (HD receiverနဲ့ ကြည့်ရှုခွင့်တစ်လ) ရရှိမယ့် ကံထူးရှင် ခုနှစ်ဆယ့်ငါးယောက်၊ ဒုတိယဆု (ကြည့်ရှုခွင့်တစ်နှစ်)ရရှိမယ့်ကံထူးရှင်များနဲ့ ပထမဆု ဗုဒ္ဓဂယာ(၈ ရက်- ၇ ည) ဘုရားဖူးခရီးစဉ်အတွက် ကံထူးရှင်များကို ရွေးချယ်ပေးခဲ့တာဖြစ်ပါတယ်။ ပေါက်မဲများကို မိဘပြည်သူများ သိရှိနိုင်ဖို့အတွက် တီဗွီဖန်သားပြင်ပေါ်သို့ message ပေးပို့ အကြောင်းကြားပေးသွားမှာဖြစ်ပြီး နိုင်ငံပိုင်သတင်းစာများမှာလည်း ကြေညာသွားမယ်လို့ သိရပါတယ်။ နိုဝင်ဘာလ၊ ၁၅ ရက်၊ ၂၂ ရက်နဲ့ ဒီဇင်ဘာလ၊ ၁၇ ရက်နေ့တွေမှာလည်း ကံစမ်းမဲများ ထပ်မံရွေးချယ်ပေးသွားဦးမှာဖြစ်တယ်လို့ သိရပါတယ်။ မေတ္တာတုံ့ပြန်ကံစမ်းမဲအစီအစဉ်မှာ ပါဝင်ကံစမ်းလိုကြသူတွေအနေနဲ့ တစ်လသက်တမ်းတိုးပါက ကံစမ်းမဲတစ်ခုရွေးချယ်ခွင့်ရမှာဖြစ်ပြီး သက်တမ်းတိုးလိုတဲ့ လအရေအတွက်အလိုက် ကံစမ်းမဲများ ရွေးချယ်ကံစမ်းခွင့်ရရှိမှာဖြစ်ပါတယ်။ မေတ္တာတုံ့ပြန်ကံစမ်းမဲအစီအစဉ်အပြင် နိုဝင်ဘာလ၊ ၁ ရက်ကစပြီး စက်အသစ်ဝယ်ယူသူများနဲ့ သက်တမ်းတိုးသူများအားလုံးကို Sky Net Sport Shirt(သို့မဟုတ်) Sky Net ထီးများ မေတ္တာလက်ဆောင်ပေးသွားမှာဖြစ်တယ်လို့လည်း သိရပါတယ်။

■ နေလွှင်

## ဘောလူတွေအမြင်မှာ သွေးကွဲကုန်ကြပြီလို့ ယူဆမှာ စိုးရိမ်တယ်ဆိုတဲ့ အတွင်းရေးမှူး ဖြူဖြူကျော်သိန်း

လွှတ်လပ်တဲ့ NGO အနေနဲ့ သမိုင်းစာမျက်နှာသစ် ဖွင့်လှစ်ပြီး ကတည်းက သိသာထင်ရှားတဲ့ ပြောင်းလဲတိုးတက်မှုတွေနဲ့ ခြေလှမ်းတွေ ရှေ့ဆက်လာတဲ့ မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)အနေနဲ့ မူပိုင်ခွင့်အနုပညာကြေးတွေ သတ်မှတ်တော့မှာနဲ့ ပတ်သက်ပြီး သဘောထားကွဲလွဲမှုတွေ ရှိနေတယ်လို့ ကြားရတာမို့ မေးမြန်းဖြစ်တဲ့အခါ အတွင်းရေးမှူးဖြစ်သူ ဖြူဖြူကျော်သိန်းက "ဖြူဖြူတို့က မူပိုင်ခွင့်အနုပညာကြေးတွေကို ကမ္ဘာ့အလိုက်သတ်မှတ်နိုင်ဖို့အတွက် စဉ်းစားဆွေးနွေးတိုင်ပင်နေကြတာပါ။ အဲဒီကိစ္စနဲ့ပတ်သက်ပြီး သဘောထားကွဲလွဲမှုတွေ အမျိုးမျိုးရှိနေတယ်လို့တော့ ဖြူဖြူလည်း ကြားပါတယ်။ တချို့သော ဂီတသမားတွေက အများသဘောတူညီမှုမယူဘဲဆုံးဖြတ်လိုက်ကြမှာကို စိုးရိမ်နေကြတယ်။ အဲဒီလို စိုးရိမ်စိတ်လွန်ကဲမှုကနေ ပုဂ္ဂိုလ်ရေးတိုက်ခိုက်မှုအသွင်သဏ္ဍာန်ဆောင်တဲ့ သဘောကို ရောက်သွားပြီးတော့ ကိုမြင့်မိုးအောင်နဲ့ ကိုရွှေဂျော်ဂျော်တို့နှစ်ယောက်က ဂီတအစည်းအရုံးမှာ နုတ်ထွက်စာတင်မယ်လို့ ဆုံးဖြတ်တဲ့အဆင့်အထိဖြစ်လာတယ်။ ဖြူဖြူတို့ဥက္ကဋ္ဌအပါအဝင် အမှုဆောင်တွေအားလုံးက ဒီလိုအရည်အချင်းရှိတဲ့သူတွေကို အဆုံးအရှုံးမခံနိုင်ပါဘူး။ အဲဒါကြောင့် သေချာညှိနှိုင်းဆွေးနွေးဖျောင်းဖျပြီးတော့ လတ်တလောမှာ သူတို့စိတ်ဖိစီးမှုတွေသက်သာရအောင် ခွင့်ခဏပေးထားပါတယ်။ အဲဒါကြောင့် ဖြူဖြူအနေနဲ့ ဂီတမောင်နှမတွေကို မေတ္တာရပ်ခံချင်တာက ဖြူဖြူတို့အစည်းအရုံးဟာ အာဏာပိုင်အဖွဲ့အစည်းမဟုတ်တဲ့အတွက် အစည်းအရုံးက သတ်မှတ်တဲ့ဈေးနှုန်းနဲ့ပဲ ရောင်းခွင့်ရှိမယ်ဆိုတာမျိုး ဘယ်တော့မှ လုပ်မှာမဟုတ်တဲ့အတွက် ဖြူဖြူတို့ ဘာတွေလုပ်နေတယ်ဆိုတာကို သိချင်ခဲ့မယ်ဆိုရင် ဘယ်အမှုဆောင်ကိုမဆို အလင်းရောင်ထဲမှာ သေချာမေးမြန်းဆွေးနွေးတိုင်ပင်တာမျိုး လုပ်စေချင်ပါတယ်။ ဖြူဖြူတို့မှာ အားနည်းချက်ရှိတာက ဘာမှသေချာဆုံးဖြတ်ချက် မချရသေးခင်မှာ သတင်းမထုတ်ပြန်နိုင်တာပေါ့နော်။ အဲဒီတော့ သတင်းအချက်အလက်တစ်ချို့ကိုပဲ အမှီပြုစဉ်းစားပြီးတော့ စိုးရိမ်စိတ်လွန်ကဲရာကနေ ပုဂ္ဂိုလ်ရေးတိုက်ခိုက်တဲ့အသွင်ကို ဆောင်တာမျိုးတွေ တွေ့လာရတယ်။ ဖြူဖြူတို့က လောလောဆယ်မှာ ဂီတသမားအများစု အဆင်ပြေမယ့်နည်းလမ်းတွေကို အကြမ်းဖျဉ်းစဉ်းစားနေရုံပဲ ရှိပါသေးတယ်။ ဘာကိုမှသေချာဆုံးဖြတ်ချက်မချရသေးပါဘူး။ အဲဒါကြောင့် အစည်းအဝေးတွေမှာ ညှိနှိုင်းဆွေးနွေးငြင်းခုံလို့ မပြီးသေးခင် ခံစားမှုတွေရှေ့တန်းတင်ပြီး လွန်ကဲတဲ့စိုးရိမ်စိတ်တွေနဲ့ ပုဂ္ဂိုလ်ရေးတိုက်ခိုက်မှုအသွင်ဆောင်တဲ့ ဝေဖန်ပြောဆိုမှုတွေ မရှိစေချင်ပါဘူး။ ဘောလူတွေရဲ့အမြင်မှာ သွေးကွဲကုန်ကြပြီလို့ ယူဆသွားမှာ ဖြူဖြူ အရမ်းစိုးရိမ်ပါတယ်။ ဖြူဖြူတို့ လောလောဆယ် စဉ်းစားနေကြတာကို အလွယ်ကူဆုံး ဥပမာနဲ့ပေးရရင် စားသောက်ဆိုင် တစ်ဆိုင်မှာသွားစားတဲ့အခါ ကိုယ်စားချင်တဲ့ ပုံစံမျိုးလေး စိတ်တိုင်းကျရွေးပြီး ALA CARTE မှာ စားတာ မျိုးလို ကိုယ့်ဂီတအနုပညာပစ္စည်းကို စိတ်တိုင်းကျဈေးနှုန်းသတ်မှတ်ပြီးတော့


တေးသံရှင် ဖြူဖြူကျော်သိန်း

အစည်းအရုံးက တောင်းပေးပါဆိုတဲ့ အုပ်စုမျိုးရှိသလို အလုပ်ရှုပ် မခံချင်လို့ အဆင်ပြေတာပဲ Check Menu ကြည့်ပြီးမှာ စားမယ်ဆိုတာမျိုးလို ကိုယ့်ဂီတအနုပညာပစ္စည်းနဲ့ ပတ်သက်ပြီး မျှတတဲ့ဈေးနှုန်းနဲ့ ပုံစံမျိုးဖြစ်ရင်ပြီးတာပဲဆိုတဲ့ အုပ်စုမျိုးလည်း ရှိနိုင်ပါတယ်။ ဒီဆိုင်မှာကို လာစားချင်တဲ့အတွက်အိမ်မှာပဲ ချက်စားမယ်ဆိုတာမျိုးလို ကိုယ့်ဂီတ အနုပညာပစ္စည်းတွေနဲ့ ပတ်သက်ပြီး ကိုယ့်ရှေ့နေနဲ့ကိုယ် သီးသန့်ရပ်တည်လိုတဲ့ အုပ်စုလည်းရှိနေမှာပဲလေ။ အဲဒီလို အုပ်စုတွေ အားလုံးအတွက် အဆင်ပြေမယ့်နည်းလမ်းတွေကို ဖြူဖြူတို့ စဉ်းစားနေကြပါတယ်။ အမှုဆောင်တွေ အချင်းချင်းကြားမှာ သေချာဆွေးနွေးတိုင်ပင်ပြီးမှ ဆုံးဖြတ်လို့ရမယ့်ကိစ္စမျိုးဖြစ်တဲ့အတွက် ဘယ်အရာကိုမှ ယတိပြတ်ဆုံးဖြတ်လိုက်တယ်ဆိုတာမျိုး မရှိသေးပါဘူး။ အဲဒါကြောင့် ဖြူဖြူတို့ ဂီတမောင်နှမတွေကိုအသိပေးချင်တာက ဂီတအစည်းအရုံးအနေနဲ့ ဂီတသမားတွေ စိတ်ကြိုက်ရွေးချယ်နိုင်မယ့် နည်းလမ်းတွေကိုစဉ်းစားနေကြပါတယ်။ ဘာမှ သေချာမလုပ်နိုင်သေးခင်မှာ စိုးရိမ်စိတ်တွေများပြီး စိတ်ဝမ်းကွဲကုန် တာမျိုးတွေ မဖြစ်စေချင်ပါဘူး။ ကိုယ်သိချင်တာတွေ ပွင့်ပွင့်လင်းလင်းမေးမြန်းနိုင်သလို အကြံပြုချင်တာတွေကိုလည်း ပွင့်ပွင့်လင်းလင်း ပြောဆိုနိုင်ပါတယ်။ ဘောလူတွေ အမြင်မှာ သွေးကွဲကုန်ကြပြီလို့ ယူဆသွားမှာမျိုးကို ဖြူဖြူစိုးရိမ်ပါတယ်"လို့ ပြောပါတယ်။

မြန်မာနိုင်ငံဂီတအစည်းအရုံး (ဗဟို) အလုပ်အမှုဆောင်အဖွဲ့နဲ့ မြို့နယ်ဂီတအစည်းအရုံးဥက္ကဋ္ဌ၊ အတွင်းရေးမှူးများ စုံညီအစည်းအဝေးကို နိုဝင်ဘာလ ၉ ရက်၊ နေ့လယ်ပိုင်းနာရီက မြန်မာနိုင်ငံ ဂီတအစည်းအရုံး၊ အစည်းအဝေးခန်းမမှာကျင်းပခဲ့တယ်လို့လည်းသိရပါတယ်။ ■ နေလွင်

## ဘားကမ့်ရန်ကုန် ၂၀၁၃ ကျင်းပမည်

ဘားကမ့်ရန်ကုန် ၂၀၁၃ ကို လာမည့်နှစ် ဇန်နဝါရီ ၁၉ ရက်နှင့် ၂၀ ရက်တို့တွင် ရန်ကုန်မြို့၌ ကျင်းပသွားမည်ဟု သိရသည်။ ဘားကမ့်ရန်ကုန်ကို စိတ်ဝင်စားသူများအတွက် ပြင်ဆင်ချိန်ပိုမိုရရှိရန်နှင့် ပူးပေါင်းပါဝင်လိုသော နည်းပညာရှင်များ၊ လုပ်ငန်းရှင်များနှင့် ဘားကမ့်တွင် ပါဝင်ကြမည့်သူများအတွက် အချိန်ပိုမိုရရှိစေလိုသောကြောင့် စာနယ်ဇင်းများကတစ်ဆင့် ယခုကဲ့သို့ အသိပေးခြင်းဖြစ်ကြောင်း သိရသည်။

ဘားကမ့်တွင် မိမိပြောလိုသော အကြောင်းအရာများကို ပွဲကျင်းပမှသာ ခေါင်းစဉ်များဖော်ပြ၍ ပြောဆိုဆွေးနွေးလေ့ရှိသည်။ သို့သော်လည်း ယခုနှစ်တွင် မိမိပြောလိုသောအကြောင်းအရာများကို ဘားကမ့်ရန်ကုန်၏ အင်တာနက်စာမျက်နှာသို့ လာရောက်၍ အကြောင်းကြားထားနိုင်ကြောင်း၊ အင်တာနက်စာမျက်နှာတွင်လည်း ပြောဆိုမည့်အကြောင်းအရာများကို လက်ခံပေးသွားမည်ဖြစ်ကြောင်း၊ ယင်းသို့ပြုလုပ်ရခြင်းသည် ပြောဆိုဆွေးနွေးသူများနှင့် ပူးပေါင်းပါဝင်ဆွေးနွေးသူများအကြား အဆင်ပြေစေရန်နှင့် နေရာထိုင်ခင်း ပြင်ဆင်ရာတွင် စနစ်တကျဖြစ်စေရန်ဖြစ်ကြောင်း ဘားကမ့်ရန်ကုန်စီစဉ်သူများထဲမှ တစ်ဦးဖြစ်သူ ကိုဇော်ဇော်မျိုးလွင်က ပြောသည်။

ထို့အပြင် ဘားကမ့်ရန်ကုန်၂၀၁၃ နှင့်ပတ်သက်သည့် သတင်းအချက်အလက်များကို အင်တာနက်စာမျက်နှာများကတစ်ဆင့် အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးနေမည်ဟု ဆက်လက်သိရသည်။ ဘားကမ့်ရန်ကုန်၏ အင်တာနက်စာမျက်နှာမှာ http://www.barcampyangon.org ဖြစ်သည်။

ဘားကမ့်ဆိုသည်မှာ လွပ်လပ်ပေါ့ပါးပြီး မည်သူမဆိုပါဝင်နိုင်သည့် နည်းပညာဆိုင်ရာဖလှယ်ပွဲဖြစ်သည်။ ဝက်ဘ် ၂.၀ ခေတ်တွင် လူအများလက်ခံလာသည့် ပူးပေါင်းလုပ်ဆောင်ခြင်း၊ အသိပညာ ဖလှယ် ခြင်းများကို အခြေခံ၍ တစ်ဦးနှင့်တစ်ဦးအကြား၊ ပညာရှင်နှင့်ပညာရှင်မဟုတ်သူအကြား အသိပညာကွာခြားမှုနယ်ပယ်ကျဉ်းမြောင်းစေရန် အကောင်အထည်ဖော်သည့်ပွဲတစ်ခုဖြစ်သည်။ မြန်မာနိုင်ငံတွင် ဘားကမ့်ကို ပထမဆုံးအကြိမ်ဖြင့် ၂၀၁၂ ခုနှစ်မှစတင်၍ ကျင်းပခဲ့သည်။ ■

ဟန်ဇော်

## အင်တာနက်လမ်းညွှန်

**http://www.womenshealth.gov**

အမျိုးသမီးများ၏ ကျန်းမာရေးနှင့်ပတ်သက်သည့် အကြောင်းအရာများကို လွှင့်တင်ပေးထားသည့် အင်တာနက်စာမျက်နှာဖြစ်သည်။ ယင်းတွင် ကျန်းမာရေးဆိုင်ရာသတင်းများနှင့် ဆောင်းပါးများကို ဖော်ပြထားသည်။ အမေရိကန်အစိုးရမှ လွှင့်တင်ပေးထားသော အင်တာနက်စာမျက်နှာဖြစ်သည်။

**http://www.unwomen.org**

ကုလသမဂ္ဂအဖွဲ့အစည်းမှ လွှင့်တင်ပေးထားသောအင်တာနက်စာမျက်နှာဖြစ်သည်။ ကမ္ဘာ့နိုင်ငံအသီးသီးရှိ အမျိုးသမီးများအတွက် အခွင့်အရေးဆိုင်ရာကာကွယ်ပေးမှုများနှင့် အမျိုးသမီးတို့၏ အခန်းကဏ္ဍဆိုင်ရာများကို ဖော်ပြထားသော အင်တာနက်စာမျက်နှာဖြစ်သည်။

**http://www.womansday.com**

အမျိုးသမီးတို့၏ အထွေထွေဘဝနေထိုင်မှုအတွင် လွှင့်တင်ထားသော အင်တာနက်စာမျက်နှာဖြစ်သည်။ ယင်းသည် အင်တာနက်မဂ္ဂဇင်းတစ်စောင်လည်းဖြစ်သည်။ ကျန်းမာရေး၊ အစားအသောက်၊ ဘဝနေထိုင်မှုနှင့် အိမ်ထောင်သည်ဘဝနေထိုင်မှုများအကြောင်းကို ဖော်ပြထားသည်။

**http://www.healthywomen.org**

အမျိုးသမီးများအတွက် ကျန်းမာရေးဆိုင်ရာ အထွေထွေကိစ္စများကို လွှင့်တင်ထားသော အင်တာနက်စာမျက်နှာဖြစ်သည်။

**http://www.ivillage.com**

အမျိုးသမီးရေးရာ အထွေထွေကိစ္စများကို လွှင့်တင်ထားသော အင်တာနက်စာမျက်နှာဖြစ်သည်။ အွန်လိုင်းမဂ္ဂဇင်းတစ်စောင်လည်းဖြစ်သည်။ ■

ဟန်ဇော်

**စာပြင်ဆရာ လိုအပ်လျက်ရှိ**

အလင်းတန်းဂျာနယ်၊ ရွှေအမြုတေမဂ္ဂဇင်းနှင့် ဖူးငုံဆယ်ကျော်သက်မဂ္ဂဇင်းတို့တွင် စာပြင်ဆရာတာဝန်ထမ်းဆောင်ရန် လိုအပ်လျက်ရှိပါသဖြင့် မြန်မာစာလုံးပေါင်းသတ်ပုံနိုင်နင်းပြီး မြန်မာသဒ္ဒါ ကျွမ်းကျင်သူများ အယ်ဒီတာအဖွဲ့ရုံးစိုက်ရာ အခန်း ၁၇၊ တိုက် ၁၅၈/ ၁၆၈(ပထမထပ်)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ (ဖုန်း-၀၁ ၂၅၄၂၅၂)သို့ လူကိုယ်တိုင်လာရောက်တွေ့ဆုံလျှောက်ထားနိုင်ပါသည်။
■ အယ်ဒီတာအဖွဲ့

ရာပြည့်

## မိန်းမလျာသုံးလေထိုးရုပ်မှာ နာမည်တပ်ခံရလို့ ဒေါသဖြစ်ရသူ Justin Bieber


Selena Gomez နဲ့ Justin Bieber

Pipedream အမည်ရ၊ အရုပ်ကုမ္ပဏီတစ်ခုက မိန်းမလျာတွေလိင်ဖျော်ဖြေရေးအတွက် ထုတ်လုပ်တဲ့လေထိုးရုပ်တစ်ခုရဲ့ဘူးခွံပေါ်မှာ သူ့နာမည်ကို သုံးပြီး လူတူသရုပ်ဆောင်ရဲ့ကိုယ်အထက်ပိုင်းဗလာကျင်းနေတဲ့ ရုပ်ပုံကိုပါ ဖော်ပြထားတာကြောင့် အဆိုတော် Justin Bieberဟာဒေါသအမျက်ချောင်းချောင်း ထွက်နေရပါတယ်။ အဲဒီအပြင် ဘူးခွံပေါ်မှာ မဖွယ်မရာစကားလုံးတွေ သုံးစွဲရေးသားထားသလို သူ့ချစ်သူ Selena Gomez ကိုညွှန်းဆိုထားတဲ့အရေးအသားတွေလည်း ပါဝင်ပါသေးတယ်။ Justinနဲ့ နီးစပ်သူတွေရဲ့အဆိုအရ အင်မတန်အကျည်းတန်လှတဲ့ ဒီလုပ်ရပ်ကြောင့် Justinတော်တော်ဒေါသဖြစ်နေကြောင်း ဒီကိစ္စကို ဖြေရှင်းဖို့ သူ့ရှေ့နေတွေဆီ အပ်လိုက်ပြီဖြစ်ကြောင်း သိရှိရပါတယ်။ Pipedream ဟာ အရင်ကလည်း Katy Perry, Pamela Anderson နဲ့ Kim Kardashianတို့အမည်နဲ့ လိင်ဖျော်ဖြေရေး လေထိုးရုပ်တွေ ထုတ်ခဲ့ဖူးပါတယ်။ လောလောဆယ်မှာတော့ စတာလင်ပေါင်နှစ်ဆယ်နဲ့ ရောင်းချပေးနေတဲ့ Bieber လေထိုးရုပ်ဟာ ပစ္စည်းပြတ်နေကြောင်း ကုမ္ပဏီ Websiteမှာ ရေးထားတာတွေ တွေ့ကြရပါတယ်။ Justin ရဲ့မိတ်ဆွေတွေကတော့ တရားစွဲဆိုခံရမှာ ကြောက်သွားကြတာလို့ ပြောကြားခဲ့ပါတယ်။ ❑ *07.11.2012,The Sun*



မိန်းမလျာသုံးပစ္စည်းဘူးခွံမှာ တွေ့ရတဲ့ Justin Bieber


Justin Bieber

## Rihanna အယ်လ်ဘမ်သစ် သီချင်းစာရင်း ထုတ်ပြန်

***Unapologetic*** အမည်ရ အယ်လ်ဘမ်အသစ်မှာပါဝင်မယ့် သီချင်းစာရင်းကို အဆိုတော် Rihanna က လက်ရေးနဲ့ရေးသား ထုတ်ပြန်ခဲ့ရာမှာ ချစ်သူဟောင်း Chris Brown နဲ့တွဲဖက်သီဆိုထားတဲ့သီချင်းတစ်ပုဒ် ပါဝင်လာတာ တွေ့ကြရပါတယ်။ Rihanna ရဲ့ သီချင်းခေါင်းစဉ်တွေက တွေးစရာများများစားစား မရှိလှပေမယ့် *Nobody's Business* လို့ အမည်ပေးထားတဲ့ Chris Brownနဲ့စုံတွဲသီချင်းကတော့ ပရိသတ်တွေကို တွေးစရာတွေ ပေးနိုင်ခဲ့ပါတယ်။ ***Unapologetic*** မှာ Eminem ရဲ့သီချင်းတစ်ပုဒ်လည်း ပါဝင်သလို အရောင်းဇယားတွေမှာ ထိပ်တန်းစာရင်းဝင် သီချင်းရေးသားသူ စကော့တလန်သား တေးရေးအဆိုတော် Emeli Sande ရဲ့သီချင်းတစ်ပုဒ်လည်း ပါဝင်ပါတယ်။ Rihanna ကို ကိုယ်ထိလက်ရောက်အကြမ်း ဖက်ခဲ့ဖူးတဲ့ ချစ်သူဟောင်း Chris Brownကတော့ သူ့အပေါ်အမျက်ပြေဖို့ ကြိုးစားနေပုံ ရပါတယ်။ လာမယ့်သီတင်းပတ်အတွင်းစတင်မယ့် သူ့ရဲ့ဥရောပပွဲစဉ်တွေကို လာရောက်ကြည့်ရှုနိုင်ဖို့အတွက် Rihanna လာချင်တဲ့အချိန် လာနိုင်အောင် သူ့ကိုယ်ပိုင် Gulfstreamဂျက်လေယာဉ်ကို






စေလွှတ်ပေးမှာဖြစ်ကြောင်း Chris Brownက ပြောကြားခဲ့တာကြောင့်ပဲ ဖြစ်ပါတယ်။ အဲဒီဂျက်လေယာဉ်ဟာ ခရီးစဉ်တစ်ကြောင်းအတွက် ကုန်ကျစရိတ် အနည်းဆုံးစတာလင်ပေါင် ငါးသောင်းလောက်ရှိပါတယ်။ Chris Brown နဲ့စုံတွဲသီချင်းအမည်ကို *Nobody's Business* (ဘယ်သူ့အလုပ်မှ မဟုတ်ဘူး)လို့ ခပ်ရင့်ရင့်ပေးထားတဲ့ Rihannaဟာ Chrisရဲ့ ဥရောပပွဲစဉ်ကို သွားကြည့်ချင်ရင်လည်း ဘယ်သူ့အလုပ်မှ မဟုတ်ဘူးလို့ ပြောကြဦးမလား တွေးတောစရာ ဖြစ်နေပါတော့တယ်။ ❑ *07.11.2012,The Sun*

## လန်ဒန်ရောက် Kim Kardashian

နာမည်ကျော် ရုပ်/သံသရုပ်ဆောင်အလှမယ် Kim Kardashian နဲ့ ညီအစ်မတစ်တွေဖြစ်တဲ့ Khloe, Kourtney နဲ့တူတော်မောင် Mason တို့ကို နိုဝင်ဘာလ ၆ ရက်နေ့က မိုင်ယာမီလေဆိပ်မှာ တွေ့လိုက်ကြရပါတယ်။ Kim Kardashianတို့ ညီအစ်မတစ်တွေဟာ လန်ဒန်ကို သွားပြီး Kardashian Kollection ဖွင့်ပွဲကျင်းပပေးမှာ ဖြစ်ပါတယ်။ Kim ရဲ့အစ်မဖြစ်သူကမွေးတဲ့ နှစ်နှစ်သားအရွယ် တူတော်မောင်လေး Mason ကို Kim Kardashian က ချီထားတာလည်း တွေ့ကြရပါတယ်။ Kimဟာ အချိုးအဆကျနလှပတဲ့ ခန္ဓာကိုယ်နဲ့လိုက်ဖက်တဲ့ သားရေဝတ်စုံကိုဝတ်ဆင်ထားတာ တွေ့ကြရပါတယ်။ အမေရိကန် သမ္မတရွေးကောက်ပွဲမှာ အပြေးအလွှားမဲထည့်ပြီး လေဆိပ်ကို ဆင်းလာခဲ့ရတဲ့ Kim က လေယာဉ်မတက်ခင်မှာ Twitter စာမျက်နှာထက်ကနေ လေယာဉ်က လန်ဒန်ကိုထွက်တော့မယ်။ လန်ဒန်ကို ခြေချဖို့ မအောင့်အည်းနိုင်သလို အမေရိကန်ပြည်ထောင်စုရဲ့ သမ္မတက ဘယ်သူဖြစ်မလဲဆိုတာ မြင်ရဖို့ကိုလည်း မအောင့်နိုင်ကြောင်း ရေးသားဖော်ပြခဲ့ပါတယ်။ နိုဝင်ဘာလ ၇ ရက်နေ့ မနက် လန်ဒန်ကို ရောက်ပြီးချိန်မှာတော့ လေယာဉ်ဆိုက်ပြီးနောက် သမ္မတ ဘယ်သူဖြစ်မလဲ စိတ်စောနေမိတယ်။ သတင်းကောင်းကို ကြားလိုက်ရပြီ။ ဂုဏ်ယူပါတယ် သမ္မတကြီး Obamaလို့ ထပ်မံရေးသားဖော်ပြသွားခဲ့ပါတယ်။ Kim ဟာ လန်ဒန်မှာ Kardashian Kollection ဆိုင်ဖွင့်ပွဲသာမက သူ့ရဲ့ရုပ်/သံအစီအစဉ်အတွက် လိုအပ်တဲ့ဇာတ်ဝင်ခန်းတွေကိုပါ ရိုက်ကူးသွားမှာ ဖြစ်ပါတယ်။ ❑ *07.11.2012, The Sun*


Kim Kardashian နဲ့ တူတော်မောင် Mason

အခန်း ၁၇
၁၅၈/၁၆၀(ပထမထပ်)၊
မဟာဗန္ဓုလပန်းခြံလမ်း
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဖုန်း-၀၁-၂၅၄၂၅၂
E-mail: nyeinfamily@gmail.com
The Ray of Light Journal

နာရေးကူညီမှုအသင်း(ရန်ကုန်) သို့ ဆက်သွယ်လိုပါလျှင်
ဖုန်း – ၀၁–၇၀၉၂၇၇၊ ၀၁–၇၂၈၀၈၉၊ ၀၁–၇၀၄၇၈၄
၀၉၈၆၄၀၂၁၉ – (ရေဝေးရုံးခွဲ)

# Live MTVနဲ့ ရိုက်ကူးနေတဲ့ နေရဲမာန်ရဲ့ လှူငယ်ခြေကျ

မှတ်မှတ်ရရ ၂၀၀၈ ခုနှစ် မေလ ၂ ရက် နာဂစ်မုန်တိုင်းကျရောက်တဲ့နေ့မှာ ပထမဦးဆုံးတေးစီးရီး သူဌေးသမက် ကို စတင်ဖြန့်ချိခဲ့တဲ့ အဆိုတော် နေရဲမာန်က အဲဒီ သူဌေးသမက် တေးစီးရီးထွက်ရှိပြီးတဲ့ နောက်ပိုင်း *အဆင်ပြေရဲ့လား၊ နေရဲမာန်သင်္ကြန် ၂၀၀၉၊ ပူမနေပါနဲ့၊ နေရဲ မာန်သင်္ကြန် ၂၀၁၀၊ ဘာဖြစ်တာလဲ၊ နေရဲမာန်သင်္ကြန် ၂၀၁၁ မန္တလေးမြို့ကြီး ထမ်းပြီး ပြန်မယ်၊ လျှောက်မပြောနဲ့၊ နေရဲမာန်သင်္ကြန် ၂၀၁၂ ဧရာဝတီသင်္ကြန်* နတ်သမီး တေးစီးရီး ၉ ခွေ ထွက်ရှိနိုင်ခဲ့တဲ့ အဆိုတော် နေရဲမာန်က သူ့ရဲ့ ၁၀ ခွေမြောက် တေးစီးရီး လှူငယ်ခြေကျ ကို Live MTV ပုံစံနဲ့ နိုဝင်ဘာလ ၈ ရက်နေ့က ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသား ကဇာတ်ရုံမှာ ရိုက်ကူးခဲ့ပါတယ်။

*လှူငယ်ခြေကျ* တေးစီးရီးမှာ ကျန်တဲ့တေးစီးရီးများနဲ့မတူဘဲ ဒဿနဆန်တဲ့သီချင်းများနဲ့ လှူငယ်ခြေတက်မဟုတ်ဘဲ လှူငယ်ခြေကျလို့ တစ်မျိုးတစ်ဘာသာဖြစ်အောင် နာမည်ပေးထားတဲ့ ဆရာ စိုင်းခမ်းလိတ်ရဲ့ လက်ရာတေးသီချင်းကို Title ပေးထားပါတယ်။ ဒီသီချင်းကို နေရဲမာန်က RIT ကျောင်းသားဘဝကတည်းက အဆောင်တွေမှာ လိုက်လံသီဆိုဖြစ်ခဲ့တဲ့ သီချင်းဖြစ်ပြီး တေးစီးရီးထဲမှာ မပါဝင်ဖြစ်ခဲ့ပေမယ့် အခုချိန်ခါမှာတော့ ဆရာ ***စာမျက်နှာ(၂၀)သို့…***


နေရဲမာန်နဲ့ ယုရေနီယံအဖွဲ့


ဇေယျာ(ယုရေနီယံ)၊ နေရဲမာန်၊ ရန့်အောင်၊ ရဲအောင်

# ရေကူးအားကစားအတွက် တွန်းအား

၂၀၁၃ မှာ ကျင်းပမယ့် အရှေ့တောင် အာရှအားကစားပြိုင်ပွဲ လှုံ့ဆော်ရေး အစီအစဉ်အတွက် ဇာတ်လမ်းတိုကို ဒါရိုက်တာ မောင်မျိုးမင်း (ရင်တွင်းဖြစ်)က ရိုက်ကူးနေပါတယ်။ ဒါရိုက်တာ မောင်မျိုးမင်း (ရင်တွင်းဖြစ်)က ရေကူး၊ မြားပစ်၊ စက်ဘီး၊ လမ်းလျှောက်၊ လက်ဝှေ့ အားကစားများအတွက် လှုံ့ဆော်ရေး ဇာတ်လမ်းတိုများ ရိုက်ကူးပေးမှာ ဖြစ်ပါတယ်။ ရေကူးအားကစား အတွက် လှုံ့ဆော်ရေးဇာတ်လမ်းတို တွင် နေတိုး၊ မင်းသွေး၊ ချစ်သုဝေ စတဲ့ သရုပ်ဆောင်များက ပါဝင်သရုပ်ဆောင်ထားပြီး မိနစ် ၄၀ စာခန့်ရှိတဲ့ ဇာတ်လမ်းကို ရိုက်ကူးတာ ဖြစ်ပါတယ်။ "လှုံ့ဆော်တဲ့နေရာမှာ အတင်းနိုးကြားကြပါဆိုပြီး အတင်းလှုံ့ဆော်နေလို့ မရဘူး။ ပရိသတ်ရင်ထဲကို ခံစားမှုတစ်ခုရောက်အောင် ပေးနိုင်မှ ငြိသွားမှာပဲ့မှာ။ တကယ်တက်ကြွလာဖို့ သူတို့ရဲ့ရင်ထဲကိုထိရောက်တဲ့ ခံစားမှုပေးနိုင်မှ သူတို့တွေက ရောက်တယ်လို့ ထင်မှာ။ အဲဒါကြောင့် ဒီဇာတ်လမ်းတိုကခါတိုင်းရိုက်နေကျ ပေါ်လစီကားတွေလို မဟုတ်ဘူး။ အားကစား ပေါ်လစီပါတဲ့ ကားမျိုး မဟုတ်ဘဲ ခံစားမှုပါတဲ့***စာမျက်နှာ(၂၀)သို့…***


ချစ်သုဝေနဲ့ နေတိုးတို့ရဲ့ သရုပ်ဆောင်မှု


ရိုက်ကွင်းပေါ်မှာ တွေ့ရတဲ့ ဒါရိုက်တာ မောင်မျိုးမင်း(ရင်တွင်းဖြစ်)


ရေကူးသမားအဖြစ် မြင်ရမယ့် နေတိုး


မွေးနေ့ရှင်များဖြစ်တဲ့ တင်ဇာမိုးဝင်း၊



ဇာတ်သဘင်အနုပညာရှင်များဖြ
တင်ဇာမိုးဝင်းက နိုဝင်ဘာလ ၈ ရ
ရက်နေ့စသဖြင့် မွေးနေ့တွေ တစ်ရက်
ဖြစ်လို့ သုံးယောက်ပေါင်း ကျင်းပ
ရက်နေ့ညက ရန်ကုန်မြို့ M3 စားသေ
တယ်။ မွေးနေ့ပျော်ပွဲဆိုပေမယ့် ရင်းနှီ
အနေနဲ့ ဇာတ်သဘင်က အနုပညာ
ပါတယ်။ ဇာတ်သဘင်ပညာရှင်မျာ
ညစာကို အတူသုံးဆောင်ခဲ့ကြတာဖြ
ပျော်ဖြေနေတဲ့ တင်ဇာမိုးဝင်းရဲ့အစ်
ကျင်းပပြီးချိန်လောက်မှာ ရောက်ရှိလ
ဆောင်များပေးအပ်ခဲ့တာ တွေ့ရပါတ
တာ မကြုံဖူးကြပေမယ့် ချစ်သူခင်သ

ဂျောက်ဂျက်ရဲ့ တိုင်းသိပြည်သိ
၃ ရက်က စိန်ဂေဟာ(လှည်းတန်း)
ခဲ့ပါတယ်။ တိုင်းသိပြည်သိ စီးရီး
CMP တေးထုတ်လုပ်ရေးကနေ ဖြန့်ချိ
ဘာ ၂၈ ရက်နေ့ မန္တလေး မနော်ရ
ဂျောက်ဂျက်က "မန္တလေးမှာ စနိုမြ
လုပ်ခဲ့တာပါ။ ဒီနေ့ စိန်ဂေဟာ(လှည်းတန်း) မှာ ပရိသတ်တော်တော်များပါတယ်။ ပရိသတ်တွေရဲ့ အားပေးမှုရပါတယ်။ ပရိမိုးရှင်းကိုတော့ တစ်ပတ်နောက်ကျပြီးမှ လုပ်ဖြစ်တယ်။ နားထောင်ပြီးသားလူတွေကတော့ မလာကြတော့ဘူး။ ဝေဖန်သံတွေကတော့ သူငယ်ချင်းတွေက မြှောက်ပြီး
မသိဘူး ကောင်းတယ်လို့တော့ ပြော
တယ်။ ဂျောက်ဂျက်က တိုင်းသိပြည်သိ
ပြုလုပ်ထားတာ ဖြစ်ပါတယ်။ စီဒီအ
အနေနဲ့ ဘယ်လိုစိတ်ကူးထားလဲဆိုတ
ကို တစ်ခွေပုံမှန်ထွက်အောင် ကြိုးစ
ကို ရှေ့နှစ်မှာထွက်နိုင်အောင်ကြိုးစားမှာ


ဂျောက်ဂျက်



# မိုးမင်း၊ တင်ဇာမိုးဝင်းနဲ့ ပုလဲကေခိုင်တို့ရဲ့ သုံးယောက်ပေါင်း မွေးနေ့


မိုးမင်းနဲ့ ပုလဲကေခိုင်


...ဖြိုး


မြန်မာ့သဘင် အနုပညာရှင်များ စုံစုံညီညီ တွေ့ခဲ့ရတဲ့ မွေးနေ့ည

...ကြတဲ့ မိုးမင်းက နိုဝင်ဘာလ ၇ ရက်နေ့၊ ...က်နေ့၊ ပုလဲကေခိုင်က နိုဝင်ဘာလ ၆ ...ပြီးတစ်ရက် ထူးခြားစွာ တိုက်ဆိုင်နေတာ ...ကဲ့ မွေးနေ့ပျော်စရာပွဲကို နိုဝင်ဘာလ ၇ ...သာက်ဆိုင်မှာ ပူးပေါင်းကျင်းပခဲ့ကြပါ ...းသူများကိုသာ ဖိတ်ကြားနိုင်ခဲ့ပြီး အဓိက ...ရှင်များကိုသာ ဖိတ်ကြားနိုင်ခဲ့တာ ဖြစ် ...း ပျော်ပျော်ပါးပါး သီချင်းတွေဆိုရင်း ...ခဲ့ပြီး မန္တလေးမြို့မှာ သွားရောက်ကပြ ...ကိုဖြစ်သူ ဟန်ဇာမိုးဝင်းလည်း မွေးနေ့ပွဲ ...ခဲ့ပြီး မွေးနေ့ရှင် သုံးဦးစလုံးကို လက် ...ယ်။ သုံးယောက်ပေါင်း မွေးနေ့ပွဲကျင်းပ ...တွေဖြစ်လို့ ပူးတွဲ**စာမျက်နှာ(၂၀)သို့...**


မွေးနေ့ပွဲကို မင်းသားကြီး မိုးဝင်းလည်း တက်ရောက်ပါတယ်


နန်းခင်မွေး၊ တင်မောင်ဆန်းမင်းဝင်း၊ ပုလဲကေခိုင်နဲ့ ယဉ်ယဉ်မင်း

# တိုင်းသိပြည်သိ ပရိုမိုးရှင်း

...စီးရီးပရိုမိုးရှင်းများကို ၂၀၁၂ နိုဝင်ဘာ ...နဲ့ စိန်ဂေဟာ(ပြည်လမ်း)တို့မှာ ပြုလုပ် ...ကို ၂၀၁၂ အောက်တိုဘာ ၂၇ ရက်က ...ပြုပေးထားတာ ဖြစ်ပါတယ်။ အောက်တို ...ကစားကွင်းမှာ ပရိုမိုးရှင်းပြုလုပ်ခဲ့တဲ့ ...င်လွင်ရဲ့ ရှော့ခ် ဗီစီဒီနဲ့အတူ ပရိုမိုးရှင်း


...နဲ့ စန္ဒီမြင့်လွင်

...ပြောတာလား၊ အချင်းချင်းမို့ပြောတာလား ...ကြတယ်။ ဒါပေမဲ့ မထင်ဘူး" လို့ ဆိုပါ ...ီ စီးရီးကို သေသေချာချာ သပ်သပ်ရပ်ရပ် ...နေနဲ့ထွက်သွားပြီဖြစ်တာကြောင့် ဗီစီဒီ ...နဲ့ပတ်သက်ပြီး "ကျွန်တော်က တစ်နှစ် ...းနေပါတယ်။ တိုင်းသိပြည်သိ MTV ...ပါ" လို့ ပြောက်ကျက်**စာမျက်နှာ(၂၀)သို့...**


လက်မှတ်ရေးထိုးပွဲမှာ ပျောက်ချက်နဲ့အတူ ဂီတာရောင်းရင်းများက ပါဝင်လက်မှတ်ရေးထိုးကြပါတယ်

...RY EXCHANGE
"...eel the change"
...လုပ်ပေးနော်...

အမှတ်(F -24)၊ ပထမထပ်၊ ဝေဇယန္တာ Shopping Center, ရန်ကုန်မြို့။

အမှတ် - A2, ၇၈ လမ်း၊ ၃၂ လမ်း x ၃၃ လမ်းကြား၊ မန္တလေးမြို့။

# Miss Now How 2013 အတွက် အယောက်သုံးဆယ် ပဏာမရွေးချယ်

Miss Now How 2013 ပဏာမ ရွေးချယ်ပွဲကို နိုဝင်ဘာလ ၄ ရက်နဲ့ ၅ ရက်နေ့တွေက Junction Square မှာ အုပ်စု နှစ်စုခွဲပြီး ကျင်းပခဲ့ပါတယ်။

Miss Now How 2013 အတွက် ပဏာမရွေးချယ်ပွဲမှာ ပြိုင်ပွဲဝင်ပေါင်း ရှစ်ဆယ်ပါဝင်ယှဉ်ပြိုင်ခဲ့တာဖြစ်ပြီး အယောက်သုံးဆယ်ကို ဆန်ခါတင် ရွေးချယ်ခဲ့ပါတယ်။ ဆန်ခါတင်ရွေးချယ်ထားတဲ့ အယောက်သုံးဆယ်ကတော့ (၁) သွန်းသဇ္ဈာဇော်၊ (၂) ဝင်းရွှေရည်၊ (၃) နန်းစန္ဒာလှထွန်း၊ (၄) မြတ်သူသူဇင်၊ (၅) စုမြတ်နိုးကျော်၊ (၆) ဆုကြည်ဖြူစံ၊ (၇) ခင်လပြည့်ဇော်၊ (၈) ဖူးပွင့်သခင်၊ (၉) ယွန်းမီမီဇော်၊ (၁၀) ဇင်မာထွန်း၊ (၁၁) ယွန်းမီမီဦး၊ (၁၂) အေးချမ်းပွင့်၊ (၁၃) ဖူးပြည့်ဟေမန်၊ (၁၄) ထက်အဥ္ဇလီ၊ (၁၅) အင်ကြင်းထူး၊ (၁၆)ရွှေယမင်းအေး၊


ရွှေယမင်းအေး


ထက်အဥ္ဇလီ


ကုန္ဒြေခင်


ရွှေသမီး

(၁၇) မိုင်လီသွန်းစက်၊ (၁၈) ဟန်သီ၊ (၁၉) နှင်းနဒီချို၊ (၂၀) မိုမိုကို၊ (၂၁) အလက်ဘခေတ်၊ (၂၂) မိုးမြင့်စိုးစံ၊ (၂၃) ဆုလေး၊ (၂၄) နှင်းယမုံဦး၊ (၂၅) လရိပ်ပြာ၊ (၂၆) ယွန်းစံမျိုး၊ (၂၇) ယွန်းမိုမိုကျော်၊ (၂၈) နန်းခေးမို၊ (၂၉) ရွှေသမီး၊ (၃၀) ကုန္ဒြေခင်တို့ဖြစ်ပါတယ်။ ဆန်ခါတင်ရွေးချယ်ထားတဲ့ ပြိုင်ပွဲဝင်အယောက် ၃၀ ရဲ့ အမည်စာရင်းကို ဓာတ်ပုံနဲ့တကွ နိုဝင်ဘာလ ၁၀ ရက်ကစပြီး ရန်ကင်းစင်တာ MK Fashion Shop ရှေ့မှာ ကြေညာပေးထားမှာဖြစ်တယ်လို့လည်း သိရပါတယ်။ အဲဒီပြိုင်ပွဲဝင် အယောက် ၃၀ အနေနဲ့ ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၁၄ ရက် ညနေ ၅ နာရီခွဲကနေ ၈ နာရီခွဲအထိ Traders Hotel မှာ ကျင်းပမယ့် Miss Now How 2013 (Beauty Contest) မှာ ပါဝင်ယှဉ်ပြိုင်ခွင့်ရရှိမှာဖြစ်ပြီး Miss Now How ရရှိပါက ဆုကြေးငွေကျပ် ၂၅ သိန်းနဲ့ တစ်နှစ်စာ Now How အလှကုန်များ၊ 1 st Runner Up အတွက်ဆုကြေးငွေကျပ် ၁၅ သိန်းနဲ့ Now How အလှကုန်များ၊ 2 nd Runner Up အတွက် ဆုကြေးငွေကျပ် ၁၀ သိန်းနဲ့ Now How အလှကုန်များ၊ Miss Popular အတွက် ဆုကြေးငွေ ကျပ် ၅ သိန်းနဲ့ Now How အလှကုန်များ ပေးအပ်ချီးမြှင့်သွားမယ်လို့ သိရပါတယ်။ အဲဒီဆုအပြင် The Best Designer Award အတွက် ငွေကျပ် ၅ သိန်း၊ Miss Popular ဆုအတွက် ဆန္ဒမဲပေးပို့ကြသူများထံမှ ကံထူးရှင်တစ်ဦးရွေးချယ်ပြီး ငွေကျပ် ၅ သိန်း အသီးသီး ချီးမြှင့်ပေးသွားဦးမှာဖြစ်တယ်လို့လည်း သိရပါတယ်။

မြန်မာလေညင်းကုမ္ပဏီက ကြီးမှူးကျင်းပတဲ့ Miss Now How ပြိုင်ပွဲတွေမှာ Miss Now How ရရှိခဲ့ကြသူတွေကတော့ ၂၀၀၅ ခုနှစ်မှာ စုမြတ်အောင်၊ ၂၀၀၆ ခုနှစ်မှာ ခင်မဥ္ဇူနိုင်၊ ၂၀၀၇ ခုနှစ်မှာ မိုးယုစံ၊ ၂၀၀၉ ခုနှစ်မှာ ရှိုင်းသူမောင်နဲ့ ၂၀၁၀ ခုနှစ်မှာ ချောစုဟန်တို့ဖြစ်ပါတယ်။

■ နေလွင်

## စာအုပ်စင်

**အရှင်သုစိတ္တသာရ(မုတ်ကျွန်းရတနာ)**
***သာသနာတွင်း "လူ"***



ဓမ္မဝိရဂျာနယ်တွင် ဖော်ပြခဲ့ပြီးဖြစ်သည့် ဓမ္မစာစု ၁၆ ပုဒ်ကို စုစည်း၍ မုတ်ကျွန်းစာစဉ်က စီစဉ်ထုတ်ဝေခြင်းဖြစ်သည်။ သုတရသဓမ္မစာစုများကို ဆရာတော် အရှင်သုစိတ္တသာရ (မုတ်ကျွန်းရတနာ)က အခါအားလျော်စွာ စုစည်းထုတ်ဝေရာမှာ ယခုစာအုပ်သည် ၅ အုပ်မြောက်ဖြစ်သည်။ ဆရာတော်က **အတုယူမှာလား၊ အတုခိုးမှာလား** စာစုတွင် မိမိတို့နိုင်ငံ၌ ဖြစ်ပေါ်နေသည်များကို သုံးသပ်ထားရာမှာ *"မိမိတို့ မြန်မာနိုင်ငံသည်လည်း ကိုယ်ပိုင်စာပေ၊ ယဉ်ကျေးမှု၊ အနုပညာ၊ အစားအစာ၊ အဆွမ်းထက်သော သိုင်းပညာများရှိနေပါလျက် အဘယ့်အတွက်ကြောင့် ကမ္ဘာမကျော်ခဲ့သနည်းဟုဆိုရသော် "ရွာနားကမြက် ရွာနွားမစား၊" "ရွာဘုရား ရွာသား မကြည်ညို" ဆိုသကဲ့သို့ မြန်မာလူငယ် လူရွယ်အများစုသည် ကိုယ့်နိုင်ငံ၊ ကိုယ့်ယဉ်ကျေးမှုကို အထင်မကြီးကြ၊ ကမ္ဘာသို့တိုင်အောင် ထိုးဖောက်ဖို့လည်း မစဉ်းစားခဲ့၊ မကြိုးစားခဲ့။ မြန်မာ့ယဉ်ကျေးမှုကို တန်ဖိုးထားတတ်သူ လူနည်းစုလောက်သာ အမျှော်အမြင်ကြီးစွာ ထိန်းသိမ်းထားခဲ့ကြသည်။ ထို့ကြောင့်လည်း ကိုယ့်နိုင်ငံယဉ်ကျေးမှုမှာ "ဝါးလုံးခေါင်းထဲ လသာရသည့်အဖြစ်၌သာ" တည်ရှိနေခဲ့ရသည်။ အများစုမှာ တိုင်းတစ်ပါးယဉ်ကျေးမှုများကိုသာ အားကျခဲ့ကြပြီး အတုခိုးမှားကာ တလွဲဆံပင်ကောင်းနေခဲ့ကြသည်။ တိုင်းတစ်ပါးသားတို့က မိမိတို့နိုင်ငံ၏ ယဉ်ကျေးမှုကို ကမ္ဘာကျော်အောင် နည်းမျိုးစုံဖြင့် ကြိုးပမ်းနေကြချိန်တွင် မြန်မာလူငယ်အများစုမှာ ကိုယ်ပိုင်ယဉ်ကျေးမှုများကို အောင်မြင်ကျော်ကြားအောင် ဆန်းသစ်တီထွင်ဖို့ဝေးစွ၊ ချောင်ထိုးရန်ပင် ကြိုးစားနေသဖြင့် ပျောက်ပျက်မသွားအောင် ထိန်းသိမ်းဖို့ကိုပင် မနည်းချော့မော့တိုက်တွန်းနေရသည့်အဖြစ်သို့ ရောက်နေသည်။ ယခုသော်ကား နိုင်ငံကြီးတစ်နိုင်ငံဖြစ်ပါလျက် ကိုယ့်နိုင်ငံထက် အကျယ်အဝန်းသေးငယ်သော၊ လူဦးရေနည်းသော နိုင်ငံငယ်ကလေးများ၏ အဘက်ဘက်မှ တိုးတက်အောင်မြင်မှုများကို ငေးမောကြည့်နေရသည့်အဖြစ်၊ အားကျနေရသည့်အဖြစ်မှာ တွေးကြည့်လျှင် ရှက်ဖွယ်လိလိပင်ဖြစ်နေသည်။ မြန်မာလူမျိုးတွေမှာ မခံချင်စိတ်တွေ၊ မာန်မာနတွေ၊ အစွမ်းအစတွေ မရှိကြတော့ပြီလားဟုပင် ထင်မှတ်မှားစရာ ဖြစ်နေပေတော့သည်"* ဟု ရေးသားထားသည်ကို ဖတ်ရှုရသည်။

❑

— — — — — — — — —

**လှကွန်း**
***၁၉၂၀ ပထမကျောင်းသားသပိတ်***



***"သြော်… ဝေးခရီးကပေမယ့်၊ အရေးကြီးလျှင်ဖြင့် သွေးနီးရာ ပါစမြဲပေမို့၊ ဆရာလည်းကွာ ပထမအရင်-ကနဦးဆီက၊ (ထ) ဆင်ထူးကို တမြည်မြည်သင်ခဲ့သမို့၊ ထီမထင် ကျောင်းတော်သားတွေရဲ့၊ အမည်အစဉ်မှာ-ခေါင်းပေါ်အဖျားမှာလ-မင်းရှိဆရာကို၊ စာရင်းတို့က ထားလိုက်ကြပေတော့…"*** ဟူ၍ ဆရာကြီး သခင်ကိုယ်တော်မှိုင်း၏ လေးချိုးကြီးနှင့် အစချီကာ ၁၉၂၀ ကျောင်းသားသပိတ်ကို စာရေးဆရာ၊ သတင်းစာဆရာ လှကွန်းက မှတ်တမ်းပြုထားသည်။ ရှားပါးအချက်အလက် သမိုင်းဝင်အကြောင်းအရာများ စုံစေ့စွာပါရှိသည်။ ဆရာလှကွန်းက ယခုစာအုပ်နဲ့ပတ်သက်ပြီး သဘောထားမှတ်ချက်ဖော်ပြထားရာမှာ *"ဒီစာအုပ်မှာ ၁၉၂၀ ခုနှစ် ကျောင်းသားသပိတ်စဖြစ်တာကစပြီး အမျိုးသားကောလိပ်နဲ့ အမျိုးသားကျောင်းတွေအတွက် ငွေရေးကြေးရေးလိုအပ်ချက်တွေ ပညာရေးကိစ္စတွေကို အထူးအလေးပေးရေးသားတောင်းဆိုခဲ့တာ ကျောင်းဆရာတွေလိုအပ်တာတွေ့ရမှာ ဖြစ်တယ်။ အဲဒီကြေညာချက်တွေဟာ အမျိုးသားပညာရေးစနစ်ကို ဦးတည်နေတာဖြစ်တယ်။ အဲဒီဦးတည်ချက်ဟာ ဘာကိုပြသလဲဆိုရင် ကျောင်းသားတွေဟာ သပိတ်မှောက်ချင်လို့ မှောက်တာမဟုတ်ဘူး။ ကိုလိုနီပညာရေးစနစ်ကို အမျိုးသားပညာရေးစနစ်နဲ့ အစားထိုးဖို့လုပ်လိုက်တာပဲ။ ဒါကြောင့် သပိတ်မှောက်ကျောင်းသားတွေဟာ ညီငယ်ညီမငယ်တွေရဲ့ ပညာသင်ကြားရေးကို မထိခိုက်ရလေအောင် အမျိုးသားကျောင်းတွေ တည်ထောင်ခဲ့တယ်။ အမျိုးသားကျောင်းတွေ တည်ထောင်လာတဲ့အခါ အစစအရာရာ လိုအပ်ချက်တွေနဲ့ချည်း ရင်ဆိုင်နေရတယ်။ ဒါကြောင့် နောက်ပိုင်းကြေညာချက်တွေမှာ ဆရာရရေး၊ ငွေရရေးအတွက် အလေးပေးခဲ့ရတာ တွေ့ရတယ်။ တကယ်လည်း လိုအပ်ခဲ့တာ ဖြစ်တယ်။ အမျိုးသားကျောင်းတွေ စတင်တည်ထောင်ကတည်းက ဆရာတွေလိုတယ်။ ကျောင်းသုံးပရိဘောဂတွေလိုတယ်။ သင်ထောက်ကူပစ္စည်းတွေလိုတယ် စာအုပ်စာတမ်းတွေလိုတယ်။ အဆောက်အဦတွေမရှိသေးဘူး။ အဆောက်အဦမရှိတာက ပြဿနာမဟုတ်ဘူး။ မိုးအခါအတွက် ဘုန်းတော်ကြီးကျောင်းတွေရှိရင် ပြီးတယ်။ နွေရာသီဆိုရင် သစ်ပင်ရိပ်ကောင်းကောင်းရှိရင် ဖြစ်တယ်။ အရေးအကြီးဆုံးက ပရိဘောဂ၊ သင်ထောက်ကူပစ္စည်း၊ စာအုပ်စာတမ်းတွေက ငွေရှိမှ ဖြစ်မယ်။ ဆရာတွေလိုအပ်တာကိုလည်း သပိတ်မှောက်ကျောင်းသားတွေက ဖြည့်ဆည်းပေးကြတယ်။ ဒါပေမဲ့ ကျောင်းဆရာတွေအတွက် လမ်းစရိတ်၊ ဆေးလိပ်ဖိုး စတာတွေကတော့ ပေးမှဖြစ်မှာဒါလည်း လိုအပ်ချက်တစ်ခုပဲ။ ဒါကြောင့် နောက်ပိုင်းကြေညာချက်တွေမှာ ဆရာတွေ ဘော်လံဒီယာလုပ်ဖို့၊ ငွေကြေးထောက်ပံ့ကူညီကြဖို့ကို တိုက်တွန်းနှိုးဆော်တဲ့ ကြေညာချက်တွေအတော်များများ ထွက်လာတယ်ဆိုတာ လေ့လာတွေ့ရှိမှာ ဖြစ်ကြောင်းပါ"* ဟု ဆိုပါသည်။

❑

— — — — — — — — —

**ကြည်ဦး**
***ရှေးထုံးစဉ်လာ မြန်မာမှုများ***



စာရေးဆရာမကြီး (ဒေါ်)ကြည်ဦး၏ မြန်မာ့လေ့ယဉ်ကျေးမှုဆောင်းပါးများ ဖြစ်သည်။ ဆရာမကြီးက နိဒါန်းစကားဆိုရာမှာ *"ကျွန်မတို့၏ လုပ်ရိုးလုပ်စဉ်လုပ်လာခဲ့ကြသည့် ရှေးထုံးစဉ်လာ မြန်မာမှုများ (Traditional Myanmar Culture) သည် အဓိပ္ပာယ်ရှိကြပါ၏လော၊ အမှန်စင်စစ် လိုအပ်ကြပါ၏လောဟု ကျွန်မသည် လောလောဆယ်ဆယ် မဝေဖန်လိုပါ။ သို့ရာတွင် ဤ ရှေးထုံးစဉ်လာ မြန်မာမှုများကို အဘယ်ကြောင့် လုပ်ကြသည်ဟူသော အကြောင်းရင်း ဇျူပွတ်ကိုမူ ရှေးဦးစွာ သိထားကြရန် လိုအပ်သည်ဟု ကျွန်မ ထင်မြင်ယူဆမိပါသည်။ ထို့ကြောင့် ကျွန်မသည် လက်လှမ်းမီသမျှ၊ လေ့လာမိသမျှ၊ စုဆောင်းမိသမျှတို့ကို ဤစာတမ်းတွင် တင်ပြထားပါသည်။ မြန်မာမှု အထွေထွေဟူ၍ လုပ်ရိုးလုပ်စဉ်ရှိသမျှ လုပ်နေကြရသော်လည်း လိုအပ်ပါသလော၊ မလိုအပ်ပါသလော၊ သို့မဟုတ် အဘယ်အကြောင်းကို အရင်းခံ၍ လုပ်နေကြပါသနည်းဟု နိုင်ငံခြားသားတစ်ဦးတစ်ယောက်က မေးလာပါလျှင် ကျွန်မတို့သည် အဓိပ္ပာယ်ရှိရှိ၊ ခိုင်ခိုင်မာမာဖြင့် ဖြေနိုင်ရန် လိုအပ်ပေမည်။ "အကြောင်းရင်းတော့ မသိပါဘူး၊ ရှေးက လုပ်ရိုးထုံးစံရှိလို့ လုပ်ကြတာပါပဲ" ဟု ဖြေလိုက်လျှင် ကျွန်မတို့သာ နံ့ချာသည့်ဖျင်းရာ ရောက်ပေတော့မည်" ဟုလည်းကောင်း၊ "ဤစာအစုကို ဖတ်မိခြင်းအားဖြင့် ကျွန်မတို့ မိရိုးဖလာအတိုင်း လုပ်ကိုင်ဆောင်ရွက်နေကြသည့် အစုစု မြန်မာမှုတို့၏ သာကေ၊ ယုတ္တိ စသည်များကို စဉ်းစားဖွယ်ရာ၊ တွေးတောဖွယ်ရာ၊ ဆွေးနွေးဖွယ်ရာ အများအပြားရရှိလာနိုင်စေပါလိမ့်မည်။ အမှန်စင်စစ်အားဖြင့် ကျွန်မတို့သည် မြန်မာဟူသော အမည်ကိုခံ၍ အမှုမဲ့ အမှတ်မဲ့ နေခဲ့ကြရာမှ ဤမြန်မာမှုအထွေထွေကို ကျော်လွှားမိခဲ့ကြပါသည်။ သတိမမူကြ၍လည်း ဂုဏ်မျှ မမြင်ခဲ့ကြခြင်း ဖြစ်ခဲ့ကြသည်။ ထို့ကြောင့် ဤစာအစုကို သတိပြုဖတ်ရှုမိခြင်းအားဖြင့် ကျွန်မတို့သည် မိမိကိုယ်ကို ပြန်လည်လေ့လာကြည့်ရှုလျက် မှုန်ဝါးဝါးဖြစ်နေသော အမျိုးသားယဉ်ကျေးမှုကားချပ်ကို ပိုမိုထင်လာမြင်လာနိုင်ကြစေပါသတည်းဟူသော အရင်းခံစေတနာဖြင့် ဤစာအုပ်ကို ရေးသားထုတ်ဝေလိုက်ရခြင်း ဖြစ်ပါတော့သတည်း"* ဟု ရေးသားထားသည်ကို ဖတ်ရှုရသည်။

❑

# ပန်းချီစံတိုး၊ တင်မောင်မျှင့်၊ မောင်မောင်သိုက်၊ ဝသုန်တို့ရဲ့ ရွှေရောင်စာမျက်နှာများ



ဝသုန်ရဲ့ပန်းချီ



စံတိုးရဲ့ပန်းချီ



မောင်မောင်သိုက်ရဲ့ပန်းချီ



တင်မောင်မျှင့်ရဲ့ပန်းချီ

ကွယ်လွန်သွားပြီဖြစ်တဲ့ ပန်းချီဆရာကြီး စံတိုး၊ တင်မောင်မျှင့်၊ ဝသုန်၊ မောင်မောင်သိုက်တို့ရဲ့ လက်ရာများကို စုစည်းပြသမယ့် ရွှေရောင်စာမျက်နှာများ အမည်ရ ပန်းချီပြပွဲကို ၂၀၁၂ နိုဝင်ဘာ ၁၆ ရက်ကစပြီး ရန်ကုန်မြို့၊ လောကနတ်ပန်းချီပြခန်းမှာ ပြသမှာ ဖြစ်ပါတယ်။ ဒီပွဲကို ကွယ်လွန်သွားပြီဖြစ်တဲ့ ပန်းချီဆရာကြီးများရဲ့ မိသားစုဝင်များနဲ့ ပန်းချီဆရာ၊ ဆရာမများက စီစဉ်ကြတာ ဖြစ်ပါတယ်။ စာနယ်ဇင်းပန်းချီလောကမှာ အောင်မြင်မှုများစွာရခဲ့ကြတဲ့ ပန်းချီဆရာလေးဦးရဲ့ လက်ရာများကို တစုတစည်းတည်း မြင်တွေ့ခံစားရမှာဖြစ်ပါတယ်။ ပန်းချီ စံတိုးရဲ့သမီးဖြစ်သူ မသွယ်သွယ်အေးက "မိသားစုအနေနဲ့ရော ပန်းချီချစ်တဲ့ ပရိသတ်တွေအနေနဲ့ရော ဒီလိုပွဲမျိုးက ရှိသင့်ဖြစ်သင့်တယ်လို့ ထင်ပါတယ်။ တစ်ခေတ်တစ်ခါမှာ ထင်ရှားခဲ့တဲ့ လက်ရာတွေကို စုစုစည်းစည်းနဲ့တွေ့ရမယ်။ တစ်ယောက်ချင်းရဲ့ ပန်းချီကားတွေကို ပြတာထက် စာရင် လေးဦးရဲ့ ပန်းချီကားတွေကို စုစည်းပြတာ ပိုပြီးအမှတ်တရ ဖြစ်မယ် ထင်လို့ပါ" လို့ ပြပွဲပြုလုပ်ရတဲ့ ရည်ရွယ်ချက်ကို ပြောပြပါတယ်။ ပန်းချီ ဝသုန် မကွယ်လွန်မီ ပန်းချီ ကျော်သောင်း၊ မောင်မောင်သိုက်တို့နဲ့ ပေါင်းပြီး ပန်းချီပြပွဲသီးသန့်ပြုလုပ်ဖို့ စီစဉ်ခဲ့ဖူးပါတယ်။ ဒါပေမဲ့ ပန်းချီ ဝသုန် ကွယ်လွန်သွားတာကြောင့် သုံးယောက်ပေါင်း လုပ်ချင်တဲ့ ပန်းချီပြပွဲကို ပန်းချီဝသုန်က ပြုလုပ်ခွင့်မရခဲ့ပါဘူး။ ပန်းချီ ဝသုန်ရဲ့ သမီးဖြစ်သူ အင်ကြင်းမွှေးက "ဖေဖေဆုံးပြီးတဲ့အချိန်မှာ ဖေဖေ့ အမှတ်တရပွဲလုပ်တယ်။ ကျန်ခဲ့တဲ့ ပန်းချီဆရာတွေက ဝိုင်းပြီး ဖေဖေ့ အမှတ်တရပွဲ လုပ်ပေးခဲ့တယ်။ ဒါပေမဲ့ ဖေဖေ မဆုံးခင်က ရှိခဲ့တဲ့ဆန္ဒကို တော့ မလုပ်ဖြစ်ခဲ့ဘူး။ အခုပြုလုပ်မယ့် ပန်းချီဆရာကြီး လေးဦးစလုံးက မရှိတော့ပြီဖြစ်တဲ့အတွက် ဝမ်းနည်းဖို့ကောင်းပါတယ်။ ဒီလေးဦးရဲ့ အမှတ်တရလည်းဖြစ်အောင် သူတို့တွေ ရရှိခဲ့တဲ့ဆန္ဒတွေ ပြည့်ဝအောင် ဆိုပြီး ကျန်ခဲ့တဲ့မိသားစုတွေ၊ မျိုးဆက်သစ် ပန်းချီဆရာတွေ၊ တပည့်တွေ အားလုံးက သူတို့ဖြစ်ချင်တဲ့ဆန္ဒကို ဖြည့်ဆည်းပေးတဲ့သဘောပါ" လို့ ပြပွဲနဲ့ ပတ်သက်ပြီး ပြောပြပါတယ်။

ပြသမယ့် ပန်းချီဆရာကြီးတွေရဲ့လက်ရာများကို မမြင်ရတာကြာပြီဖြစ်တဲ့ ပရိသတ်များအနေနဲ့ လွမ်းစရာရော၊ အမှတ်တရအနေနဲ့ပါ အရသာ အများကြီးရှိမယ့်ပွဲဖြစ်တယ်လို့ ပန်းချီ ဆရာ မောင်မောင်သိုက်ရဲ့သား ဇေဖြိုးက ယုံကြည်ထားပါတယ်။ ပန်းချီ မောင်မောင်သိုက်ရဲ့ မိသားစုပိုင် ပန်းချီ ၁၃ ကားနဲ့ ကော်ပီကူးထားတဲ့ ပန်းချီ ၂ ကား၊ ပန်းချီဝသုန်ရဲ့ရေဆေးပန်းချီ၊ စာနယ်ဇင်းသရုပ်ဖော် ပန်းချီ၊ ပါတိတ်ပန်းချီ စုစုပေါင်း ၂၂ ကားတို့ကို ပြသမှာ ဖြစ်တယ်လို့ သိရပါတယ်။ ပန်းချီစံတိုးရဲ့ စာနယ်ဇင်း သရုပ်ဖော်လက်ရာများကို အများဆုံး စုစည်းပြသမှာဖြစ်ပြီး မိသားစုပိုင် ပန်းချီကားအနေနဲ့ တစ်ကားတို့ကို ပြသမှာဖြစ်ပါတယ်။ မျက်နှာဖုံးသရုပ် ဖော်ပန်းချီများအဖြစ် အားမာန်သစ်စာပေမှ ဦးညီမှိုင်းဆီက သရုပ်ဖော်ပန်းချီကားများကိုလည်း ပြသမှာပါ။ ပန်းချီဆရာ လေးဦးစလုံးရဲ့မျက်နှာဖုံး သရုပ်ဖော်ပန်းချီကား ၁၀ ကားစီ ပြသမှာဖြစ်ပါတယ်။ ပြသမယ့် ပန်းချီကားများထဲက မိသားစုပိုင် ပန်းချီကားများကိုတော့ ရောင်းချဖို့ အစီအစဉ်မရှိဘူးလို့ သိရပါတယ်။ ပန်းချီဆရာလေးဦးရဲ့ ပန်းချီကားများ စုစည်းပြသမှုပွဲနဲ့ ပန်းချီဝသုန် ကွယ်လွန်တာ ၄ နှစ် ပြည့်တဲ့အချိန်နဲ့ တိုက်ဆိုင်နေတာကြောင့် နောင် ၅ နှစ်ပြည့်တဲ့အချိန်မှာတော့ ပန်းချီဝသုန်ရဲ့ တစ်ကိုယ်တော်ပြပွဲပြုလုပ်ဖို့ စီစဉ်သွားမှာ ဖြစ်တယ်လို့ ပန်းချီဝသုန်ရဲ့ သမီးဖြစ်သူ အင်ကြင်းမွှေးက ဆိုပါတယ်။

ရွှေရောင်စာမျက်နှာများဆိုတဲ့ ပန်းချီပြပွဲမှာ ပန်းချီဆရာ လေးဦးစလုံးရဲ့ ပန်းချီလက်ရာများ ပါဝင်တဲ့ ပြက္ခဒိန်ထုတ်ရောင်းဖို့ စီစဉ်ထားပါတယ်။ ၃လ ၄ ရွက်မှာ ပန်းချီဆရာ လေးယောက်ရဲ့ ပန်းချီကားတစ်ကားစီပါဝင်မှာ ဖြစ်ပါတယ်။ ပြက္ခဒိန်ထုတ်ဖို့ စီစဉ်ဖြစ်တာနဲ့ပတ်သက်ပြီး "ပြပွဲမှာ ရောင်းမယ့်ပန်းချီကားကလည်း နည်းတယ်ဆိုတော့ ဒီပန်းချီဆရာကြီး လေးဦးရဲ့ လက်ရာတွေကို မြတ်နိုးတဲ့၊ ချစ်တဲ့ပရိသတ်ကတော့ ဘာပဲဖြစ်ဖြစ် အမှတ်တရ သိမ်းချင်မှာပဲ။ ဒီပြက္ခဒိန်က ပန်းချီ ပြပွဲအမှတ်တရ သိမ်းလို့ရအောင် လုပ် ဖြစ်သွားတာပါ" လို့ အင်ကြင်းမွှေးက ပြောပြခဲ့ပါတယ်။ ပန်းချီပြပွဲအမည် ဖြစ်တဲ့ ရွှေရောင်စာမျက်နှာများ ခေါင်းစဉ်ကို ပြက္ခဒိန်မှာလည်း ထည့်သုံးထားပါတယ်။ အနုပညာလက်ရာများကို ဖန်တီးနိုင်တဲ့အချိန်မှာပဲ ဘဝတစ်ပါး ကွယ်လွန်သွားကြတဲ့ ပန်းချီဆရာ လေးဦးရဲ့ လက်ရာများက ရွှေရောင်တွေလို့ပဲ စိတ်ထဲမှာ အမြဲတမ်းရှိနေတုန်းဖြစ်တာကြောင့် ပြပွဲနာမည်ကို ရွှေရောင်စာမျက်နှာများလို့ ပေးခဲ့တာဖြစ်ပါတယ်။ ဒီနာမည်ကို ပန်းချီ ဆရာမ မွှေးက ရွေးချယ်ပေးခဲ့တာဖြစ်ပြီး ပန်းချီဆရာ လေးဦးရဲ့မိသားစုဝင်များက သဘောကျနှစ်မြို့ခဲ့ကြပါတယ်။ ရွှေရောင်စာမျက်နှာများ ပန်းချီပြပွဲကို ၂၀၁၂ နိုဝင်ဘာ ၁၆ ရက်မှ ၂၁ ရက်အထိ လောကနတ် ပန်းချီပြခန်းမှာ ပြသမှာ ဖြစ်ပါတယ်။

ရွှေရောင်စာမျက်နှာများ ပန်းချီပြပွဲမှာ ပါဝင်ကြတဲ့ ပန်းချီဆရာ လေးဦးရဲ့လက်ရာများကို တစုတစည်းပြသမှာဖြစ်တာကြောင့် ကာယကံရှင် ပန်းချီဆရာများ တမလွန်ကနေ ဝမ်းသာကြမယ်လို့ မျှော်လင့်ပြီး ကျန်ရှိနေတဲ့ မိသားစုများကလည်း တစုတစည်းတည်း ပြသရတာကြောင့် ဝမ်းသာပီတိဖြစ်ရကြောင်း၊ ဝိုင်းဝန်းကူညီပေးကြတဲ့ ပန်းချီဆရာ၊ ဆရာမများ အားလုံးကို ကျေးဇူးတင်ကြောင်းများကို မိသားစုဝင်များက ပြောကြားခဲ့ပါတယ်။

■ ခင်လေးမြင့်

# ထွက်ရှိလာတော့မယ့် မေသူခိုင်ရဲ့ ဘဝနိူးစက်များ



တေးသံရှင် မေသူခိုင်

ကလေးသာသာအရွယ်တုန်းကတည်းက ဂီတကို ချစ်မြတ်နိုးခဲ့ပြီး ငါးနှစ်သမီးလောက်ကတည်းက သီချင်းတွေဆိုဖြစ်ခဲ့တဲ့ ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲတွေမှာ ပါဝင်သီဆိုယှဉ်ပြိုင်ခဲ့ဖူးတဲ့ မေသူခိုင်က ကြားထဲမှာ ကော်ပီသီချင်းများနဲ့ *အဖြေ* လို့ အမည်ပေးထားတဲ့ တစ်ကိုယ်တော် တေးစီးရီး ထွက်ရှိနိုင်ခဲ့ပြီးတဲ့နောက် ဒုတိယတစ်ကိုယ်တော်လို့ နာမည်တပ်ရမယ့် *ဘဝနိူးစက်များ* ကို Jn'T Entertainment က စီစဉ်တင်ဆက်ပြီး မာစတာတေးသံသွင်းက နိုဝင်ဘာလ ၁၈ ရက်နေ့မှာ ဗီစီဒီအနေနဲ့ ဖြန့်ချိပေးနိုင်တော့မှာဖြစ်လို့ စာနယ်ဇင်းမိတ်ဆက်တဲ့ အခမ်းအနားကို နိုဝင်ဘာလ ၉ ရက်နေ့က ရန် ကုန်မြို့ ဗိုလ်ချုပ်လမ်းရှိ စင်ထရယ်ဟိုတယ်မှာ ကျင်းပခဲ့ပါတယ်။

မေသူခိုင်က *ဘဝနိူးစက်များ* Audio CD ကို ၂၀၁၂ ဖေဖော်ဝါရီလကတည်းက ဖြန့်ချိပေးခဲ့တာဖြစ်ပြီး ဒီစီဒီ၊ ဗီစီဒီကာရာအိုကေအနေနဲ့တော့ ၇ လကျော်မျှ ကွာခြားသွားခဲ့တာဖြစ်ပါတယ်။ *ဘဝနိူးစက်များ* တေးစီးရီးထဲက သီချင်းများကို တေးရေးဆရာများဖြစ်ကြတဲ့ ရွှေကျော်ကျော်၊ ဇဝါ၊ ညီညီသွင်၊ လင်းလင်း၊ ကျော်စွာတို့ရေးသားပေးထားကြပြီး မေသူခိုင်ကိုယ်တိုင် ၃ ပုဒ် ပါဝင်ရေးသားထားကာ Cobra-H တေးဂီတအဖွဲ့က တီးခတ်ပေးထားတာဖြစ်တယ်လို့ သိရပါတယ်။ *ဘဝနိူးစက်များ* တေးစီးရီးထဲမှာ Electro Rock, Pop Punk, Power Pop, Rock သီချင်းများနဲ့ Pop သီချင်းချိုချိုများပါ မတူထူးခြားတဲ့ ပုံစံနဲ့ စီစဉ်ထားပြီး *ဘဝနိူးစက်များ၊ ငါဟာ ငါပဲ၊ ဘာတွေပဲဖြစ်ဖြစ်* သီချင်းသုံးပုဒ်ကိုတော့ ကိုယ်ပိုင်ခံစားချက်များနဲ့ ရေးသားသီဆိုထားတာ ဖြစ်တယ်လို့သိရပါတယ်။ *ဘဝနိူးစက်များ* ဗီစီဒီကို ဒါရိုက်တာများအဖြစ် လူမင်းခေါင်၊ သုံးပေါင်၊ ကိုပေါက်၊ ပြည့်ဖြိုးဟန်နဲ့ ရဲမြင့်သူတို့က ရိုက်ကူးပေးထားကြပြီး သရုပ်ဆောင်များအဖြစ် ပိုင်ဇေရဲထွန်း၊ ရဲတိုက်၊ မိုးအောင်ရင်၊ အရိုင်း၊ နိုနို၊ ရဲမင်းသူ၊ မင်းညို၊ လင်းယံ၊ စိုးမိုးကြည်၊ စိုးပြည့်သဇင်၊ ခင်မချိုခိုင်၊ ပိုးဒါလီ၊ လမင်းအိမ်၊ ရွှေသက်နဲ့ မေသူခိုင်ကိုယ်တိုင် ပါဝင်သရုပ်ဆောင်ထားပြီး ယူရေနီယံအကအဖွဲ့ကလည်း ပါဝင်ကပြပေးထားကြောင်း သိရပါတယ်။ နိုဝင်ဘာလ ၁၈ ရက်နေ့ မာစတာတေးသံသွင်းက ဗီစီဒီအနေနဲ့ဖြန့်ချိပေးတဲ့အခါ ပရိသတ်များ အားလုံးကြည့်ရှုစေလိုတဲ့ဆန္ဒနဲ့ အခွေဖြန့်ချိတဲ့ဈေးနှုန်းကိုလည်း သက်သက်သာသာနဲ့ ဖြန့်ချိပေးသွားမယ်လို့ မေသူခိုင်က ပြောပြခဲ့ပါတယ်။ ■ လင်းနိုင်ဦး

## မြန်မာနိုင်ငံ ကျောင်းသားလှုပ်ရှားမှု သမိုင်းစာအုပ် မိတ်ဆက်ပွဲ ကျင်းပ

ကျောင်းသားခေါင်းဆောင်၊ အကျဉ်းကျကိုအောင်ထွန်း ရေးသား၍ ပဥ္စရူပစာပေတိုက်မှ ထုတ်ဝေသော မြန်မာနိုင်ငံ ကျောင်းသားလှုပ်ရှားမှု သမိုင်း (၁၉၀၃-၁၉၆၂) စာအုပ်မိတ်ဆက်ပွဲအခမ်းအနားကို နိုဝင်ဘာ ၄ ရက် မွန်းလွဲ ၁ နာရီက ကျောက်တံတားမြို့နယ်၊ ဗိုလ်အောင်ကျော်လမ်း HMOE ခန်းမတွင် ကျင်းပသည်။

ရှေးဦးစွာ ကျောင်းသားများ၏ မြင့်မြတ်ကြီးကျယ်လှသော ခွပ်ဒေါင်းအလံကို အလေးပြုကြပြီး အခမ်းအနားကိုဖွင့်လှစ်လိုက်သည်။ ဆက်လက်၍ စာရေးသူ ကိုအောင်ထွန်း ထောင်အတွင်းကျခံနေရစဉ်က ဝါရင့်နိုင်ငံရေးသမား ကျောင်းသားခေါင်းဆောင်များ တွေ့ရှိပြောဆိုရာက ရှိသင့်ရှိထိုက်သော မြန်မာနိုင်ငံ ကျောင်းသား လှုပ်ရှားမှုသမိုင်းကို စိတ်ဝင်တစားကြိုးစားပမ်းစားရေးသားကာ ပဥ္စရူပစာပေတိုက်မှ ထုတ်နိုင်၍ ကျေးဇူးရှိကြောင်း ပြောကြားသည်။ ထို့နောက် ကျောင်းသားသမဂ္ဂသမိုင်းစာပေအုပ်စုမှ စာရေးသူ ကိုအောင်ထွန်းသို့ ပေးပို့သောသဝဏ်လွှာကို ဖတ်ကြားပြီး မြန်မာနိုင်ငံ ကျောင်းသားလှုပ်ရှားမှုသမိုင်းရေးသားရာတွင် အဘက်ဘက်မှ အကူအညီပေးခဲ့ကြသော ဦးခင်မောင်ချို၊ ဦးမြင့်အောင်၊ ပဥ္စရူပစာပေတိုက်တို့အား ဂုဏ်ပြုလွှာပေးအပ်သည်။ အကျဉ်းထောင်တွင် အတူနေခဲ့ရသော ဆရာဦးလှရွှေ၊ ဦးမြင့်အောင်၊ ကိုဇော်သက်ထွေး၊ ကိုမျိုးကိုမျိုး၊ ဦးမောင်မောင်(မောင်မောင်ဇေယျ)တို့က အာဏာရှင်စနစ်ဆိုးအောက် ဖြိုသူတွေဖြို ဖျက်သူတွေဖျက် သမိုင်းခေတ်တွင် အလံမလဲ ခေတ်အဆက်ဆက် ကျောင်းသားလှုပ်ရှားမှုသမိုင်းများရှိခဲ့ရာ မှတ်တမ်းတင်ရေးသားနိုင်မှုအတွက် ကျေးဇူးတင်မုဒိတာစကားပြောကြားကြသည်။




စာရေးဆရာ ရုပ်ရှင်ဒါရိုက်တာ မောင်မိုးသူ (ဦးစိန်မြင့်)က သမိုင်းတွင် ဖျောက်ဖျက်လို့မရသော အာဏာရှင်များ၏ အကြောက်ဆုံး၊ အမုန်းဆုံး ကျောင်းသားလှုပ်ရှားမှုများ သမိုင်းကို မှတ်တမ်းတင်ရေးသားနိုင်မှုကို ချီးကျူးစကား ပြောကြားသည်။ မြန်မာနိုင်ငံကျောင်းသားလှုပ်ရှားမှုသမိုင်း (၁၉၀၃-၁၉၆၂) အထိ စာအုပ်ထူကြီးကို ကျပ်တစ်သောင်းဖြင့် ရောင်းချလျက်ရှိပြီး မိတ်ဆက်ပွဲတွင် ၂၀ ရာခိုင်နှုန်းလျှော့ကာ စာရေးသူ ကိုအောင်ထွန်းက လက်မှတ်ထိုးပေးသည်။ ■ စိန်ရွှေလှိုင်

## မန္တလေးအသင်း(ရန်ကုန်)က ၂၀၁၃ ခုနှစ် ပြက္ခဒိန် ပန်းချီဆရာကြီး၏ လက်ရာဖြင့် ထုတ်ပေး

မန္တလေးအသင်း(ရန်ကုန်)က အစဉ်အလာမပျက် ၂၀၁၃ ခုနှစ် ပြက္ခဒိန်ကို ပန်းချီဆရာ အကျော်အမော်များ၏ပန်းချီကား ၁၃ ကား ဖြင့် ထုတ်ဝေဖြန့်ချိသည်။ မျက်နှာဖုံးတွင် မန္တလေးသား ဝါရင့်သဘာရင့် ပန်းချီဆရာကြီး ဦးဘသက် ၁၉၄၁ က ရေးဆွဲထားသော ရတနာပုံ မြနန်းစံကျောင်း ရွှေနန်းတော်၊ အတွင်းစာမျက်နှာများတွင် တစ်မျက်နှာချင်း ပန်းချီဆရာဦးသုခ၏ ပုဂံဘုရားပွဲ၊ M-တင်အေး၏ မြန်မာဘုန်းတော်ကြီးကျောင်း၊ ပန်းချီ ဦးငွေကိုင်၏ မောင်းမကန်ကမ်းခြေ၊ ပန်းချီ ဦးဘကြည်၏ မြန်မာ့ရိုးရာယဉ်ကျေးမှုသင်္ကြန်၊ ပန်းချီဦးလှတင်၏ဧရာဝတီ၊ ပန်းချီဆရာ မြသောင်း၏ ဝန်းသို၊ ပန်းချီဦးမောင်မောင်စန်း၏ ထန်းတော၊ ပန်းချီ ဦးမာလာ၏မန်းတောင်နှင့်ရှေးကျုံး၊ ပန်းချီမင်းဝေအောင်၏ အနီနှင့်အစိမ်း၊ ဘဝနှင့်အလင်း၊ ဧရာဝတီ၏ဆည်းဆာ၊ ပန်းချီဆရာကြီး ဦးလွန်းကြွယ်၏ရှင်လောင်းဘုရားဖူးစသည့်နှစ်ပေါင်းကြာမြင့်စွာ ရေးဆွဲထားသောလက်ရာမြောက်ပန်းချီကားများဖြစ်သည်။ အနုပညာလက်ရာမြောက်ပန်းချီကားများ စိတ်ဝင်စားသူများ၊ မြန်မာ့ပန်းပညာကို နှစ်သက်မြတ်နိုးသူများ၊ ရှေးဟောင်းပန်းချီလက်ရာကို တန်ဖိုးထားသူများသည် မန္တလေးအသင်း (ရန်ကုန်)အမှတ် ၂၄၃/ ၂၄၅ ဗိုလ်အောင်ကျော်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း ၀၁-၃၈၄၀၁၄ ထွန်းဦးစာပေ ၂၉ လမ်းနှင့် ၈၄ ဗိုလ်ချုပ်အောင်ဆန်းလမ်းထောင့်၊ မန္တလေးမြို့ ဖုန်း ၀၂၇၂၅၁၈၊ ၀၉-၂၀၀၅၈၂၈ နှင့်ပြက္ခဒိန်အရောင်းဆိုင်များတွင်ဆက်သွယ်ဝယ်ယူနိုင်သည်။ ■ စိန်ရွှေလှိုင်

## တစ်ချိန်က လျှမ်းလျှမ်းတောက် လူရွှင်တော်ကြီး ဦးကြယ်နီ

**ကျော်သန်း (တိုင်းရင်းဆေး)**

သူ့ခေတ်နှင့် သူ့အခါက လူရွှင်တော်ကြီး ဦးကြယ်နီသည် လူမြင်လိုက်ရုံနှင့် ရယ်ချင်စိတ် ဖြစ်ပေါ်လာကြရသည်။ သူ့မှာ နောက်တော်ပါးက အဖော်မွန် ဒေါ်စိန်ခင်ပါလာတတ်စမြဲပင်။ သို့ရာတွင် အဖော်မွန် ဆိုလိုက်သဖြင့် တကယ့်အဖော်မွန်မဟုတ်ဘဲ ဇာတ်ခုံပေါ်က အဖော်မွန်ဖြစ်သည်။ မသိသူများက သူတို့နှစ်ယောက်ကို ပြင်ပမှာ တကယ့်အဖော်မွန်ဟု ယူဆကြသည်။

ဦးကြယ်နီသည် ကျွန်တော် ချစ်မောင်၊ မြင့်ဖေ၊ ဂျော်လီဆွေ၊ ဖိုးပါကြီးစသော လူရွှင်တော်များနှင့် တစ်ခေတ်တစ်ခါက မြန်မာရုပ်ရှင်နှင့် ပြဇာတ်လောကတွင် လျှမ်းလျှမ်းတောက်ခဲ့သော သရုပ်ဆောင် လူရွှင်တော်ကြီး တစ်ယောက်ဖြစ်ခဲ့သည်။ ထိုအချိန်က လူရွှင်တော် ဦးကြယ်နီ ဆိုလျှင် လူတိုင်းချစ်ခင်ကြသည်။

> မိုးကျလာလျှင် ဇာတ်ပညာ သင်ပေးသော ဆရာကို ဈေးရောင်းကျွေးရသည်။ မြေပဲလှော် ရောင်းခဲ့ရသည်။ သို့သော်လည်း ပျော်ရွှင်ပါသည်။ ဇာတ်မင်းသား သင်ခဲ့သော်လည်း မစွံပါ။ စိတ်ပျက်ပြီး လူရွှင်တော်ဘက်ကို ကူးပြောင်း လုပ်ကိုင်ခဲ့သည်။

တွဲဖော်တွဲဖက် ဟာသသရုပ်ဆောင် ဒေါ်စိန်ခင် ဆိုလျှင်လည်း ဦးကြယ်နီနှင့် နှစ်ပါးစုံတွဲ ဖက်ကြည့်ရမှ လူများက ပြီးပြည့်စုံသည်ဟု ထင်ကြသည်။

လူရွှင်တော်ကြီး ဦးကြယ်နီ၏ ဘဝတစေ့တစောင်းကို အကျဉ်းအားဖြင့် ဖော်ပြရလျှင် မကွေးတိုင်းဒေသကြီး၊ သဖန်းဆိပ်ကျေးရွာ ဇာတ် အဘ ဦးအေးချို၊ အမိ ဒေါ်အေးခ တောင်သူလယ်သမား ဇနီးမောင်နှံမှ ဦးကြယ်နီ (ခ) မောင်လှမောင်ကို မွေးဖွားခဲ့သည်။ အရွယ်ရောက်လာသောအခါ ရွာကျောင်း၌ ဆရာတော်ဘုန်းကြီးထံ ကျောင်းထားသည်။

ဦးကြယ်နီသည် ၁၂ နှစ်သားအရွယ်၌ ရွာမှ လာရောက်ကပြသော ဇာတ်အဖွဲ့ကို စွဲစွဲလမ်းလမ်းဖြစ်ပြီး ဇာတ်မင်းသား ဖြစ်ချင်စိတ်ကြောင့် အိမ်မှ ထွက်လာခဲ့သည်။ မိဘဆွေမျိုးများတို့ လိုက်ရှာသောအခါ နေရှင်နယ်မြလှိုင် ဇာတ်အဖွဲ့တွင် ကားဆွဲအလုပ်ဝင်လုပ်နေပြီး မောင်သိန်းမောင်ဟု နာမည်ပြောင်းလွှဲထားသည်။ ထိုသို့ ပုန်းခိုနေသဖြင့် ဆွေမျိုးသားချင်းများ မျက်စိလည်ပြီး ရှာမတွေ့ဘဲ လက်လျှော့ခဲ့ရသည်။

ဦးကြယ်နီသည် နွေရာသီ ဇာတ်တို့ ခေါ်၍ ဇော်ရုံတွင် ပြဇာတ်ပါဝင် ကပြခဲ့ဖူးသည်။ ဇော်ရုံသည် ရန်ကုန် အရှေ့ပိုင်း ရွှေဘုန်းပွင့် စေတီအနီး ဗိုလ်ချုပ်အောင်ဆန်းလမ်းပေါ် တွင်ရှိသော ပြဇာတ်ရုံဖြစ်သည်။ ထိုခေတ်က ရေကျော်ဇာတ်ရုံဟု ခေါ်ဝေါ်လေ့ရှိသည်။ ထိုအချိန်မှစ၍ ပြဇာတ်လောက ရောက်ခဲ့ရသည်။

သူသည် အလုပ်ကို ရိုသေပြီး အမြဲတမ်း ကြိုးစား၍ အားလပ်ချိန်များ၌ မဟာဝင်ရာဇဝင်တို့ကို ဖတ်ရှုလေ့လာလျက်ရှိကြောင်း ပြောပြတတ်သည်။ ထို့နောက် မိုးကျလာလျှင် ဇာတ်ပညာသင်ပေးသော ဆရာကို ဈေးရောင်းကျွေးရသည်။ မြေပဲလှော် ရောင်းခဲ့ရသည်။ သို့သော်လည်း ပျော်ရွှင်ပါသည်။ ဇာတ်မင်းသား သင်ခဲ့သော်လည်း မစွံပါ။ စိတ်ပျက်ပြီး လူရွှင်တော်ဘက်ကို ကူးပြောင်း လုပ်ကိုင်ခဲ့သည်ဟု ဆိုသည်။

ဇာတ်ဆရာဆီက ယူထားသော ငွေကို တစ်မိုးတွင်းလုံး ထိုင်စားရသည်။ ထိုငွေကုန်သွားသောအခါ ကနေရချိန်မှာ စားရေး၊ သောက်ရေး မခက်ခဲသော်လည်း မိုးရာသီရောက်လာလျှင် ဇာတ်သမားများ အဖို့ ဇာတ်နားထားရသဖြင့် စားရေး၊ သောက်ရေးအတွက် အခက်အခဲတွေ့ရမြဲ ဓမ္မတာပင်ဖြစ်သည်။ ဦးကြယ်နီသည် စိတ်မလျှော့ဘဲ ဇာတ်မင်းသမီးကြီး ညြာစိန် ထံတွင် အကကြိုးစားသင်သည်။

ဂရိတ်ဖိုးစိန် ဇာတ်နှင့် အလုပ်လုပ်နေစဉ် ကိုသန်းနွဲ့နှင့် ဦးချစ်တင် ပေါင်နှံစားရသည်။ ပေါင်နှံစရာ မရှိသည့်အခါ မိန်းမနားက ရွှေနားကပ်မှာ ကြေးဘဝသို့ ရောက်ရသည်။ သူ့မှာ လူတောထဲသွားလာရန်အတွက် ပလေကပ်လုံချည်အဟောင်းတစ်ထည်နှင့် အပေါ်တိုက်ပုံ အင်္ကျီတစ်ထည်ပဲ ရှိသည်။ ထိုကဲ့သို့ ဆင်းရဲနွမ်းပါးသော ဘဝမှ ယခုဘဝ ရောက်ရခြင်းသည် ကိုသန်းနွဲ့နှင့် ဦးချစ်တင်တို့ ကျေးဇူးကြောင့် ဖြစ်သည်။ နောက်တစ်ဦးမှာ ဒဂုန် ဆရာတင်ဖြစ်သည်။


မြင့်ဖေ၊ ဦးကြယ်နီ၊ ဂျော်လီဆွေ

ဦးကြယ်နီသည် ဇနီးဖြစ်သူ ဒေါ်တင်ရွှေနှင့် သားသမီး ၃ ယောက်ရှိသည်။ သား ၂ ယောက်မှာ အကြီးဆုံးသားက မွေးစားသားဟု ဆိုသည်။ သမီးအလတ် ၁ ယောက်နှင့် သားငယ် ၁ ယောက်သာ အရင်းအချာဖြစ်သည်။ ယခုအခါ သမီးလတ်ဖြစ်သူ ဒေါ်ခင်စောနွဲ့အမှတ် ၉၉၈ ဦးကြင်ဥ ၁ လမ်း၊ ၃၂ ရပ်ကွက် မြောက်ဒဂုံ၌ ခင်ပွန်းဖြစ်သူ ဦးချစ်အောင်တို့ မိသားစုနှင့်အတူ အေးချမ်းစွာ နေထိုင်လျက်ရှိကြကြောင်း သိရှိရသည်။ ဦးကြယ်နီ မိသားစုထဲမှ အနုပညာသည် မျိုးဆက်သစ် တစ်ဦးတလေမျှ ပေါ်ပေါက်လာခြင်း မရှိသေးကြောင်း တွေ့ရှိရသည်။ မြေးမြစ်လက်ထက် ပေါ်ပေါက်လာမည်လားဟု၍ စောင့်ကြည့်ရမည် ဖြစ်ပါသည်။ ■

**ကျော်သန်း (တိုင်းရင်းဆေး)**

# ငွေဖြူတစ်တောင့်နှင့် ကျည်တစ်တောင့်

**ပညာရေးဝန်ထမ်းတစ်ဦး**

ဓာတ်ပုံအဏ်ထော်နီ(မော်လမြိုင်)၏ First Weekly ဂျာနယ်ပါ ရင်ဖွင့်ဆောင်းပါးကို ဖတ်ပြီးနောက် ဒဂုံ ၁ မှ သက်ဆိုင်ရာဆရာမ မည်သို့ဖြစ်သွားသလဲဆိုတာ သိချင်နေမိသည်။ ရပ်ရှင် ဒါရိုက်တာတစ်ယောက်ဖြစ်သူ ကိုအဏ်ထော်နီ၏ သားသမီးနှစ်ယောက်မှာ ဒဂုံ ၁ မှ ကျောင်းသားများဖြစ်သည်။ ထိုကလေးများ သူတို့အတန်းပိုင်ဆရာမထံ ကျူရှင်မတတ်သည့်ကိစ္စနှင့် ပတ်သက်၍ ဆရာမက အမျိုးမျိုးနှိပ်ကွပ်ရာက မခံစားနိုင်တော့သည့်အဆုံး ကိုအဏ်ထော်နီက ထိုဆောင်းပါးကို ရေးခဲ့ခြင်းဖြစ်သည်။

အခုလည်း သီတင်းကျွတ်ကာလသို့ရောက်ရှိခဲ့ပြန်ပြီ။ တစ်နေ့က 7 Day News ဂျာနယ်ဖတ်ရင်း ကာတွန်းတစ်မျက်နှာတွင် အဖေနှင့်သားစကားပြောဟန်နှင့်သရုပ်ဖော်ထားသော ကာတွန်းတစ်ကွက်ကို တွေ့မိသည်။

ကာတွန်းထဲတွင် နံရံမှာ အစာအုပ်စု သုံးစုပုံကို ချိတ်ဆွဲထား၏။ ဘူးသီးနှင့်ခရမ်းသီးပုံကို ကြက်ခြေခတ်ထားသည်။ ပန်းသီးနှင့် ကြက်ကောင်လုံးကြော်ပုံကို အမှန်ခြစ်ထားပြီး ရေနွေးအိုးနှင့် ဖန်ခွက်ပုံကိုလည်း ကြက်ခြေခတ်ထားသည်။ အဖေက ပုံများကို ကြည့်၍ သားအား "အစာအုပ်စု ၃ ခုလား"ဟုမေး၏။ သားက "ဟုတ်ဘူးဖေဖေ။ သီတင်းကျွတ်နားနီးလို့ ဆရာမက သူနဲ့တည့်တဲ့အစာအုပ်စုကို ရွေးပေးထားတာပါ"ဟုဖြေနေသော တစ်ကွက်ကာတွန်းပုံလေးပင်ဖြစ်သည်။

ကိုအဏ်ထော်နီဆောင်းပါးထဲက ဆရာမနှင့် ကာတွန်းထဲက ဆရာမအကြောင်းဖတ်မိသူများ၏ အမြင်တွင် ဆရာမဆိုသည်မှာ လက်နက်ကိုင်ဓားပြ သို့မဟုတ် ကုပ်သွေးစုပ်အမြတ်ထုတ်နေသည့် ချစ်တီးကုလားလိုလို ထင်မြင်မိကြမှာ အသေအချာပင်ဖြစ်သည်။ ကျောင်းသားမိဘများ၏ ပါးစပ်များနှင့် ဂျာနယ်စာမျက်မှာပေါ်တွင် ဆရာမများမှာ လူကြမ်းများ၊ ဗီလိန်များ သို့မဟုတ် ဘီလူးမကြီးများဖြစ်နေခဲ့တာ အတော်ပင်ကြာခဲ့ပြီ။ ဘီလူးလို အစွယ်ပြူးသည့် ဆရာမများ မရှိဟုတော့ မပြောရဲပါ။ ရှိလို့လည်း မခံစားနိုင်သူတွေ ရင်ဖွင့်နေခြင်းဖြစ်၏။ ပွင့်လင်းလူ့ဘောင်နယ်မြေသစ်ထဲ ခြေတစ်လှမ်းချမိခါစကာလတွင် ဆရာမများ(အရေအတွက် နည်းလွန်းသဖြင့် ဆရာဟု မရေးသားတော့ပါ။)အား ပြစ်တင်ဝေဖန်စောကြောမှုများသာမက တိုင်ကြားမှုနှုန်းလည်း အမြင့်ဆုံးအနေအထားသို့ ရောက်ရှိလာခဲ့သည်။

ကြာလျှင် ဆရာမမှန်သမျှ လောဘကြီးသူ၊ အညာအတာ ကင်းမဲ့သူများအဖြစ် မြင်လာမှာပင် စိုးနေရပြီ။ အောက်တိုဘာ ၂၅ ရက်နေ့ထုတ် 7 Day News ဂျာနယ်မှာပင် ဒေသခံများ တိုင်ကြား၍ တောင်ကုတ်တွင် ကျောင်းပြင်ပကျူရှင်သင်ကြားမှုများ တားမြစ်ဆိုသည့် ခေါင်းစဉ်နှင့်သတင်းတိုတစ်ပုဒ်လည်း ပါလာသေး၏။ သို့ဖြစ်၍ မြို့နယ်အုပ်ချုပ်ရေးမှူးမှတစ်ဆင့် မြို့နယ်ပညာရေးမှူး(ခေတ္တ)က ဆရာမများကို ကျောင်းပြင်ပကျူရှင်သင်ကြားခြင်း မပြုရန် တရားဝင်ညွှန်ကြားချက် ထုတ်ပြန်တားမြစ်လိုက်သည်တဲ့။

ပြည်သူ့အသံကို လွှတ်တော်က နားခံနေရသည့် ယနေ့ကာလ(လွှတ်တော်သတင်းတွင် ထိုဆိုင်းဘုတ်ကို မကြာခဏရိုက်ပြနေ၍ သိရခြင်း)တွင်ပြည်သူက မကျေနပ်၍တိုင်သဖြင့် ဆရာမများကို ကျူရှင်သင်ခွင့်တားမြစ်တာ ပြည်သူကိုလေးစားခြင်းဖြစ်သည်။ ဒီမိုကရေစီဖော်ဆောင်နေခြင်းဖြစ်သလို ပြည်သူ့အသံကို နားခံခြင်းဖြစ်၍ ကောင်းသည်ဟုပြောလျှင်လည်း စောဒကမတတ်လိုတော့ပါ။

သို့သော် ဆရာမဆိုသည့် ပညာရေးဝန်ထမ်းများမှာလည်း ပြည်သူထဲက ပြည်သူတစ်ယောက်ပင် ဖြစ်သည်ဆိုသည့် အချက်ကိုမေ့ထား၍ မဖြစ်ပါ။ ဆရာမသည် ကျောင်းတွင်ပညာရေးဝန်ထမ်းဖြစ်ပြီး အိမ်မှာကျောင်းသားမိဘ၊ အိမ်ရှင်မဖြစ်နေသလို ပြည်သူတစ်ယောက်လည်း ဖြစ်နေသည်။ ဤအချက်ကို အသိအမှတ်မပြု၍မရပါ။

သမ္မတကြီး တစ်နေ့ထမင်းနှစ်နပ်စားသလို(ထင်တာ မှန်းဆပြောခြင်း) ဆရာမလည်း တစ်နေ့ထမင်းနှစ်နပ်စားဖို့ လိုပါသည်။ ထို့အတူ ထိုဆရာမ၏ သားသမီးများမှာလည်း အနည်းဆုံး နှစ်နပ်စားကြရမည်ဖြစ်သည်။ ထို့အပြင် ဆရာမ၏ ရင်သွေးများကိုလည်း အခြားဆရာမများထံ အပ်နှံကာ ပညာသင်ကြားပေးရပါသည်။ ထို့ကြောင့် ဆရာမသည် တစ်ချိန်တည်းမှာပင် ကျောင်းသားမိဘပြန်ဖြစ်နေရသည်ကို ပြည်သူလူထုကြီးက ဘာကြောင့်များမသိသလို လုပ်နေကြသလဲဆိုတာ စဉ်းစားမရအောင်ဖြစ်မိ၏။

အခြားသော မိဘများကုန်ကျနေရသလို ဆရာမများမှာလည်း ကိုယ့်သားသမီးပညာရေးအတွက် အပိုကုန်ကျငွေများ ပေးချေနေရပါသည်။ ပညာရေးဝန်ထမ်းတစ်ယောက်၏ အနိမ့်ဆုံးလစာမှာ ၈၃၀၀၀ ကျပ်ဖြစ်သည်။ ဒါတောင် လုပ်သက်ရင့်ဖြစ်၍ ဘားဆုံးနေသော မူလတန်းပြဘဝတွင် ရာထူးတစ်ဆင့်တိုးပေး၍ အလယ်တန်းပြဖြစ်လာကာ အလိုအလျောက်တိုးလာသည့် ငွေကျပ် ၁၀၀၀ ပါ ထည့်ပေါင်းထားခြင်းဖြစ်ပါသည်။ တာဝန်ထမ်းစ မူလတန်းပြဆိုလျှင် ခုနှစ်သောင်းခွဲမှစ၍ လစာရသည်။ အချိုးကျတွက်ကြည့်ပါက တစ်ရက်လုပ်အားခငွေကျပ် ၂၈၀၀ မပြည့်တပြည့်သာ ခံစားခွင့်ရသည်။ ထိုဝင်ငွေကို အနေးယာဉ်လုပ်သားကပင် ပြက်ရယ်ပြုမှာမလွဲ။ ဒီကြားထဲ ရွှေ ပြည်သာတွင်နေသည့် ဆရာမက သံလျင်မှ ကျောင်းတွင်တာဝန်ကျသည့်အဖြစ်မျိုးကလည်း မရှားလှ။ လုပ်ငန်းခွင်သို့ရောက်ရန် နေ့စဉ်ငါးရာမှ တစ်ထောင်ကြား ခရီးစရိတ်ကုန်ကျနေသည်။

စည်ပင်သာယာမှ ဝန်ထမ်းကအစ လိုင်းခန်းနေရသည့်အချိန်၊ အစိုးရ ဝန်ထမ်းများ ဖယ်ရီကားဟောင်းကြီးစီးပြီး သက်သောင့်သက်သာသွားလာခွင့်ရနေချိန်မှာ အဖြူအစိမ်းဝတ်ဆရာမများ လိုင်းကားတိုးဝှေ့စီး၍ ကျောင်းတက်နေကြရသည်။ တချို့က ပြောကြသေး၏။ ဆရာမတွေ တစ်နေ့ကုန်အလုပ်မလုပ်ရသလို တစ်နှစ်မှာ သုံးလလောက်လည်း အနားရသေးသည်တဲ့။ နွေရာသီကျောင်းပိတ်ရက်ကာလများကို ရည်ရွယ်ပြောခြင်း ဖြစ်မည်ထင်သည်။

တကယ်တမ်းမှာတော့ နွေရာသီကျောင်းပိတ်ရက်ကာလများတွင် ဆရာမအများစုမှာ အထွေထွေမွမ်းမံသင်တန်းများတက်နေကြရ၏။ (အားနေခြင်းမဟုတ်) ကျောင်းပိတ်ရက်တွင် ကျောင်းစောင့်ဂျူတီကျခြင်း၊ အဖြေလွှာများ စစ်ဆေးခြင်း၊ အောင်စာရင်းများ ကြိုတင်ပြင်ဆင်ရခြင်းတာဝန်များကို ဆောင်ရွက်ရသည်။ ထို့မျှသာမက အခါအားလျော်စွာ ခေါ်ယူသော UNICEF, JICA

---

## မျိုးသန္တာထွန်းပါရင် အကယ်ဒမီရတတ်တယ်

မျိုးသန္တာထွန်းအတွက် အကယ်ဒမီဆု ရယူပေးနိုင်ခဲ့တဲ့ အကယ်ဒမီများရှင် ဒါရိုက်တာ စည်သူကြည်စိုးထွန်းက မျိုးသန္တာထွန်း ပါဝင်သရုပ်ဆောင်ထားတဲ့ **ထာဝရအလင်းတန်းများ** ရုပ်ရှင်ဇာတ်ကားကို ကြည့်ရှုပြီး ဒီဇာတ်ကားနဲ့အကယ်ဒမီဆုများ ဆွတ်ခူးနိုင်မယ်လို့ပြောပြခဲ့ပါတယ်။ ဘာကြောင့်လဲဆိုတော့ မျိုးသန္တာထွန်းပါရင် ကားတော်တော်များများက အကယ်ဒမီရကြလို့၊ မျိုးသန္တာထွန်းပါရင် အကယ်ဒမီရနိုင်တယ်လို့ပြောတာဖြစ်ကြောင်း ကြည်စိုးထွန်းက ပြောပြခဲ့ပါတယ်။

ဒါရိုက်တာ ကြည်စိုးထွန်းက **ထာဝရအလင်းတန်းများ** ရုပ်ရှင်ဇာတ်ကားကိုကြည့်ပြီး ကားအများကြီးမကြည့်ရသေးပေမယ့် ဒီဇာတ်ကားကတော့ အားရတဲ့ဇာတ်ကားဖြစ်တယ်လို့ ပြောပြခဲ့ပါတယ်။ အကယ်ဒမီဆုအတွက် နောက်ထပ်ဇာတ်ကားများ ကြည့်စရာကျန်နေသေးပြီး ဒီလိုဇာတ်ကားမျိုးတွေ အပြိုင်ရှိကြဦးမယ်ဆိုရင် ပိုပြီး ကြည့်လို့လည်းကောင်း၊ အားရစရာလည်းဖြစ်မယ်လို့ ပြောပြခဲ့ပါတယ်။ ဒီလိုမှ ရုပ်ရှင်လောကအတွက်လည်း ပိုပြီး ကောင်းမွန်လာမှာဖြစ်သလို ပရိသတ်အတွက်လည်း ကားကောင်းတွေ ကြည့်ရတော့မယ်လို့ ပြောပြခဲ့ပါတယ်။

**ထာဝရအလင်းတန်းများ** ရုပ်ရှင်ဇာတ်ကားကို ဒါရိုက်တာအဖြစ် ရိုက်ကူးပေးခဲ့တဲ့ ထွန်းအောင်ဇော်ကို ဒီကားမှာပါ ဝင်သရုပ်ဆောင်ထားကြသူအားလုံးလိုလိုက အကယ်ဒမီအတွက် မှန်းပေးကြတဲ့အပေါ် ဒါရိုက်တာ ကြည်စိုးထွန်းက "ဟုတ်ပါတယ်။ ထွန်းအောင်ဇော်က ဒါရိုက်တာကြီးတွေ တော်တော်များများနဲ့ တွဲဖက်ရိုက်ကူးခွင့်ရခဲ့သလို ဒါရိုက်တာကြီးတွေနဲ့လည်း နေခဲ့ရဖူးတယ်။ ကူညီလည်း ကူညီပေးခဲ့တယ်။ ပြီးတော့ သူက ဒါရိုက်တာ ဝါသနာကြီးတယ်။ ပညာလည်း သူ့မှာရှိတယ်။ ဒါကြောင့် သူ ဒါရိုက်တာဆုရသွားမယ်ဆိုရင် ရုပ်ရှင်လောကအနေနဲ့ သဘောမကျစရာမရှိပါဘူး။ တချို့ပြောတတ်ကြတာက သူက ဘာမှမရိုက်တတ်ဘဲနဲ့ အကယ်ဒမီရသွားတယ် ပြောတတ်ကြပေမယ့် ထွန်းအောင်ဇော်ကတော့ ရုပ်ရှင်သက်ကို ၄၀ လောက်ရှိနိုင်ပြီဖြစ်လို့ ရလည်းရစေချင်တယ်။ ရလည်း ရနိုင်ပါတယ်လို့ ကြည်စိုးထွန်းက ပြောပြခဲ့ပါတယ်။



ဒါရိုက်တာ စည်သူကြည်စိုးထွန်းက မျိုးသန္တာထွန်းကို အကယ်ဒမီဆုများ ရရှိနိုင်အောင် ညွှန်ကြားရိုက်ကူးခဲ့သူ ဖြစ်ပါတယ်

နောက်ထပ်ပြောချင်တာက ထွန်းအောင်ဇော်အနေနဲ့ ရုပ်ရှင်ကိုစိတ်ပျက်လောက်အောင် ကြိုးကြိုးစားစားရိုက်တယ်။ စိတ်ပျက်လောက်အောင်ဆိုတာက တအားကြိုးစားတယ်။ အဲဒီလောက်ကြီး မလိုဘူးထင်တဲ့ဟာကို သူက ကြိုးစားပြီးတော့ကို လုပ်တာ။

ဒီကားနဲ့ အကယ်ဒမီမှန်းတာက အဓိက ဇာတ်ကားကောင်းလို့ အကယ်ဒမီမှန်းကြတာဖြစ်တဲ့အတွက် ဇာတ်ကားကောင်းရင် ကင်မရာကို စဉ်းစားတယ်၊ ဇာတ်ညွှန်းစဉ်းစားတယ်။ ဓာတ်ပုံစဉ်းစားတယ်။ သရုပ်ဆောင်တွေ စဉ်းစားတယ်။ အဘက်ဘက်စဉ်းစားတာဖြစ်လို့ ကျွဲကူးရေပါဆိုသလို ဒါရိုက်တာရော၊ ဇာတ်ကားပါ စဉ်းစားကြတာဖြစ်လို့ တော်တော်များများ အကယ်ဒမီတွေ မှန်းနိုင်ကြတာ ဖြစ်တယ်လို့ ကြည်စိုးထွန်းက ပြောပြခဲ့တာဖြစ်ပါတယ်။ နောက်ထပ်လည်း ဒီလိုကားမျိုးတွေ ၅ ကား၊ ၆ ကားလောက် ကောင်းတဲ့ကားတွေ ဆုအတွက် ပါလာနိုင်ပါစေလို့ ဆန္ဒပြုကြောင်း ပြောပြခဲ့ပါတယ်။ နောက်တစ်ခုက မျိုးသန္တာထွန်း ပါဝင်သရုပ်ဆောင်ပေးခဲ့တဲ့ ဇာတ်ကားတွေမှာ အကယ်ဒမီဆုတွေရကြလို့ မျိုးသန္တာထွန်းပါတဲ့ကား အကယ်ဒမီရနိုင်တယ်လို့ ပြောတာဖြစ်ကြောင်း ကြည်စိုးထွန်းက ပြောပြခဲ့ပါတယ်။ ■

လင်းနိုင်ဦး

နှင့် ဖောင်ကြီးသင်တန်းများကိုလည်း တက်ရောက်ကြရသေးသည်။

ထို့ပြင် နိုင်ငံတော်အဆင့် အရေးကြီးလုပ်ငန်းတာဝန်များတွင်လည်း ပါဝင်လုပ်အားပေးကြရသည်။ ပြီးခဲ့သည့် ကြားဖြတ်ရွေးကောက်ပွဲများတွင် မဲရုံစောင့်တာဝန်ယူရသည်မှာ ပညာရေးဝန်ထမ်းဆရာမများသာဖြစ်သည်။ မကြာမီစတင်တော့မည့် လူဦးရေသန်းခေါင်စာရင်းကောက်ယူမှု လုပ်ငန်းကြီးတွင်လည်း ပညာရေးဝန်ထမ်းများကိုသာ လေ့ကျင့်တာဝန်ပေးဦးမည်ဟု သတင်းများထွက်နေပြန်ပြီ။ ဒီလောက်အလုပ်တွေ များပြီး လုပ်ခလစာမှလွဲ၍ ဘာခံစားခွင့်မှမရှိသည့် ဆရာမများက ဝမ်းရေးပြေလည်စေရန်၊ မိမိရင်သွေးများ အနာဂတ်လှပစေရန်အတွက် တတ်သည့် ပညာနှင့် အပိုဝင်ငွေရှာတာကို နိုင်ငံတော်ပုန်ကန်မှုကျူးလွန်သလို အမျိုးမျိုးပုတ်ခတ်ပြောဆိုတိုင်တန်းနေကြတာကတော့ လွန်လွန်းသည်ဟု ထင်မြင်မိ၏။

ခြေမ မကောင်း ခြေမ၊ လက်မ မကောင်း လက်မ ဆိုစကားရှိသလို ငါးခုံးမတစ်ကောင်ကြောင့် တစ်လှေလုံး ပုပ်ရသည့်အဖြစ်မျိုး ကျွန်မတို့ မခံစားနိုင်ပါ။ ဆရာမက ဟန်းဆက်လဲချင် ၍ တတ်နိုင်သည့်ကျောင်းသားမိဘကိုSAMSUNG Gallaxy.S.III ဝယ်ပေးရန် အရှက်မရှိ ဝယ်ခိုင်းတာမျိုး ရှိသလို၊ ပထမအစမ်းပြီး သီတင်းကျွတ်ကျောင်းပိတ်ရက်မတိုင်မီ ရိုးရာဓလေ့ထုံးစံအရ အာစရိယပူဇော်ကြသည့်အခါ ကျောင်းသားများကန်တော့သော တစ်ရာတန်ကိတ်မုန့်ကို ပီတိနှင့်စားကြသည့် ဆရာမများရှိနေသည်ကို သတိပြုကြရမည်ဖြစ်သည်။

ဓားပြက လက်နက်ကိုင်၍ အနိုင်ကျင့်ကာ ငွေရှာနေချိန်၊ အနေးယာဉ်လုပ်သားက ခြေသလုံးအားကိုးပြီး တစ်နေ့လေးငါးထောင်ရှာနေချိန်၊ ခရိုနီများအလိုလိုနေရင်း ငွေရှင်နေချိန်မှာ ဆရာမများက ဝင်ငွေထွက်ငွေ မမျှသည့်အတွက် ကိုယ်တတ်သည့် ပညာနှင့် အပိုဝင်ငွေရှာတာ ရာဇဝတ်မှုလား။

ဒီမေးခွန်းကို သမ္မတကြီး၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်သူလူထုတစ်ရပ်လုံး ဖြေကြည့်ကြစေလိုပါသည်။

လာဘ်ပေးလာဘ်ယူကိစ္စတွင် ယူသူသာမက ပေးသူပါအပြစ်ရှိသည်ဟု ကြားဖူး၏။ ကိုယ့်သားသမီးမျက်နှာသာပေးခံရအောင် ဂရုစိုက်ခံရအောင် တတ်နိုင်သူကျောင်းသားမိဘတွေက ဆရာမအား အလွန်အကျွံပံ့ပိုးရာက အစပြုခဲ့သော ဤကိစ္စရပ်များအတွက် အခုမှ ဆရာမများအပေါ် ပုံချတာ မသင့်လျော်ပါ။

လူကုံထံတို့၏ သားသမီးများ အနေများသော ကျောင်းကောင်းများတွင်တော့ မပြောတတ်။ ဆင်ခြေဖုံးရပ်ကွက်မှ ကျွန်မအတန်းတွင် ကျောင်းသားလေးဆယ် ရှိသည်။ ထိုကလေးအားလုံးကျူရှင်တက်နိုင်ကြသည် မဟုတ်ပါ။ လေးငါးခြောက်ယောက်ရသည့် ဆရာမရှိသလို၊ အယောက် ၂၀ လောက်ရသည့် ဆရာမလည်း ရှိသည်။ အာပေါက်

ကျောင်းသားမိဘများ၏ ပါးစပ်ဖျားနှင့် ဂျာနယ် စာမျက်နှာပေါ်တွင် ဆရာမများမှာ လူကြမ်းများ၊ ဗီလိန်များ သို့မဟုတ် ဘီလူးမကြီးများ ဖြစ်နေခဲ့တာ အတော်ပင် ကြာခဲ့ပြီ။ ဘီလူးလို အစွယ်ပြူးသည့် ဆရာမများ မရှိဟုတော့ မပြောရဲပါ။ ရှိလို့လည်း မခံစားနိုင်သူတွေ ရင်ဖွင့်နေခြင်းဖြစ်၏။

မတတ်၊ လည်ချောင်းကွဲ မတတ် သင်ကြားပြသ၍ ရလာသည့် အပိုဝင်ငွေလေးနှင့် စားဝတ်နေရေးအပြင် မိမိသားသမီးများ၏ ပညာရေး အပိုကုန်ကျစရိတ်များပါ ကျခံသုံးစွဲကြရသည်။

ဒါကို သမ္မာအာဇီဝ မကျပါ။ ပြည်သူလူထုကို ဘူးလေးရာ ဖရုံဆင့်သလိုဖြစ်စေသည်ဆိုလျှင်တော့ တရားမျှတမှုရှိမည် မဟုတ်။

ဤနေရာတွင် ငယ်ငယ်က ဖတ်ခဲ့ဖူးသော စာရေးဆရာမ မစန္ဒာ၏ ဝတ္ထုတိုတစ်ပုဒ်ကို သတိရ၍ နှိုင်းယှဉ်တင်ပြပါရစေ။ မစန္ဒာက နေ့စဉ်ဈေးသွားရသောစစ်စီသည့် မိန်းမတစ်ယောက်၏ **ဈေးဝယ်ထွက် တောလား**ကို ခြယ်မှုန်းပြခဲ့၏။ ဘာဝယ် ဝယ်ဈေးဆစ်တတ်သော ထိုမိန်းမ ဟင်းစားဝယ် အပြီးမှာ ခွေးနှင့်ကြက် နှိမ်နင်းရန် လောက်စာလုံးဝယ်သည်။ ထုံးစံအတိုင်း ဈေးဆစ်သည်။

လောက်စာလုံးရောင်းသူက မကိုက်၍ မလျှော့နိုင်ကြောင်းပြောသည့် အခါ ဈေးဝယ်မိန်းမက "ဘာမကိုက်စရာ ရှိလဲ။ မြေကြီးနဲ့ ရွှံ့ဆိုတာ အလကားရတဲ့ဥစ္စာ"ဟု ပြောလိုက်သည်။ ထိုအခါ လောက်စာလုံးသည်က "ရွှံ့အလကားရတာတော့ မှန်ပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ မိသားစု ရွှံ့ကိုစားလို့မှမရတာ"ဟု ပြန်ပြောပုံနှင့် ဝတ္ထုကိုအဆုံးသတ်ထား၏။ အလွန်နှစ်သက်စရာကောင်းသော ဝတ္ထုလေးဖြစ်သည်။

ထိုဝတ္ထုထဲကလို ကျွန်မတို့ ဆရာမတွေက မြေဖြူခဲစား၍ စာမသင်နိုင်ပါ။ ဆန်ကိုမြေဖြူခဲနှင့်လဲ၍လည်း မရပါ။ ကျွန်မသားသမီးများ၏ ကျူရှင်ကို မြေဖြူခဲနှင့်ပေးချေ၍ မရပါ။ ပိုက်ဆံလိုပါသည်။ နိုင်ငံတော်က ချီးမြှင့်သည့်လစာသည် စားဝတ်နေရေးစကားသုံးလုံးထဲမှ တစ်ခုကိုပင် လုံလောက်အောင်မဖြည့်ဆည်းနိုင်သည့်အတွက် ကျွန်မတို့ပညာရေးဝန်ထမ်းများ၏ ထမင်းအိုးကိုပင် ဆောင်းပါးနှင့်ထု၊ ကာတွန်းနှင့်ရိုက်၊ တိုင်စာနှင့်ခြောက်၊ ပျက်လုံးနှင့်သရော်တာတွေ တော်လောက်ပါပြီဟု တောင်းပန်ပါရစေ။

ဝါးလုံးတွင် မစင်သုတ်၍ မော်တာတပ်ပြီး ရမ်းကားတာတွေ ဆင်ခြင်သင့်ပါပြီ။ မကောင်းသူထိပ်ကောင်းသူထိပ်ဆိုပြီး နောက်ပြန်ပစ်သည့်ခဲလုံးက ပြည်သူလူထုခေါင်းပေါ်သို့ပြန်ကျလာမှာဖြစ်သည်။ ဆရာမဆိုတာလည်း ပြည်သူထဲက ပြည်သူပင် မဟုတ်လား။

တတ်သည့်ပညာ အသုံးချ၍ ကောင်းကောင်းမွန်မွန်နှင့် သမ္မာအာဇီဝကျကျ ရှာဖွေစားသောက်ခွင့်လေးမှ မရှိလျှင် ကျွန်မတို့ ပညာရေးဝန်ထမ်းတွေ မည်သို့ရပ်တည်ရပါမည်နည်း။

မြေဖြူကိုင်သည့်လက်များ သေနတ်ကိုင်ချင်လာအောင် ဖိအား တွေ မပေးသင့်ဟုထင်မြင်ယူဆမိပါသည်။

မြေဖြူတစ်တောင့်က အနာဂတ်ဘဝကို လှလှပပဖြစ်အောင် ပုံဖော်ထုဆစ်နိုင်သော်လည်း ကျည်ဆံတစ်တောင့်ကတော့ ဘဝတွေကို…။ ■

***နာသုံးနာပြည့်၍ ဘဝပါနာနေသူ***
***ပညာရေးဝန်ထမ်းတစ်ဦး***

## ဖိုးချစ်ဇာတ်အဖွဲ့ ပါဝင်တဲ့ မန်းကားပြပွဲ အရစ်ကျစနစ်ဖြင့် ရောင်းချပေးခဲ့

ဖိုးချစ်ဇာတ်အဖွဲ့ ပါဝင်ကပြတဲ့ The Most Amazing Mandalay Exhibition & Car Show 2012 ပြပွဲကို အောက်တိုဘာ ၂၇ ရက်မှ ၃၀ ရက်အထိ မန္တလေးမြို့ မြို့တော်ခန်းမမှာကျင်းပခဲ့ပါတယ်။

ပြပွဲကို နံနက် ၉ နာရီမှ ည ၉ နာရီအထိ ခင်းကျင်းပြသပေးပြီး ညပိုင်းအစီအစဉ်တွေမှာတော့ နိုင်ငံကျော်အဆိုတော်များရဲ့သီဆို ဖျော်ဖြေမှုများနဲ့အတူ မြို့ရွှေမန်းသားလေး ဖိုးချစ်ရဲ့ မြန်မာဇာတ်သဘင် ကပြဖျော်ဖြေပွဲကိုပါ ထည့်သွင်းတင်ဆက်ပေးခဲ့ပါတယ်။ ပြပွဲမှာထူးခြားမှုအနေနဲ့ ကမ္ဘောဇဘဏ်ရဲ့အမိက ကူညီပံ့ပိုးမှုဖြင့် ကုန်ပစ္စည်းများကို အရစ်ကျဝယ်ယူနိုင်စေရန် စီစဉ်ထားတာကို တွေ့ရပါတယ်။ ဒါ့အပြင် ဘဏ်နဲ့ပတ်သက်တဲ့ သတင်းအချက်အလက်နဲ့ အကြောင်းအရာတွေကို ပြပွဲလာသူများသိရှိစေဖို့ရည်ရွယ်ပြီး ကျင်းပရတာ ဖြစ်တယ်လို့လည်း တာဝန်ရှိသူတစ်ဦးက ပြောပါတယ်။

"ကျွန်တော်တို့နိုင်ငံမှာ အရစ်ကျစနစ်ဆိုတာကို သိပ်ပြီးနားမလည်ကြသေးဘူး။ အရစ်ကျစနစ်ကို ဘဏ်တွေနဲ့ချိတ်ဆက်ပြီး



ဖိုးချစ်ဇာတ်အဖွဲ့ရဲ့ ဖျော်ဖြေမှု

ပူးပေါင်းလုပ်ဆောင်သင့်တယ်။ သတင်းအချက်အလက်တွေနဲ့ နည်းစနစ်တွေကို ဒီကလူတွေ သိရှိစေဖို့အတွက် ရည်ရွယ်ပြီးကျင်းပရတာပါ"လို့ အမည်မဖော်လိုတဲ့တာဝန်ရှိသူတစ်ဦးက ပြောပါတယ်။

ပြပွဲမှာဖျော်ဖြေရေးအစီအစဉ်တွေ ထည့်သွင်းဖြစ်ရတဲ့အကြောင်းနဲ့ ပတ်သက်ပြီးပြောရာမှာတော့ "ဒါကတော့ ဖျော်ဖြေရေးသက်သက်ပါ။ အထူးသဖြင့် ကျွန်တော်တို့မန္တလေးမှာက ဘာလုပ်လုပ် အငြိမ့်တွေဇာတ်တွေပါတာ အစဉ်အလာတစ်ခုလိုဖြစ်နေတယ်လေ" လို့ ပြောပါသေးတယ်။ Creation Strength Co,Ltd.က ကြီးမှူးပြုလုပ်တဲ့ဒီပြပွဲမှာ ကားအရောင်းပြခန်းများ၊ ဆိုင်ကယ်အရောင်းပြခန်းများ၊ လူသုံးအဆောင်ပစ္စည်းနှင့် ပရိဘောဂပစ္စည်း အရောင်းပြခန်းများ၊ ရတနာပစ္စည်းအရောင်းပြခန်းများနှင့် ဆေးဝါးအရောင်းပြခန်းများစသဖြင့် ကုမ္ပဏီပေါင်းတစ်ရာကျော်မှ ပြခန်းပေါင်း ၁၅၀ ကျော်နဲ့ ခင်းကျင်းပြသရောင်းချပေးခဲ့တယ်လို့သိရပါတယ်။ ■ နန္ဒမန္တလေး

# ရာမာယဏ ပေါင်းတော်ကြီးများ ပူဇော်ပွဲနှင့် ရာမ၊ အာစရိယ ကန်တော့ပွဲ


ရာမာယဏ ပေါင်းတော်ကြီးများ ပူဇော်ပွဲ မြင်ကွင်း

ရန်ကုန်မြို့၊ အမျိုးသား က ဇာတ်ရုံမှာ ကျင်းပခဲ့တဲ့ လူရွှင်တော် ပန်းသီးရဲ့မွေးနေ့အထိမ်းအမှတ် ကပြတင်ဆက်မယ့်ပွဲမှာ လူရွှင်တော်ကြယ်သီးက **သီတာချစ်တဲ့ မင်းဒဿ** ပြဇာတ်အော်ပရာကို ဒဿဂီရိအနေနဲ့ ကပြ တင်ဆက်ပေးသွားမှာဖြစ်လို့ မကပြမီ ပွဲဦးအကြိုအဖြစ် ရာမာယဏပေါင်းတော်ကြီးများအား ပူဇော်ပွဲနဲ့ ရာမ၊ အာစရိယ ပူဇော်ပွဲကို နိုဝင်ဘာလ ၃ ရက်နေ့ ညနေ ၅ နာရီအချိန်က ရန်ကုန်မြို့ ဗိုလ်အောင်ကျော်လမ်း (အောက်လမ်း)မှာ ဖွင့်လှစ်ထားတဲ့ HOME ရုံးခန်းမမှာ ကျင်းပခဲ့ပါတယ်။ ပူဇော်ပွဲနဲ့ ကန်တော့ပွဲ ကျင်းပရခြင်းနဲ့ပတ်သက်ပြီး ကြယ်သီးက ပြောကြားရာမှာတော့ "ရာမ ဖျော်ဖြေမယ့်အခါ **စာမျက်နှာ(၂၉)သို့ . . .**




# နိုဝင်ဘာ ၉ ရက်မှာ မွေးဖွားတဲ့ တင်မောင်ဆန်းမင်းဝင်းရဲ့ သားဦး

ဇာတ်မင်းသား တင်မောင်ဆန်းမင်းဝင်းရဲ့ဇနီး အေးမမလှိုင်က တင်မောင်ဆန်းမင်းဝင်းအတွက် သားဦးလေးကို နိုဝင်ဘာလ ၉ ရက်နေ့က ဝိတိုရိယဆေးရုံမှာ ဖွားမြင်ပေးခဲ့တယ်လို့ သိရပါတယ်။ တင်မောင်ဆန်းမင်းဝင်းက ၉ လပိုင်း ၁၁ ရက်နေ့မှာ မွေးဖွားခဲ့သူဖြစ်လို့ သူ့ရဲ့သားဦးကို သူနဲ့အနီးစပ်ဆုံးတူအောင် ၁၁ လ ပိုင်း ၉ ရက်နေ့မှာ ခွဲစိတ်မွေးဖွားဖို့ ရွေးလိုက်တာ ဖြစ်တယ်လို့ သိရပါတယ်။ အေးမမလှိုင်ရဲ့ကိုယ်ဝန်ကို သားဖွားမီးယပ် ပါရဂူ ဒေါ်မေသူမျိုးညွန့်က မွေးဖွားပေးတာဖြစ်တယ်လို့ သိရပါတယ်။

သားလေးကို တင်မောင်ဆန်းမင်းဝင်းက သူ့လို ပင်ပင်ပန်းပန်း ကပြရတဲ့ ဇာတ်မင်းသားမဖြစ်စေလိုပေမယ့် ရွှေမန်းမျိုးဆက်က ပေါက်ဖွားလာတဲ့ ရွှေမန်းတင်မောင်ရဲ့မြေး ၁၃ ဦးထဲမှာ ဝါသနာကြီးတာဆိုလို့ လက်ချိုးရေလို့ရအောင် လေးငါးခြောက်ယောက်ပဲ ထွက်ခဲ့တာဖြစ်လို့ သားလေးအနေနဲ့ ဝါသနာပါခဲ့ရင်လည်း ပရိသတ်ရဲ့အားပေးမှုရရင် သူလည်း ရွှေမန်းမျိုးဆက်ဖြစ်လို့ အောင်မြင်မှုရလာနိုင်တယ်လို့ ဖခင်နေရာရောက်လာတဲ့ တင်မောင်ဆန်းမင်းဝင်းက ပြောပြခဲ့ပါတယ်။

တင်မောင်ဆန်းမင်းဝင်းက အမှတ်တရအဖြစ် နိုဝင်ဘာလ ၉ ရက်နေ့ မနက် ၉ နာရီအချိန်က ခွဲစိတ်ပြီး မွေးဖွားသန့်စင်ခဲ့တာဖြစ်တယ်လို့ သိရပါတယ်။ ဇနီးသည်ဖွားမြင်တဲ့အချိန်မှာ တင်မောင်ဆန်းမင်းဝင်းကအနားမှာ မရှိနိုင်ခဲ့ဘဲ မကွေးမြသလွန်ဘုရားပွဲမှာ ကျော်ကျော်ဗို၊ ထွန်းထွန်း၊ မိုးမိုး၊ မေကဇ္ဇာတို့နဲ့ ကပြနေတာဖြစ်ပြီး မကွေးမြသလွန်ဘုရားပွဲပြီးခဲ့ရင်လည်း မကွေးတိုင်းမှာပဲ နှစ်လတာ လှည့်လည်ကပြသွားမှာဖြစ်ပြီး အဲဒီမှာ နှစ်လတာ ကပြပြီးမှ ရန်ကုန်ကို ပြန်လည်ရောက်ရှိလာမယ်လို့ သိရပါတယ်။ ■ လင်းနိုင်ဦး


တင်မောင်ဆန်းမင်းဝင်းနဲ့ အေးမမလှိုင်

# ပထမဦးဆုံး တစ်ကိုယ်တော် ထွက်ရှိနိုင်တော့မယ့် ရေဗက္ကာဝင်း

အတွဲခွေများစွာမှာ ပါဝင်သီဆိုဖြစ်ခဲ့ရင်း အောင်မြင်မှုတွေရနေတဲ့ အဆိုတော် ရေဗက္ကာဝင်းက သူ့ရဲ့ပထမဦးဆုံး တစ်ကိုယ်တော်အခွေလို့ ပြောလို့ရမယ့် တေးစီးရီးကို ၂၀၁၃ နှစ်ဆန်းပိုင်းမှာ ထုတ်ဝေနိုင်တော့မယ်လို့ သိရပါတယ်။

အများအမြင်မှာ အခုထွက်ရှိမယ့် တေးစီးရီးက ဘယ်နှစ်ခွေမြောက်လဲလို့ ထင်စရာရှိပေမယ့် တကယ်တမ်း ထွက်ရှိဖြစ်တာတွေက သုံးယောက်တွဲအခွေပါသလို အတွဲခွေတော်တော်များများ သီဆိုမှုရခဲ့တာကြောင့်ဒါ ပထမအခွေလို့ မမြင်နိုင်ပေမယ့် အခုမှ သီချင်းအားလုံး သီဆိုပြီးစီးခဲ့လို့ Mixing ဆွဲဖို့ပဲ ကျန်တော့တာဖြစ်ကြောင်း ရေဗက္ကာဝင်းက ပြောပြခဲ့ပါတယ်။ ဒီလိုကြာသွားရတာလည်း တချို့သီချင်းတွေ မကြိုက်လို့ပြန်ဖြုတ်၊ တချို့ဆိုပြီးသားပြန်ဆိုနဲ့ ကြာသွားတာဖြစ်တယ်လို့ ပြောပြခဲ့ပါတယ်။ ရေဗက္ကာဝင်းက ဂီတအလုပ်ကို လုပ်ဖြစ်ခဲ့တာ ရှစ်နှစ်လောက်ရှိပြီဖြစ်ပေမယ့် အကြောင်းအမျိုးမျိုးကြောင့် မထွက်ရှိနိုင်တာဖြစ်ကြောင်း ပြောပြခဲ့ပါတယ်။

အရင်တုန်းက မကြိုက်မချင်း လုပ်ခဲ့တာတွေရှိသလို ကျောင်းတက်နေတာကြောင့်လည်းပါတယ်။ အခုလည်း မာစတာ ဆက်တက်နေတော့ ကျောင်းနှစ်ကျောင်း တက်လိုက်ရသလိုဖြစ်ပြီး အခုမှ အပြီးသတ်နိုင်တာဖြစ်တယ်လို့ပြောပြခဲ့ပါတယ်။ Title အတိအကျ မပေးရသေးပေမယ့် စဉ်းစားထားတဲ့နာမည်လေးက One in the Million ဖြစ်တယ်လို့ သိရပါတယ်။ ပထမဆုံးတစ်ကိုယ်တော်မှာ Metal, Solo Rock, R&B ပုံစံစုံအောင် ရေဗက္ကာနဲ့လိုက်မယ့် ပုံစံများလည်း ရွေးချယ်ထားပြီး တေးရေးဆရာများဖြစ်ကြတဲ့ မြင့်မိုးအောင်၊ ရွှေကျော်ကျော်၊ R နိုင်၊ L လွန်းဝါ၊ စံပီး၊ စတုန်းနဲ့ ရေဗက္ကာဝင်းကိုယ်တိုင်ရေးသားထားတဲ့ သီချင်းများပါဝင်တယ်လို့ သိရပါတယ်။ ■ လင်းနိုင်ဦး



ရေဗက္ကာဝင်း

# ပန်းခရမ်းပြာ အိပ်မက်များ ရန်ပုံငွေပွဲ

၂၀၁၂ ခုနှစ် နိုဝင်ဘာလ ၄ ရက်နေ့မှာ အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ်ရှိ မြန်မာမိသားစုများက ရန်ပုံငွေရှာဖွေပွဲတစ်ခု ကျင်းပခဲ့ကြပါသည်။ ကချင်ပြည်နယ်မှ စစ်ပြေးဒုက္ခသည်များနှင့် ရခိုင်ပြည်နယ်မှ အဓိကရုဏ်းများကြောင့် ဒုက္ခရောက်ကြရသူများကို ကူညီရန်အတွက် ရန်ပုံငွေရှာဖွေပွဲကို ပြည်သူ့ဂုဏ်ရည်အသင်း၏အစီအစဉ်ဖြင့် ဖလော်ရီဒါပြည်နယ် Lakeland မြို့ 'ဗောဓိမဏ္ဍိုင်ဓမ္မစင်တာ' တွင် ကျင်းပခဲ့ကြခြင်း ဖြစ်ပါသည်။

အခမ်းအနားမှူးအဖြစ် ပြည်သူ့ဂုဏ်ရည်အသင်း ဖလော်ရီဒါဌာနခွဲမှ ကိုစိန်မြင့်အောင်က ဆောင်ရွက်ပြီး ရန်ပုံငွေရှာဖွေပွဲကို အမေရိကန်အနှံ့အပြားတွင်ကျင်းပသွားရန် ပြည်တွင်းမှ လူမှုရေးအကျိုးဆောင်များကို ပြည်သူ့ဂုဏ်ရည်အသင်းက ဖိတ်ခေါ်ခဲ့သော အစီအစဉ်ဖြစ်ကြောင်း ဖလော်ရီဒါဌာနခွဲတာဝန်ခံ ကိုသန်းနိုင်က ရှင်းပြပြီးနောက် အစီအစဉ်ကို စတင်ပါသည်။ 'ပန်းခရမ်းပြာရဲ့ အိပ်မက်များ' ဟု **စာမျက်နှာ(၂၉)သို့...**





ဖလော်ရီဒါရဲ့ ဈော်ဖြေပွဲ မြင်ကွင်း




# ရှင်သန်နေဆဲ... ပိုး

ကြူးနှစ်

ကဗျာဆရာ၊ ဘယာနကရသ စာရေးဆရာ 'ပိုး'ကို မေ့သလောက် ရှိနေကြပါပြီ။ သို့သော် ရုပ်ရှင်သမားအချို့ကတော့ မမေ့ပါ။ ပိုး၏ အထင်ရှားဆုံးစာပေလက်ရာအချို့နှင့် ပိုး၏ နံ့ချာတိုတောင်းသော ဘဝဖြစ်ရပ်တို့ကို Collage ဖြတ်ညှပ်ကပ်နည်းဖြင့် လှပညီညွတ်အောင် ဖွဲ့စည်း၍ ဘယာနကရသဖွဲ့ ရုပ်ရှင်ကားတစ်ကားကို တင်ဆက်လိုက်ပါပြီ။

Edgar Allan Poe ပိုးသည် ၁၈၀၉ ခုနှစ်တွင် လူ့ဘဝကို ရရှိခဲ့ပြီး ၁၈၄၉ ခုနှစ်တွင် တိမ်းပါးခဲ့သည်။ သူ၏ လူအဖြစ် လူ့ဘဝက တိုတောင်းသော်လည်း သူ၏ အနုပညာရှင်ဘဝကမူ ယနေ့ထက်တိုင် သက်တမ်းရှည်ရှင်သန်နေသည်။ သူ၏လက်ရာစာပေများကို ဖတ်ရှုနေကြဆဲ။ သူ၏ ဖန်တီးမှုဇာတ်လမ်းပုံပြင်များကို ရုပ်ရှင်ရိုက်ကူးပြသနေကြဆဲ။ သူ၏စာပေါင်းစုကျမ်း Anthology ကို ကြည့်၍ အကဲခတ်ဝေဖန်ရသော် သူ၏တိုတောင်းလှသော သက်တမ်းအတွင်း အထိုက်အလျောက်ဖန်တီးမှု အားကောင်းကောင်းနှင့် စာပေလက်ရာများ ရေးဖွဲ့ချန်ရစ်သွားနိုင်ခဲ့သည်ဟု ထင်သည်။ ပိုးသာ အရက်ကြောင့် အသက်မတိုခဲ့လျှင် သူ၏ ဖန်တီးမှုစာပေလက်ရာတွေ ယခုထက်ပို၍ များပြားကြွယ်ဝနေခဲ့လေမလားဟု ကျွန်တော် တွေးကြည့်မိခဲ့ပါသည်။

ပိုးကို စုံထောက်ဝတ္ထုဆရာများ၏ရှေ့ဆောင်တစ်ဦးဟုလည်းကောင်း၊ လက်မှန်မဆွ ခေတ်သစ်ဝတ္ထုတိုဆရာဟုလည်းကောင်း ဖော်ပြရည်ညွှန်းလေ့ ရှိကြသည်။ ခေတ်ဟောင်းမြန်မာစာရေးဆရာကြီးများထဲမှ အင်္ဂလိပ်စာတတ်ဆရာကြီးအချို့သည် ပိုး၏ဝတ္ထုတိုတချို့တလေကို မြန်မာပြန်ဆိုဖူး (သို့မဟုတ်)မှီငြမ်းဖူးခဲ့ကြလေမလားဟုပင် ကျွန်တော် သံသယဝင်မိပါသည်။ ကျွန်တော် စာဖတ်မနှံ့စပ်လျှင် သဘောထားကြီးစွာ ခွင့်လွှတ်ကြပါဘိ။

စင်စစ် ပိုးသည် စုံထောက်ဝတ္ထုများကြောင့် အောင်မြင်ကျော်ကြားခဲ့ပေခြင်း မဟုတ်။ မရဏတရား(လူသေအလောင်းကောင်)အခြေပြု၊ ထိတ်လန့်ရင်ဖိုစရာ အရေးအဖွဲ့များကြောင့် Macabre Story ဟူသော စိတ်ကူးကို ဇာတ်အရေးအသားအသစ်ဖြင့် စာပေနယ်မှာ ပိုးက မှတ်တိုင်သစ် စိုက်ထူနိုင်ခဲ့ခြင်းဖြစ်၏။

နာနာဘာဝ၊ ဝိဉာဘာဝ၊ သွေးစုပ်ဖုတ်ကောင်၊ ဖုတ်သရဲ၊ ဘီလူးစီး ဘီလူးကပ်၊ မှော်ဝင်စုန်းပူး စသော ဘယာနကရသဖွဲ့ အနုပညာဖန်တီးမှုများကို (ခေတ်နောက်ပြန်ဆွဲအတွေးအခေါ်တွေပါဟု လျှာထွက်အောင် ဘယ်လောက်ပြောပြော) အနုပညာအမျိုးအစားမှာ ဘယာနကရသဖွဲ့ဖြစ်သော်လည်း အထက်ပါ သဘာဝလွန်ဖြစ်ရပ် Supernatural သက်သက်မျှ မဟုတ်။ သဘာဝနယ်ပယ်အတွင်းမှ နှလုံးနာစရာ၊ ထိတ်လန့်စရာ၊ စိတ်မောရှူးနောက်စရာ လူ့လောကဖြစ်ရပ်ဆန်းများကို စာပေအနုပညာပုံသဏ္ဌာန်ဖြင့် စိတ်ကူးဉာဏ်ကွန့်မြူးဖော်ထုတ်ခဲ့ခြင်း ဖြစ်သည်။ ပိုး၏ ဖန်တီးမှုများထဲတွင် လူသေပါမည်။ သာမန်သွေးရိုးသားရိုးသေဆုံးရသော လူသေမျိုး မဟုတ်။ မကြံကောင်းမစည်ရာ နည်းမျိုးဖြင့် အသက်ခံခဲ့ရသော လူသေမျိုး အခက်အလက်အမျိုးအစား Genre တစ်ရပ်အနေဖြင့် တည်ရှိနေမည်သာဖြစ်သည်။ တည်ရှိ ရပ်တည်ခွင့်လည်း ပြုထားရမည်။ ယင်းကို ငြင်းဆန်သူသည် ဦးနှောက်ကျပ်မပြည့်သူသာဖြစ်သည်။ ရှေးဦးအစ အနုပညာများကို အနောက်တိုင်းမှာကော အရှေ့တိုင်းမှာပါ ဂဠုန်နဂါးတွေ၊ ယက္ခိုက်ကုမ္ဘဏ်တွေ၊ ဥစ္စာစောင့်မှင်စာတွေနှင့်သာမက နတ်ဒေဝတာတွေ၊ 'ဇေအု'(Zeus) လိုနတ်သိကြားမင်းကြီးတွေနှင့် အခြေပြုတည်ဆောက်ထားခဲ့ကြောင်း အနုပညာသမိုင်းကို တီးမိခေါက်မိသူတိုင်း သိနိုင်ကြလိမ့်မည်။

ပိုးလမ်းသစ်ထွင်ခဲ့သော စာပေဖြစ်သည်။ မကြံကောင်းမစည်ရာ အယုတ်တမာနည်းကို ကျူးလွန်ခဲ့သူ၏ ဆန်းပြားသောစိတ်အခြေအနေ၊ ထူးကဲသောအပြုအမူမျိုးကိုလည်း တွေ့ရမည်။ ယင်းတို့ကို ပိုးက အနုပညာမြောက်စွာ အသေးစိတ်ကွန့်ညွှန့်ဖွဲ့နွဲ့တင်ပြတတ်သည်။ ကဗျာဆရာ ပီပီ အသုံးအနှုန်း၊ အဖွဲ့အနွဲ့တွေက နွဲ့နှောင်းရစ်ထွေးနေကြသည်ကပင် ကြောက်ဖွယ်လန့်ဖွယ်ရသအတွက် အထောက်အပံ့ ဖြစ်နေသည်ဟု ကျွန်တော် ခံစားခဲ့ရသည်။ ပိုး၏ စာပေလက်ရာကို ကြောက်စရာ Horror ရုပ်ရှင်အဖြစ် ပြောင်းလဲတော့မည်ဆိုလျှင် မူရင်းရသပါနိုင်အောင် ဒါရိုက်တာနှင့် ဇာတ်ညွှန်းဆရာတို့ ကြိုးစားအားထုတ်ရမည်။

ပိုး၏စာပေလက်ရာကို ရုပ်ရှင်အဖြစ် အသက်သွင်းထားသော **မသေခင် မြေမြှုပ်ခြင်း** (Premature Burial) ရုပ်ရှင်မှာ စံချိန်မီထိတ်လန့်ရင်ဖိုဇာတ်ကားဖြစ်သည်။ ပိုးက ဝတ္ထုဇာတ်လမ်းအဖြစ် ရေးခဲ့ခြင်းမဟုတ်။ ထိုခေါင်းစဉ်ဖြင့် ကဗျာရေးဖွဲ့ခဲ့ခြင်း ဖြစ်သည်။ ကဗျာ၏ ယိမ်းညွတ်ရာ ဦးတည်ချက်ကို ဇာတ်အိမ်ဖွဲ့၍ ကြည့်ရှုရသူ အသည်းအေး၍ သွေးခဲသွားမတတ်ကြောက်ရအောင် ရိုက်ကူးထားသည်။ Setting အခင်းအကျင်းက Gothic ဂေါ်သစ်ဝတ္ထုများနည်းတူ မှိုင်းမှုန်ခြောက်သွေ့သည်။ တောမြိုင်ကန္တာရကြီးတစ်ခုလို ကျယ်ဝန်းသော ခြံဝင်းကြီးထဲမှ ရှေးဟောင်းစံအိမ်ကြီး။ ချောမောသလောက် ကောက်ကျစ်ယုတ်မာသော မုဆိုးမ။ မသေဘဲ မေ့မျောနေစဉ် ခေါင်းသွင်း၍ မြေမြှုပ်ခံထားခြင်း ခံခဲ့ရာက သတိဝင်နိုးကြားလာချိန်မှာ သင်္ချိုင်းမြေပုံအောက် ခေါင်းတလားထဲမှာ မလူးသာ မလွန့်သာ မှန်းကျပ်နေခဲ့ရရှာသော ဇရာအိုယောကျ်ားကြီး။ အဆုံးစွန်သော ကြောက်လန့်မှုဖြင့် ထိုလူကြီး ခေါင်းတလားထဲမှာ ရုပ်ပျက်ဆင်းပျက်သေဆုံးသွားခဲ့ရပုံ။ သွေးရိုးသားရိုးမဟုတ်ဘဲ သေဆုံးခဲ့ရသည့် ဖခင်၏အဖြစ်မှန်ကို (အလောင်းကို တူးကြည့်ပြီးမှ) သိခွင့်ရသော သားက ဖခင်ကဲ့သို့ လုပ်ကြံခြင်းခံခဲ့ရလျှင် သင်္ချိုင်းမြေအောက်မှာ အသက်ပြန်ရှင်နိုင်အောင် အထူးအစီအမံရှိသော ခေါင်းတလားတစ်လုံး ကြိုတင်ပြင်ဆင်ထားခဲ့ပုံ၊ သေဟန်ဆောင်ပြီး သင်္ချိုင်းမြေအောက်မှ

## Ytalk Application အသစ်မိတ်ဆက်ပွဲ



VMG Telecoms မှ ဦးခင်မောင်သန့်က ရှင်းလင်းပြောကြားခဲ့ပါတယ်



VMG Telecoms မှ စမိုင်းလိက ကံထူးသူကို ဆုချီးမြှင့်ပေးခဲ့ပါတယ်

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ရတနာပုံတယ်လီပို့ကုမ္ပဏီလီမိတက်နဲ့ VMG Telecoms တို့ ပူးပေါင်းအကောင်အထည်ဖော်ဝန်ဆောင်မှုပေးတဲ့ မြန်မာနိုင်ငံရဲ့ပထမဆုံးနိုင်ငံတကာကို အင်တာနက်ဖုန်းခေါ်မှုစနစ် Y talk ကို Android နဲ့ Apple(ios) ဖုန်းတို့မှာ စတင်အသုံးပြုနိုင်ပြီဖြစ်ကြောင်း အသိပေးမိတ်ဆက်ပွဲကို ၂၀၁၂ နိုဝင်ဘာလ ၃ ရက်နေ့၊ ညနေ ၃ နာရီက ရန်ကုန်မြို့၊ ရွှေဂုံတိုင်ရှိ တော်ဝင်နှင်းဆီမှာ ပြုလုပ်ခဲ့ပါတယ်။ Y talk Voip Softphone မှ Smart Phone Version များဖြစ်တဲ့ Android OS, Apple(ios) များအတွက် Mobile Apps Product အသစ်နှစ်မျိုးကို ထပ်မံထုတ်လုပ်ထားပါတယ်။ Mobile Apps များကို အခမဲ့အနေနဲ့ ပေးသွားမှာဖြစ်ပါတယ်။ အင်တာနက်ကို ဦးစွာ ဖွင့်ထားရမှာဖြစ်ပြီး အင်တာနက်လိုင်းရရှိပြီဆိုပါက မိမိဖုန်းမှာ ထည့်သွင်းထားတဲ့ Y talk Mobile Apps ကို ဖွင့်ရမှာဖြစ်ပါတယ်။ မိမိမှာရှိတဲ့ Y talk Account ရဲ့ Username နဲ့ Password ကို SIP Settings နေရာမှာထည့်သွင်းရမှာဖြစ်ပါတယ်။ အင်တာနက်လိုင်း Bandwidth Speed အနည်းငယ်နဲ့ အသံကြည်လင်စွာကြားဖို့အတွက် Audio Setting အတွင်းရှိ Codecs ဆိုတဲ့နေရာမှာ G.729 တစ်ခုထဲသာ အမှန်ခြစ်ထည့်ရမှာဖြစ်ပါတယ်။ ကျန် Codces များကို(ဥပမာ G.722) တို့ကို အမှန်ခြစ်ဖြုတ်ပေးရမှာဖြစ်ပြီး မိမိအကောင့်စတင်အသုံးပြုရ မရ သိလိုပါက (SIP Registered) ဖြစ်မဖြစ်ကို Moblie Application ပေါ်ကြည့်ပြီး SIP Registered နဲ့ Balance မှာ မိမိထည့်ထားတဲ့ ငွေပမာဏကို ကြည့်ပါက သိနိုင်ပါတယ်။ ဖုန်းခေါ်ဆိုရာမှာ မိမိခေါ်ဆိုလိုတဲ့ နိုင်ငံရဲ့ Country Code နဲ့ ဖုန်းနံပါတ်ရဲ့ အရှေ့မှာ (00 or +) ထည့်ပြီးစတင်ခေါ်ဆိုနိုင်ပါတယ်။

VMG Telecoms Co.,Ltd ရဲ့ Phone 4u အကြောင်းကိုလည်း မိတ်ဆက်ပေးခဲ့ပါတယ်။ Phone 4u က နိုင်ငံပေါင်း ၆၀ ကျော်မှာ ဖုန်းနံပါတ်များဝယ်ယူပြီး သက်ရှိ ရုံးဖုန်း၊ အိမ်ဖုန်း၊ လက်ကိုင်ဖုန်းများကို အဝင်ဖုန်းများ လက်ခံနိုင်ဖို့ ဆောင်ရွက်ထားတာဖြစ်ပါတယ်။ အဝင်ဖုန်းခေါ်ဆိုခအတွက် တစ်မိနစ်ကျသင့်ငွေမှာ US$ 0.30 ဖြစ်ပါတယ်။ မိမိ အသုံးပြုလိုတဲ့ ဖုန်းခေါ်ဆိုခပမာဏကို ကြိုတင်ငွေဖြည့်ရမှာဖြစ်ပြီး Basic ကတ်က နံပါတ်တစ်ခု ၊Silver ကတ်က နံပါတ် တစ်ခုနဲ့ ၄၅ မိနစ် (Free) ၊ Gold ကတ်က နံပါတ် သုံးခုနဲ့ ၁ နာရီ (Free) တို့ဖြစ်ပါတယ်။ Application များနဲ့ ပတ်သက်တာများကို VMG Telecoms Co.,Ltd မှ တာဝန်ရှိသူများက ရှင်းလင်းပြောကြားခဲ့တာဖြစ်ပါတယ်။

မိတ်ဆက်ပွဲမှာ Android Phone ၁၀ လုံးကို မဲတွာလက်ဆောင် ကံစမ်းမဲဖွင့်လှစ်ပေးခဲ့ပါတယ်။ ■

ခင်လေးမြင့်

ပြည်ပသတင်း

ရာပြည့်

## ဖလင်စတား David Beckham


Beckham ကို အမျိုးသမီးဆေးဝန်ထမ်းတစ်ဦးက နောက်ကျောမှာ ရေခဲအိတ်ကပ်ပေးပြီး ပူလာရင် ကျုံ့ဝင်သွားတတ်တဲ့ PVC ဖလင်နဲ့ ခါးပတ်လည်ကို ရစ်ပတ်ချည်နှောင်ပေးခဲ့ပါတယ်

အသက် ၃၇ နှစ်အရွယ်ရှိ အင်္ဂလန်ဘောလုံးအကျော်အမော် David Beckham ဟာ MLS Cup ဘောလုံးပြိုင်ပွဲရဲ့ပွဲစဉ်တစ်ရပ်ဖြစ်တဲ့ San Jose Earthquakes အသင်းနဲ့ နိုဝင်ဘာလ ၈ ရက်နေ့ညက ကစားခဲ့တဲ့ပွဲစဉ်မှာ ပွဲချိန်အပြည့် မကစားခဲ့ရဘဲ လူစားလဲလှယ်ခဲ့ရပေမယ့် ပရိသတ်တွေအားလုံး ငေးကြည့်ခဲ့ရတဲ့ ဖလင်စတားတစ်ယောက်ဖြစ်ခဲ့ရပါတယ်။ ဖလင်စတားဆိုလို့ ရုပ်ရှင်မင်းသားဖြစ်သွားတာကို ပြောတာမဟုတ်ပါဘူး။ Herbalife ကုန်အမှတ်တံဆိပ်တပ် ကစားသမားအင်္ကျီကို ပင့်တင်ပြီး ကွင်းပြင်ထွက်လာတဲ့ Beckham ကို အမျိုးသမီးဆေးဝန်ထမ်းတစ်ဦးက နောက်ကျောမှာ ရေခဲအိတ်ကပ်ပေးပြီးပူလာရင် ကျုံ့ဝင်သွားတတ်တဲ့ PVC ဖလင်နဲ့ ခါးပတ်လည်ကို ရစ်ပတ်ချည်နှောင်ပေးခဲ့တာကြောင့် ဖြစ်ပါတယ်။ ပက်တီးနဲ့ မစည်းဘဲ ပလတ်စတစ်အကြည်စနဲ့ ပတ်တာဖြစ်လေတော့ ကိုယ်ပေါ်မှာ ပတ်တီးအကြည်စည်းလို့ အရာထင်တာမျိုး မရှိတဲ့အပြင် ကြည်လင်နေတဲ့ပလတ်စတစ်ကနေတစ်ဆင့် Beckham ရဲ့ ခါးပတ်လည်က ဆေးမင်ကြောင်တွေကို မြင်နေရတာကြောင့် ပရိသတ်တွေ လိုက်ကြည့်နေမိပြီး Beckham ကို ဖလင်စတားဖြစ်ပြီလို့ ဆိုခဲ့တာပါ။ Beckham ဟာ မကြာသေးခင်ကလည်း သူ့ရဲ့ H & M အမှတ်တံဆိပ် အမျိုးသားဝတ်အတွင်းခံဘောင်းဘီကြော်ငြာ ရိုက်ကူးရာမှာ ပါဝင်သရုပ်ဆောင်ပေးခဲ့ဖူးလို့ သရုပ်ဆောင်အလုပ်နဲ့ စိမ်းလှသူတော့ မဟုတ်ဘူးဆိုရမှာပါ။ အဲဒီကြော်ငြာကို ဒါရိုက်တာ Guy Ritchie ကရိုက်ပေးတာပါ။ ရုပ်/သံတင်ဆက်သူ Matthew Perry ရဲ့ ဇာတ်လမ်းအသစ်တစ်ပုဒ်မှာ ဧည့်သည်သရုပ်ဆောင်အဖြစ် ပါဝင်သရုပ်ဆောင်ပေးဖို့ စာချုပ်လက်မှတ်ရေးထိုးပြီး ဖြစ်ပါတယ်။ နိုဝင်ဘာ ၈ ရက်နေ့ညကပွဲမှာ Beckham ရဲ့ LA Galaxy အသင်းက San Jose Earthquakes အသင်းကို ၃-၁ နဲ့ အနိုင်ရရှိခဲ့ပါတယ်။ ❑ ***08.11.2012, The Sun***

## လန်ဒန်သားတွေ ငေးမောခဲ့ကြရတဲ့ Kim Kardashian ရဲ့အလှ


ချစ်သူ Kanye West နဲ့အတူ ဖက်ရှင်ဆိုင်ဖွင့်ပွဲ တက်ရောက်လာတဲ့ Kim Kardashian

လန်ဒန်မြို့မှာ ကျင်းပတဲ့ Kardashian Kollection ဖက်ရှင်ဆိုင်ဖွင့်ပွဲ တက်ရောက်လာတဲ့ ရုပ်/သံသရုပ်ဆောင် Kim Kardashian ဟာ နိုဝင်ဘာလ ၈ ရက်နေ့ညက ကျင်းပခဲ့တဲ့ Dorothy Perkins ရဲ့ညစာစားပွဲကိုလည်း တက်ရောက်ခဲ့ပါတယ်။ ညစာစားပွဲတက်ရောက်လာတဲ့ Kim ဟာ သူ့ရဲ့ ရှိုက်ဖိုကြီးငယ်အသွယ်သွယ်ကို ပေါ်လွင်စေတဲ့ အနက်ရောင်ဆီးကွင် ဝတ်စုံကို ဝတ်ဆင်လာခဲ့တာကြောင့် ညစာစားပွဲတက်ရောက်လာတဲ့ ဧည့်ပရိသတ်အပေါင်းဟာ Kim ရဲ့အလှကို ရင်သပ်ရှုမော တအံ့တသြဖြစ်ခဲ့ကြရပါတယ်။ အသက် ၃၂ နှစ်အရွယ်ရှိ Kim ဟာ ညီမဖြစ်သူ Kourtney နဲ့အတူ ဖိမ်ခံစားသောက်ခန်းမကြီးရဲ့ဧည့်ခန်းအလှကို ပိုမိုပြည့်စုံစေခဲ့သလို Kardashian ညီအစ်မတွေပုံစံထုတ်ပေးတဲ့ဝတ်စုံဒီဇိုင်းအမျိုးမျိုးကိုလည်း မော်ဒယ်လ်မလေးတွေက ဝတ်ဆင်ပြသပေးသွားခဲ့ကြပါတယ်။ ဖက်ရှင်ပါတီပွဲအပြီးမှာတော့ UK ခရီးစဉ်ကို အဖော်ပြုလိုက်ပါလာခဲ့တဲ့ ချစ်သူ Kanye West နဲ့ Kim Kardashian တို့ဟာ Mayfair အရပ်က Hakkasan စားသောက်ဆိုင်မှာ ညစာသွားရောက်သုံးဆောင်ခဲ့ကြကြောင်း သိရှိရပါတယ်။ ❑ ***09.11.2012, The Sun***

## ဆံပင်အနီနဲ့ ဗြိတိန်သားတွေကို သဘောကျသူ၊ အမေရိကန်အဆိုတော် Taylor Swift


Taylor Swift ဟာ ရှေးဟောင်းပစ္စည်းတွေ ဝယ်ယူစုဆောင်းတာကို ဝါသနာပါသူတစ်ဦးဖြစ်ပါတယ်

ဂရမ်မီဆုရ၊ ကျေးလက်ဂီတအဆိုတော် Taylor Swift ရဲ့ အာရုံကိုဖမ်းစားနိုင်တဲ့ ဗြိတိသျှသားတွေထဲမှာ တက်သစ်စအဆိုတော် Ed Sheeran အပြင် ရုပ်/သံတင်ဆက်သူ David Dickinson ကိုလည်း စာရင်းထွက်ရမှာ ဖြစ်ပါတယ်။ အမေရိကန်သူအဆိုတော် Taylor Swift က စကားပြောကောင်းရုံမက ရှေးဟောင်းပစ္စည်းကျွမ်းကျင်သူတစ်ဦးလည်းဖြစ်တဲ့ David Dickinson ကို သဘောကျကြောင်း ထုတ်ဖော်ပြောကြားခဲ့လို့ပါပဲ။ Taylor Swift ဟာ ရှေးဟောင်းပစ္စည်းတွေ ဝယ်ယူစုဆောင်းတာကို ဝါသနာပါသူတစ်ဦးဖြစ်ပြီး သူ့ရဲ့ Nashville ဒေသက နေအိမ်မှာ ထားရှိဖို့ ရှေးဟောင်းပစ္စည်းတွေ ဝယ်ယူစုဆောင်းလေ့ ရှိတယ်လို့လည်း ဆိုပါတယ်။ Taylor Swift ရဲ့ မှတ်ချက်စကားသံကို David သာ ကြားရရင်တော့ ကျေနပ်နေမှာ အမှန်ပါ။ ပြီးခဲ့တဲ့လအတွင်းက Notting Hill မှာ ရှေးဟောင်းပစ္စည်းတွေ သွားရောက်ဝယ်ယူစဉ်မှာ Taylor နဲ့ David တို့ ဆုံခဲ့ကြဖူးလောက်ပါတယ်။ ဒါပေမဲ့ Taylor Swift ရဲ့ *Red* အမည်ရ အယ်လ်ဘမ်အသစ်ထွက်ရှိပြီးနောက်မှာ ဂုဏ်ပြုတဲ့အနေနဲ့ ခေါင်းစီးသီချင်း *Red* အမည်စာတမ်းကို လက်မောင်းပေါ်မှာ ဆေးမင်ကြောင်ရေးထိုးခဲ့တဲ့ Ed Sheeran က David ထက် နှာတစ်ဖျားသာသွားခဲ့တယ်လို့ ဆိုရမှာပါ။ ရုပ်/သံတင်ဆက်သူ Alan Carr ရဲ့ Chatty Man အမည်ရ အစီအစဉ်တစ်ရပ်ကို Channel 4 ရုပ်/သံက ထုတ်လွှင့်ခဲ့ရာမှာ Taylor Swift က Ed Sheeran ရဲ့ ဂုဏ်ပြုဆေးမင်ကြောင်အကြောင်းပြောကြားခဲ့တာဖြစ်ပြီး ဒီလိုထာဝရဂုဏ်ပြုလိုက်တာမျိုးကို မြတ်နိုးကြောင်း ပြောကြားခဲ့တာဖြစ်ပါတယ်။ Taylor Swift က Ed Sheeran နဲ့ အချစ်ရေးကောလဟာလ သတင်းစကားတွေကို ပယ်ချခဲ့ပေမယ့် ဆံပင်အနီရောင်အမျိုးသားတွေနဲ့ တွဲသွားတွဲလာရှိတာကိုတော့ မငြင်းခဲ့ပါဘူး။ Taylor Swift က ဆံပင်အနီရောင်ရှိသူတွေကို နှစ်သက်ကြောင်း၊ **Harry Potter** ဇာတ်ကားထဲက Rupert Grint ကိုလည်း သဘောကျကြောင်းလည်း ထုတ်ဖော်ပြောကြားသွားခဲ့ပါသေးတယ်။

❑ ***09.11.2012, The Sun***

## တစ်သက်တာ လူကြိုက်အများဆုံး စိတ်ကူးယဉ် သိပ္ပံသူရဲကောင်း Superman

**Stratego Sci-fi** အမည်ရစစ်တမ်းအဖွဲ့တစ်ရပ်က စိတ်ကူးယဉ်သိပ္ပံဇာတ်ကားတွေထဲက တစ်သက်တာ လူကြိုက်အများဆုံးဟီးရိုးရွေးချယ်နိုင်ဖို့အတွက် ဗြိတိန်နိုင်ငံသားနှစ်ထောင်ဆီကနေ သဘောထားတောင်းခံပြီး စစ်တမ်းကောက်ယူခဲ့ရာမှာ တစ်သက်တာ လူကြိုက်အများဆုံးစိတ်ကူးယဉ်သိပ္ပံသူရဲကောင်းအဖြစ် မဟာလူသား Superman ကို ရွေးချယ်ခဲ့ကြောင်းသိရှိရပါတယ်။ မင်းသား Christopher Reeve သရုပ်ဆောင်ပေးထားတဲ့ **Man of Steel** အမည်ရ ၁၉၇၈ ခုနှစ်ထုတ်ဇာတ်ကားက **Star Wars** ဇာတ်ကားထဲက ပရိသတ်ကြိုက်ဇာတ်ကောင်တွေဖြစ်တဲ့ Han Solo နဲ့ Yoda တို့ကို ကျော်ဖြတ်ပြီး ပထမနေရာစွဲနိုင်ခဲ့တာပဲ ဖြစ်ပါတယ်။ ဒုတိယနေရာကို **Star Wars** က Han Solo, တတိယနေရာကို **Star Wars** က Yoda, စတုတ္ထနေရာကို ET, ပဉ္စမနေရာကို **Men in Black** ဇာတ်ကားက Agent J, ဆဋ္ဌမအဖြစ် **Star Wars** ရဲ့ Darth Vader, သတ္တမအဖြစ် **Star Trek** ဇာတ်ကားက Captain Kirk, အဋ္ဌမနေရာကို **Back to the Future** ဇာတ်ကားက Marty McFly, နဝမအဖြစ် **Star Wars** ဇာတ်ကားက C3PO နဲ့ ဒသမနေရာကိုတော့ **Star Trek** ဇာတ်ကားက Captain Picard တို့က ရရှိခဲ့ကြပါတယ်။ အမျိုးသမီးသူရဲကောင်းဇာတ်ရုပ်တွေထဲမှာတော့ **Alien** ဇာတ်ကားက Ellen Ripley က အမြင့်ဆုံးအဖြစ် အမှတ်စဉ် ၂၁ မှာ နေရာရခဲ့ပါတယ်။ **Star Wars** ရဲ့ မင်းသမီး Leia ကတော့ အဆင့် ၂၅ သာရပြီး၊ **The X Files** ရဲ့ Dana Scully က အဆင့် ၃၂ ချိတ်ခဲ့ကြောင်း သိရှိရပါတယ်။ စိတ်ကူးယဉ်သိပ္ပံဇာတ်ကားတွေထဲက အကောင်းဆုံးတိုက်ပွဲခန်းရွေးရာမှာတော့ Harry Potter နဲ့ ရန်သူတော်ကြီး Lord Voldermart တို့ရဲ့တိုက်ပွဲကို ရွေးချယ်ခဲ့ကြပါတယ်။ Stratego Sci-fi အဖွဲ့ဝင်၊ Katherine Pierce က Superman ဟာ သမားရိုးကျအဖြစ်ဆုံးနဲ့ အပြည့်စုံဆုံးစံပြသူရဲကောင်းတစ်ဦးဖြစ်ပြီး လွန်ခဲ့တဲ့နှစ်ပေါင်းခုနစ်ဆယ်ကျော် စတင်ပေါ်ပေါက်စဉ်ကအတိုင်း ယနေ့တိုင် လူကြိုက်များနေဆဲဖြစ်ကြောင်း ပြောကြားသွားခဲ့ပါတယ်။ ❑

***09.11.2012, The Sun***

# ဒီမိုကရေစီ ဘက်တော်သား ကဗျာဆရာ တင်မိုးကို ပိတောက်ပွင့်သစ် ဂုဏ်ပြု

ပြည်သူချစ်လျှင် ကမ္ဘည်းတင်မည် ဆောင်ပုဒ်ဖြင့် လစဉ်ထုတ်ဝေလျက်ရှိသည့် ပိတောက်ပွင့်သစ် မဂ္ဂဇင်းက ပြည်သူချစ်သော အနုပညာသည်များကို မျက်နှာဖုံးရှင်အဖြစ် ဂုဏ်ပြုမှတ်တမ်းတင်လျက်ရှိရာမှာ ယခုလမှာ ဒီမိုကရေစီဘက်တော်သား ကဗျာဆရာကြီး (ဦး)တင်မိုးကို ဂုဏ်ပြုအမှတ်တရ ထုတ်ဝေလိုက်ပါသည်။

ပန်းချီကျော် ယဉ်မင်းပိုက်၏ လက်ရာမျက်နှာဖုံးပုံမှာ 'ဆေးလိပ်လည်းတို၊ နေလည်း ညိုပြီ၊ ငါ့ကို ပြန်ပို့ကြပါလေ' ဆိုသည့် ကဗျာကို ရုတ်တရက်ရွတ်ဆိုမိလောက်အောင်ပင် ဆရာတင်မိုးကို အမှတ်ရစေလေသည်။ ပိတောက်ပွင့်သစ်၏ အစဉ်အလာအတိုင်း **မှတ်မှတ်ရရ** ကဏ္ဍမှာ ဆရာတင်မိုး ကိုယ်တိုင်ရေးကဗျာများ၊ စာများဖော်ပြသကဲ့သို့ ဂုဏ်ပြုကဗျာများ၊ စာများ ဖော်ပြထားသည်။ ၁၉၈၈ ဒီဇင်ဘာ ၉ ရက်နေ့မှာ ရေးဖွဲ့ခဲ့သည့် **မိုးမသောက်တဲ့နှစ်များ** ကဗျာတွင် ရေးဖွဲ့ထားသည်မှာ-

*ကျေးတောကငါ*
*ငေးမောပြီး မြို့တက်လာ*
*တို့ရက်တွေဟာ*
*ရာဇာမဟုတ်တော့။*
*ဇာတာအစုတ်နဲ့*
*ဝါစာကမာလုပ်ပြီး*
*ဇရာတောအုပ်ထဲ ဝင်ရပြီ။*
*မဖြောင့်မတန်း*
*အမှောင့်လမ်းတွေကလည်း*
*ဖြောင့်တန်းလန်း*
*ဆူးတန်းလန်းတွေနဲ့*
*ဖြတ်သန်းသူတွေ*
*ဒုက္ခပင်လယ်ဝေခဲ့ပြီ။*
*ဘဝအိပ်မက် လျှပ်တပြက်*
*နတ်သက် မဟုတ်ပါဘူးကွယ်။*

ဟူ၍လည်းကောင်း၊

*ငယ်ငယ်တုန်းက*
*လီနင်နဲ့ တွေ့တယ်*
*ကြီးလာတော့ လင်ကွန်းနဲ့*
*တွေ့ချင်တယ်*
*ချောက်ကမ္ဘားမှာ*
*ကြောက်အားပိုစရာ*
*အမှောင်ရိပ်ကြီးဟာ*
*ဒယီးဒယိုင် ထိုးကျနေတယ်။*
*မင်းလည်း အမှောင်ထဲ*
*ငါလည်း အမှောင်ထဲမှာ*
*ယောင်ဆွဲသူဆွဲ*
*ချော်လဲသူလဲ*
*ပက်လက်လန်သူလန်*
*ရက်စက်ထန်သူထန်*
*အမှန်တွေ အမှားဖြစ်လိုဖြစ်*
*အချို့တွေ အခါးဖြစ်လိုဖြစ်နဲ့*
*စနစ်မညီမမျှ ခေတ်ဂီတတွေ*
*တီးမှုတ်နေရတယ်။*

ဟူ၍လည်းကောင်း၊

*တို့ဟာ ပညာကို မကိုးကွယ်*
*အာဏာကို ကိုးကွယ်တယ်။*
*အတတ်ကို မကိုးကွယ်*
*သေနတ်ကို ကိုးကွယ်တယ်။*
*အဂတိတရားလေးပါး*
*ဖယ်ရှားရမယ့်အချက်ကို*
*ငါတို့မွေ့ဖက်တယ်။*
*အရှက်ကို အရေခွာပြီး*
*တစ်နေရာမှာ*
*ချိတ်ထားလိုက်တယ်။*
*ဒီလိုနဲ့ ပိတောက်တွေလည်း*
*အသက်မပါဘဲ*
*အခါခါ ပွင့်ခဲ့ပြီ။*
*လမင်းလည်း*
*ခပ်ပျင်းပျင်းနဲ့*
*မလင်းချင်လင်းချင် လင်းခဲ့တာ*
*ညများစွာ ရှိခဲ့ပါပြီ။*
*တို့အသက်များကို*
*မုသာဝါဒနဲ့ လဲစားနေခဲ့တာ*
*ရောယှက်ဖောက်*
*မရဏတွင်းတောင်*
*ပေါက်ခဲ့ပြီမို့*
*မိုးမသောက်တဲ့နှစ်များလို့*
*ကမ္ဘည်းထိုးရမလား မသိ။*

ဟူ၍လည်းကောင်း၊

*ဗုဒ္ဓရှင်တော်ရဲ့ နောက်ဆုံးစကား*
*မင်းလည်း ကြားမိမှာပါပဲ။*
*အပ္ပမာဒေန သမ္ပာဒေထ*
*မမေ့မလျော့ မပေါ့သောသတိနှင့်*
*ပြည့်စုံကြကုန်လော့...တဲ့။*
*အရာရာကို သတိသမ္ပဇဉ်*
*ဉာဏ်နှင့်ယှဉ်ပြီးမှ*
*အနုလုံ ပဋိလုံ သုံးသပ်*
*သတိပြတ်လို့ မဖြစ်ပေဘူး။*
*သတိမလစ်မှ*
*အရှိအဖြစ်ကို မြင်နိုင်ပေမယ်။*

ဟူ၍လည်းကောင်း ခေတ်ကို ထင်ဟပ်သောကဗျာ ရေးဖွဲ့ခဲ့သည်ကို ဂုဏ်ပြုဖော်ပြထား၏။



ဆရာနှင့် ခေတ်ပြိုင်ကဗျာဆရာ ကိုလေး (အင်းဝဂုဏ်ရည်) အပါအဝင် အထင်ကရ ကဗျာဆရာ အကျော်အမော်တို့၏ ဂုဏ်ပြုစာများ ဖော်ပြထားသည်။

၁၉၉၂ ခုနှစ် နိုင်ငံရေးအကျဉ်းသားဘဝမှာ အချုပ်ကားပေါ်ကနေ သူ၏ကဗျာမိတ်ဆွေ စာမိတ်ဆွေများကို နှုတ်ခွန်းဆက်ခဲ့ပုံကိုမူ ကွယ်လွန်သူ ကဗျာဆရာ၊ စာရေးဆရာ မောင်တင်ဆင့်က-

*ကုတ်အင်္ကျီအပြာနဲ့*
*ကဗျာဆရာ*
*အချုပ်သားတွေအကြား*
*အားတင်းအပြုံးတွေနဲ့*
*လက်ကိုဝှေ့ယမ်း*
*သားသမီးများနဲ့ မိတ်ဆွေများ*
*အားမလျှော့ကြနဲ့*
*ကဗျာဆရာအချုပ်သားက*
*ပြန်လို့အားပေးနေပုံမျိုး*
*ခင်ဗျား မြင်ဖူးလား*
*လက်မကိုထောင်*
*ဘာဖြစ်ဖြစ် အောင်မြင်ရမယ်*
*အရာရာကို*
*အောင်မြင်ကျော်လွှားရမယ်*
*ကဗျာရဲ့သွေး*
*ကဗျာဝေးတွေ*
*ထာဝရစီးဆင်း*
*ပျံ့နှံ့နေရစေမယ်။*

ဟု ဂုဏ်ပြုရေးဖွဲ့ခဲ့လေသည်။

ပိတောက်ပွင့်သစ် မဂ္ဂဇင်း၏ ဂုဏ်ပြုမှုအစီအစဉ်နှင့်အတူ လူငယ်ကဗျာဆရာများ၏ ကဗျာတို၊ ကဗျာရှည်၊ ကဗျာရေးရာများ အပါအဝင်၊ ဆောင်းပါးများ၊ ဝတ္ထုတိုများ၊ ရသစာတမ်းများဖြင့် ထုတ်ဝေလိုက်ပါသည်။ ■

# သီချင်းများ ခံစားနားဆင်ရင်း လှူဒါန်းနိုင်တဲ့ ထွန်းအိန္ဒြာဗိုရဲ့ Charity Live

Iron Cross Music Entertainment က စီစဉ်တင်ဆက်မယ့် ထွန်းအိန္ဒြာဗိုရဲ့ တစ်ကိုယ်တော်ဖျော်ဖြေပွဲ Chaity Live ကျင်းပမယ့် အကြောင်း စာနယ်ဇင်းပွဲကို ၂၀၁၂ နိုဝင်ဘာ ၉ ရက်၊ နေ့လယ် ၂ နာရီက ရန်ကုန်မြို့၊ ကမ္ဘာအေးဘုရားလမ်းရှိ ဆီဒိုးနားဟိုတယ်၊ မင်းတုန်းခန်းမမှာ ပြုလုပ်ခဲ့ပါတယ်။ ထွန်းအိန္ဒြာဗိုက တစ်ကိုယ်တော်ဖျော်ဖြေပွဲ ၃ ပွဲ ပြုလုပ်ခဲ့ဖူးသူဖြစ်ပါတယ်။ လေးကြိမ်မြောက်ကျင်းပမယ့် တစ်ကိုယ်တော်ဖျော်ဖြေပွဲအမည်ကို Charity Live လို့အမည်ပေးထားပြီး ဒီပွဲက ရတဲ့အကျိုးအမြတ်များကို ပြန်လည်လှူဒါန်းသွားမှာဖြစ်ပါတယ်။ ရန်ကုန်အထွေထွေရောဂါကုဆေးရုံကြီး၊ ရန်ကုန်ကလေးအထူးကုဆေးရုံကြီး၊ ဒေါ်အောင်ဆန်းစုကြည်ရဲ့ အမေ့အိမ်ပညာရေးကွန်ရက် ကချင်ပြည်နယ်ရှိ ဒုက္ခသည်များ၊ ရခိုင်ပြည်နယ်ရှိ ဒုက္ခသည်များ၊ ၈၈ မျိုးဆက်ကျောင်းသားများ၊ ဒေါ်ဖြူဖြူသင်းရဲ့ AIDS စင်တာစတဲ့ ၇ နေရာတို့မှာ လှူဒါန်းမှာဖြစ်ပါတယ်။ 'ကျွန်မတို့လုပ်နေကျ Show တွေရဲ့အရည်အသွေးတွေကို လုံးဝမထိခိုက်စေဘဲ



တစ်ကိုယ်တော် ဖျော်ဖြေတော့မယ့် ထွန်းအိန္ဒြာဗို

စီစဉ်ထားပါတယ်။ ဖျော်ဖြေပွဲကစက်တွေကို ထုးကနေ ကူညီလှူဒါန်းပေးထားပါတယ်။ ကျွန်မတို့ရဲ့ မိတ်ဆွေသူငယ်ချင်း၊ နီးစပ်ရာအသိုင်းအဝိုင်းများ၊ စီးပွားရေးလုပ်ငန်းရှင်တွေက ကူညီဖို့ နှီးဆော်ထားပါတယ်။ ကျွန်မရဲ့ ဖျော်ဖြေပွဲမှာပါဝင်အားဖြည့်မယ့်အနုပညာရှင်ညီအစ်ကိုမောင်နှမတွေကလည်း အနုပညာကြေးလျှော့ယူပြီး ယူထားပါတယ်။ လျှော့ယူထားတဲ့အနုပညာကြေးတွေကို လှူဒါန်းမှုမှာထည့်သွင်းသွားမှာပါ။ နာမည်နဲ့ငွေကြေး ဘယ်လောက်ဆိုပြီး ကြေညာပေးမှာပါ' လို့ ထွန်းအိန္ဒြာဗိုက ဖျော်ဖြေပွဲက ရရှိတဲ့ အကျိုးအမြတ်များကို လှူဒါန်းမယ့် အကြောင်းပြောပြပါတယ်။

ထွန်းအိန္ဒြာဗိုရဲ့ Charity Live မှာ Plus Three က တီးခတ်ပေးမှာဖြစ်ပါတယ်။ ထွန်းအိန္ဒြာဗိုက ဖျော်ဖြေပွဲမှာ သီချင်းပုဒ်ရေ ၄၀ လောက်ဖျော်ဖြေဖို့ စီစဉ်ထားပါတယ်။ 'ဒီပွဲကပြီးခဲ့တဲ့ ပွဲတွေနဲ့မတူတာက အဲဒါပါပဲ။ ပရိသတ်အင်အား ကိုယ့်ကိုဘယ်လောက်အားပေးမလဲ ဘာညာဆိုတဲ့ ရင်တုန်ရတာ ဘာမှမရှိဘူး။ လှူဖို့ကိစ္စကို လုပ်ဖြစ်တဲ့အတွက် အရမ်းဝမ်းသာတယ်' လို့ ဖျော်ဖြေပွဲနဲ့ပတ်သက်ပြီး စိတ်လှုပ်ရှားမှု မရှိတဲ့အကြောင်းပြောပြပါတယ်။ စီးရီးအသစ်မထွက်ထားသေးပေမယ့် ထွက်ပြီးသားစီးရီးတွေထဲက ဆိုလေ့မရှိတဲ့သီချင်းတွေ ကျန်သေးတာကြောင့် အဲဒီသီချင်းတွေနဲ့ ပုံစံပြောင်းသီဆိုမယ့်သီချင်းတွေနဲ့ ဖျော်ဖြေမှာဖြစ်ပါတယ်။ 'သီချင်းသစ်တွေကို မိတ်ဆက်တဲ့အနေနဲ့ တစ်ပုဒ်နှစ်ပုဒ်လောက်သီဆိုဖို့ အရင်က ရည်ရွယ်ထားပါတယ်။ တကယ်တမ်းကျတော့ လုံးဝမထွက်ရသေးတဲ့ သီချင်းကို ပရိသတ်လည်း နားမစွဲဘူးဆိုတော့ Live လာကြည့်တဲ့ ပရိသတ်အတွက် သေသေချာချာ Enjoy ဖြစ်နိုင်လိမ့်မယ် မဟုတ်ဘူးလို့ ကျွန်မတို့ထင်လို့ ဖြုတ်လိုက်ပါတယ်။ ဒါပေမဲ့ ၂၀၁၃ မှာတော့ စီးရီးသစ်အတွက် ဖြစ်အောင်ကြိုးစားနေပါတယ်' လို့ ဖျော်ဖြေပွဲမှာ သီချင်းအသစ်တွေ မပါတဲ့အကြောင်း ပြောပြပါတယ်။ ထွန်းအိန္ဒြာဗိုက တစ်ကိုယ်တော်ဖျော်ဖြေပွဲလို့ နာမည်ခံထားတဲ့အတွက် ပါဝင်ကူညီကြသူများကို လျှို့ဝှက်ထားပြီး ပရိသတ်တွေတွေ့တဲ့အခါ ဝမ်းမြောက်ဝမ်းသာဖြစ်စေချင်လို့ ဖြစ်ပါတယ်။ 'ပွဲတစ်ခုလုံးမှာ အဆိုနဲ့ ပတ်သက်ရင် ကျွန်မတစ်ယောက်တည်း တာဝန်ရှိတယ်လို့ ခံစားရတာကြောင့် လျှို့ဝှက်ထားတာပါ' လို့ ထွန်းအိန္ဒြာဗိုက ဆိုပါတယ်။

ထွန်းအိန္ဒြာဗိုရဲ့ Charity Live ကို Sky Net ကနေ တိုက်ရိုက်ထုတ်လွှင့်ပြသမှာဖြစ်ပါတယ်။ ၂၀၁၂ နိုဝင်ဘာ ၂၈ ရက်၊ အမျိုးသားကဇာတ်ရုံမှာ ပြုလုပ်မယ့် Charity Live ရဲ့ဖျော်ဖြေပွဲလက်မှတ်များကို ကျပ်နှစ်သောင်း၊ တစ်သောင်းငါးထောင်နဲ့ ခုနစ်ထောင်ကျပ် သတ်မှတ်ထားပါတယ်။ ပွဲကို လာရောက်မကြည့်ဖြစ်ဘဲ Sky Net ကနေ ကြည့်ရင်း လှူဒါန်းမှုမှာ ပါဝင်ဝင်ချင်တာပဲဖြစ်ဖြစ်၊ Charity Live လှူဒါန်းမှုမှာ ပါဝင်ချင်တာပဲဖြစ်ဖြစ် ဖုန်း ၀၉၇၃၂၄၉၄၉၄ နဲ့ ၀၉ ၈၆၂၄၂၄၂ တို့ကို ဆက်သွယ်လှူဒါန်းနိုင်တယ်လို့ သိရပါတယ်။ ထွန်းအိန္ဒြာဗိုက **ဒိုင်ယာရီ၊ Live 2005 နဲ့ Live & Request** ဆိုတဲ့ ခေါင်းစဉ်များနဲ့ တစ်ကိုယ်တော်ဖျော်ဖြေပွဲများ ပြုလုပ်ခဲ့တာ ဖြစ်ပါတယ်။ ■

ခင်လေးမြင့်

## မမုန်းကြေးကို အားပေးကြသူများ



ဖိုးကြီးရဲ့ ဖျော်ဖြေတင်ဆက်မှု



ပရိသတ်များကို အမှတ်တရလက်မှတ်ရေးထိုးပေးနေတဲ့ ဖိုးကြီး

အသော်ချေ တေးစီးရီးထွက်ရှိခဲ့ပြီး ၉ နှစ်ကျော်ကြာမှ မမုန်းကြေးကို ဖြန့်ချိပေးပေမယ့် ဖိုးကြီးရဲ့ *မမုန်းကြေး* ကို စတင်ဖြန့်ချိတဲ့ နိုဝင်ဘာလ ၃ ရက်နေ့က ပရိုမိုးရှင်းအစီအစဉ်များနဲ့ လက်မှတ်ရေးထိုးရောင်းချပေးခဲ့ရာ *မမုန်းကြေး* ကို ကြိတ်ကြိတ်တိုး ဝယ်ယူအားပေးခဲ့ကြပါတယ်။

*မမုန်းကြေး* အတွက် ပရိုမိုးရှင်းအစီအစဉ်များကိုတော့ နိုဝင်ဘာလ ၃ ရက်နေ့ မွန်းလွဲ ၁ နာရီအချိန်က ရန်ကုန်မြို့၊ ရွှေတိဂုံဘုရားတောင်ဘက်မုခ်ရှိ Happy World ကစားကွင်းမှာ ကျင်းပပေးခဲ့သလို ညနေပိုင်းမှာလည်း လှိုင်သာယာရှိ ဇစ်တိုးရီးယားကုန်တိုက်မှာ ပရိသတ်များနဲ့ တွေ့ဆုံပြီး အမှတ်တရလက်မှတ်ရေးထိုး ရောင်းချပေးခဲ့တယ်လို့ သိရပါတယ်။

Happy World ကစားကွင်းမှာ လက်မှတ်ရေးထိုးရောင်းချပေးတဲ့အစီအစဉ်ကို ဖိုးကြီးနဲ့အတူ အနုပညာမောင်နှမတစ်ဦးဖြစ်တဲ့ ဖြူဖြူကျော်သိန်း လာရောက်လက်မှတ်ရေးထိုးပေးခဲ့ပါတယ်။ ဖိုးကြီးက ပရိသတ်များကို လက်မှတ်ရေးထိုးပေးရုံတင်မက အမှတ်တရဓာတ်ပုံရိုက်ခံပေးခြင်းနဲ့ အားပေးကြတဲ့ပရိသတ်များကို သီချင်းများနဲ့ပါ သီဆိုဖျော်ဖြေပေးခဲ့ပါတယ်။

ဖိုးကြီးက *အသော်ချေ* နဲ့ *မမုန်းကြေး* ၉ နှစ်ကြာ ကွာသွားတဲ့အချိန်မှာ Love Song နှစ်ခွေထွက်ဖြစ်ခဲ့သလို အတွဲခွေတွေမှာ ဝင်ရောက်သီဆိုဖြစ်ခဲ့တဲ့ သီချင်းများပဲ ထွက်ရှိနိုင်ခဲ့တာဖြစ်ပါတယ်။ ၉ နှစ်တာ ကြာသွားခဲ့တယ်ဆိုတာကလည်း ဖိုးကြီးဘက်က အားစိုက်မှုနည်းခဲ့မှုပါသလို အခြေအနေအကြောင်းကြောင်းကြောင့် ငွေရေးကြေးရေးကိစ္စတွေနဲ့ ကိုယ်တိုင်ကြိုးစားမှုနည်းခဲ့လို့သာ ကြာမြင့်သွားတာဖြစ်တယ်လို့ ဖိုးကြီးက ပြောပြခဲ့ပါတယ်။ ဒါပေမဲ့ ၉ နှစ်ကြာမှ စထွက်လာတဲ့ တစ်ကိုယ်တော်တေးစီးရီးကို ပရိသတ်များ အများကြီးလာရောက်အားပေးတာ မြင်ရတော့ ပရိသတ်တွေကို အထူးကျေးဇူးတင်သလို အဆိုတော်ဆိုတာ ပရိသတ်ကိုမြင်ရရင် ပျော်တဲ့သူတွေဖြစ်လို့ ကြားထဲမှာ အလဟဿဖြစ်ခဲ့တဲ့အချိန်တွေအတွက် ၂ ဆ၊ ၃ ဆပိုပြီး ကြိုးစားရတော့မယ်ဆိုတာ ရင်ထဲရောက်ရှိနေပါပြီလို့ ပြောပြခဲ့ပါတယ်။ အခုဆိုရင်လည်း ပြန်ဆိုတေးများနဲ့ သီချင်းတစ်ခွေ စီစဉ်နေပြီဖြစ်သလို နောက်ပိုင်းမှာ ပရိသတ်နဲ့ အဆက်မပြတ်စေဖို့ ပရိသတ်တွေဆီ သီချင်းများများရောက်စေဖို့ အဓိကထားပြီး ငွေရေးကြေးရေးကိစ္စ၊ အခြားစဉ်းစားတဲ့ကိစ္စတွေကို ဖယ်လိုက်ပါပြီလို့ ပြောပြခဲ့ပါတယ်။ *မမုန်းကြေး* ကို ပထမတုန်းက နိဂုံးရာ လို့ အမည်ပေးသွားဖို့ စဉ်းစားခဲ့ပေမယ့် Title က သီချင်းအေးအေးတွေနဲ့ လွမ်းတဲ့ဆွေးတဲ့ဘက်ရောက်သွားမှာစိုးလို့ ပျော်ပျော်ရွှင်ရွှင်သီချင်းတွေလည်း များတဲ့အတွက် *မမုန်းကြေး* လို့ ယူလိုက်တာဖြစ်ပါတယ်။ *မမုန်းကြေး* က အချစ်အကြောင်းတွေ ရေးထားတဲ့ သီချင်းတွေဖြစ်လို့ ပရိသတ်တွေလည်း ပျော်အောင် *မမုန်းကြေး* လို့ ပေးလိုက်ရတာဖြစ်ကြောင်း ဖိုးကြီးက ပြောပြခဲ့ပါတယ်။

တစ်ကိုယ်တော်အခွေ တစ်ခွေနဲ့ တစ်ခွေ ၉ နှစ်တာ ကွာခြားခဲ့ပေမယ့် ကြားထဲမှာ ထွက်ခဲ့တဲ့ အတွဲခွေများထဲက သီချင်းများက ဖိုးကြီးအတွက် ဂီတအသက်ကယ်ဆေးဖြစ်ခဲ့တယ်လို့ ပြောပြပါတယ်။ ဖိုးကြီးက အတွဲခွေအားလုံးမှာ ဆိုဖြစ်တာမဟုတ်ဘဲ ရွေးချယ်ပြီး ဆိုဖြစ်တဲ့သီချင်းများကလည်း တစ်ပုဒ်စ၊ နှစ်ပုဒ်စသာ ပါဝင်တယ်ဆိုပေမယ့် အဲဒီသီချင်းများက ပရိသတ်လက်ခံအားပေးမှုအများကြီးမရရင်တောင် ခံစားလို့ရရင် ကျေနပ်ပြီဆိုပြီး ပရိသတ်အကြိုက်ကို ဦးစားပေးရွေးခဲ့တဲ့အထဲက Master Love Song အခွေထဲက *မမေ့နိုင်*၊ City FM အခွေထဲက *မိန်းမယူခါနီးရင် စဉ်းစားဖို့* လိုတယ် သီချင်းများက ဂီတအတွက် အသက်ဆက်ပေးခဲ့သလို နောက်ဆုံး ဆရာ စိုင်းခမ်းလိတ် သီချင်းထဲက ခွဲစိတ်ခန်းက ဆရာမလေး သီချင်းဆိုရင်လည်း ပြန်ပြီးအသက်ကယ်ပေးခဲ့သလိုဖြစ်ခဲ့တယ်လို့ ဖိုးကြီးက ပြောပြခဲ့ပါတယ်။ ■

လင်းနိုင်ဦး

## အချစ် Error



ရိုက်ကွင်းပေါ်မှာ တွေ့ရတဲ့ ဒါရိုက်တာ ဝင်းထွန်းထွန်း၊ အောင်ရဲလင်းနဲ့ ဝတ်မှုံရွှေရည်

ဒါရိုက်တာ ဝင်းထွန်းထွန်းက အောင်ရဲလင်း၊ ဝတ်မှုံရွှေရည် စတဲ့ သရုပ်ဆောင်များနဲ့ **အချစ် Error** ဆိုတဲ့ ဗီဒီယိုဇာတ်ကားကို ရိုက်ကူးနေပါတယ်။ ဆုဩချယ်ရဲ့ဇာတ်လမ်း၊ ဇာတ်ညွှန်းကို ရိုက်ကူးနေတာဖြစ်ပြီး ဇာတ်ကားနာမည်ကို **အချစ်** Error လို့ အမည်ပေးထားပါတယ်။ **အချစ်** Error ဇာတ်ကားမှာ အောင်ရဲလင်းက အရမ်းစတတ်တဲ့ကောင်လေးအဖြစ် သရုပ်ဆောင်ထားပြီး ဝတ်မှုံရွှေရည်ကတော့ အရမ်းချစ်တတ်တဲ့ကောင်မလေးအဖြစ် သရုပ်ဆောင်ထားပါတယ်။ ဒီဇာတ်ကားကိုလည်း ဒါရိုက်တာ ဝင်းထွန်းထွန်းရဲ့ထုံးစံအတိုင်း အလွမ်းနဲ့ဇာတ်သိမ်းထားပါတယ်။ အချစ်နဲ့ အလွမ်းရောထားတဲ့ ဇာတ်လမ်းကို ရွေးဖြစ်တာက ကိုယ်သွားနေတဲ့ လမ်းကြောင်းထဲမှာကို ဟောင်းနွမ်းသွားမှာစိုးလို့ ဖြစ်ပါတယ်။

**အချစ်** Error ဇာတ်ကားမှာ ကောင်လေးကို ချစ်လွန်းလို့ ဘာမဆိုလုပ်ပေးတတ်တဲ့ ကောင်မလေးအဖြစ် ဝတ်မှုံရွှေရည်က သရုပ်ဆောင်ထားတာပါ။ ကောင်လေးကို ချစ်ပေမယ့် ကောင်လေးညာတာကို စိတ်နာသွားတာကြောင့် အပြင်မှာလည်း လိမ်တဲ့ကောင်လေးကို ချစ်တဲ့စိတ်နဲ့ ဘယ်လိုနားလည်ခွင့်လွှတ်နိုင်မလဲဆိုတာနဲ့ ပတ်သက်ပြီး ဝတ်မှုံရွှေရည်က "သူလုပ်တဲ့အပြုအမူပေါ် မူတည်မှာပါ။ ခွင့်မလွှတ်နိုင်စရာဆိုရင်တော့ ဘယ်ခွင့်လွှတ်တော့မလဲ။ Limit ကျော်ရင်တော့ အရမ်းပေါက်ကွဲမှာပဲ" လို့ ဆိုပါတယ်။ ဝတ်မှုံရွှေရည်က ဒရာမာနဲ့ ဇာတ်သိမ်းထားတဲ့ ဇာတ်ကားအချို့ကို သဘောကျပြီး ပရိသတ်အနေနဲ့ ရော၊ ကိုယ်တိုင်ရော ကြေကွဲရတယ်လို့ သိရပါတယ်။

ခြေထောက်ထော့ကျိုးလေးဖြစ်နေတဲ့ ကောင်လေးကို သနားပြီး ကောင်လေးအပေါ် စာနာမှုအပြည့်ရှိနေတဲ့ ဝတ်မှုံရွှေရည်က သူ့ရဲ့သရုပ်ဆောင်မှု အဆင်ပြေမပြေ ဒါရိုက်တာ ဝင်းထွန်းထွန်းကို သေသေချာချာမေးပါတယ်။ "ကိုယ့်စိတ်ထဲမှာ တစ်ခါတလေ အလိုမကျတာတွေ ရှိတတ်တယ်။ အဲဒီလိုမျိုးဆို မရဘူးလို့ထင်တယ်။ ဒါရိုက်တာက မော်နီတာကြည့်နေတာဆိုတော့ ဒါရိုက်တာဆုံးဖြတ်တာပေါ့။ ဒါရိုက်တာကရရင် အိုကေပဲ။ ဒါရိုက်တာက ရတယ်လို့ပြောမှ စိတ်ကရတယ်လို့ထင်တာ၊ နို့မို့ဆိုရရဲ့လား၊ မရရင်ပြန်ရိုက်မယ်နဲ့ အဲဒီလို စိုးရိမ်စိတ်တွေနဲ့ ဖြစ်နေတတ်တယ်"လို့ ဒါရိုက်တာကို သရုပ်ဆောင်တာရရဲ့လားဆိုတာနဲ့ ပတ်သက်ပြီး ဝတ်မှုံရွှေရည်က ပြောပြပါတယ်။ ဒါရိုက်တာ ဝင်းထွန်းထွန်း ရိုက်ကူးတဲ့ **အချစ် Error** ဇာတ်ကားကို အောင်တိုင်းကျော်ထုတ်လုပ်ရေးက ထုတ်လုပ်ရိုက်ကူးတာဖြစ်ပါတယ်။ ■

ခင်လေးမြင့်

MRTV-4 ရုပ်သံလိုင်းက **အချစ်သင်္ကေတ** အမည်ရှိ မြန်မာဇာတ်လမ်းတွဲသစ်တစ်ခုကို စမ်းသပ်ထုတ်လွှင့်ပြသခဲ့ရာ ပရိသတ်စိတ်ဝင် စားမှုရရှိခဲ့ပါတယ်။ မျက်နှာသစ်လူငယ်သရုပ်ဆောင်တွေနဲ့ ရိုက်ကူးထားတာမို့ အိုက်တင်ပိုင်းမှာ လိုအပ်မှုများစွာရှိနေပေမယ့် ဖြစ်နိုင်ခြေရှိသူ တောက်မယ့်မီးခဲတချို့ကိုလည်း ခပ်ရဲရဲမြင်နေရပါတယ်။ MRTV-4 က **အချစ်သင်္ကေတ၊ ထာဝရမန္တလေး** ဇာတ်ကားတွေ ထပ်မံတင်ဆက်ပေးဦးမှာမို့ မြန်မာရုပ်သံဇာတ်လမ်းတွဲတွေ တစ်ခေတ်ဖြစ်လာစေဖို့ အခြေခံကောင်းတွေ အစပျိုး နေပြီလို့ ဆိုရမှာပါ။

မြန်မာရုပ်ရှင်လောကမှာ အသစ်အဆန်းတစ်ခုပေါ်ပေါက်လာဖို့ အလွန်ခဲယဉ်းလှပါတယ်။ အစဉ်အလာဖျက်ဖို့ လက်တွန့်လေ့ရှိတာကြောင့် မဲပြာပုဆိုးထဲမှာ ခေါက်ရိုးကျိုးသံသရာလည်ခဲ့ရပါတယ်။ ဟာသဇာတ်ကား အောင်မြင်တော့ ဟာသကားတွေချည်း တန်းစီထွက်နေတာ ငြီးငွေ့စရာ။ အလုပ်ဖြစ်နေတဲ့ မိန်းမလျာဇာတ်ရုပ်မှာ မင်းသားတွေကို အပြိုင်အဆိုင်

# မြန်မာဇာတ်လမ်းတွဲများ

## တစ်ခေတ်ဆန်းသစ်လာတော့မည်လား

**သူရဲ၊မန္တလေး၊**

ဟာသဇာတ်ကား အောင်မြင်တော့ ဟာသကားတွေချည်း တန်းစီထွက်နေတာ ငြီးငွေ့စရာ။ အလုပ်ဖြစ်နေတဲ့ မိန်းမလျာဇာတ်ရုပ်မှာ မင်းသားတွေကို အပြိုင်အဆိုင် မိန်းမပုံစံနဲ့တွေ့ရတာ အာရုံနှောက်စရာ။

မိန်းမပုံစံနဲ့တွေ့ရတာ အာရုံနှောက်စရာ။

လွန်ခဲ့တဲ့ ဆယ့်ငါးနှစ်လောက်ကတည်းက မြန်မာရုပ်သံဇာတ်လမ်းတွဲတွေ ရိုက်ကူးဖို့စီစဉ်ခဲ့ကြပေမယ့် လက်တွေ့တော့ အကောင်အထည်ပေါ်မလာခဲ့ပါဘူး။ အကြောင်းက ဈေးကွက်စဖောက်ရမယ့် ဇာတ်လမ်းတွဲလိုင်းမှာ စွန့်ဦးတီထွင်သူ ရှားပါးနေခဲ့တာပါ။ **ရေနံ့သာ ခင်ခင်ကြီး** ဆိုရင် မို့မို့မြင့်အောင်နဲ့တည်ထားပြီး နောက်ပိုင်း စိုးမြတ်သူဇာနဲ့ ရိုက်မယ် စသဖြင့် အသံမျိုးစုံကြားခဲ့ရပေမယ့် တကယ်ကြည့်ခွင့်မရခဲ့ကြဘူး။ **အနိုင်** ရုပ်ရှင်ကားကို ရုံတင်မပြမီ ရုပ်သံမှာ အပိုင်းပိုင်းဖြတ်လွှင့်တော့ တခုတ်တရ စောင့်ကြည့်ရတဲ့အထိ တသသဖြစ်ခဲ့ကြဖူးတယ်။ ပြောချင်တာက ရုပ်သံစီးရီးနဲ့ ပတ်သက်ရင် မြန်မာတွေ အကြံနောက်မကျခဲ့ကြဘူးဆိုတာပါ။ ဒါပေမဲ့ စွန့်စားသူနည်းပါးပြီး ငါးပွက်ရာ ငါးစာချချင်သူတွေများတာကြောင့် ရုပ်ရှင်အနုပညာဟာ ဘောင်ထဲမှာတောင် တီထွင်သင့်သလောက် မတီထွင်နိုင်ခဲ့ကြဘူး။

များပြားလာတဲ့ ရုပ်သံလိုင်းတွေရဲ့ လိုအပ်ချက်အရ ကိုယ်ပိုင်ဇာတ်လမ်းတွဲတွေ ရိုက်ကူးထုတ်လွှင့်လာနေတဲ့ အနေအထားမှာ မြန်မာဇာတ်လမ်းတွဲတွေ ခေတ်စားလာဖို့ မျှော်လင့်ရပါတယ်။ ခန့်ခန့်ညားညား ပင်ကိုရေးဝတ္ထု **မအိမ်ကံ** ကို တစ်ခန်း ငွေကျပ် တစ်သိန်းနှုန်းနဲ့ ဇာတ်ဝင်ခန်းပေါင်း ၃၇ ခန်းအတွက် ထိုက်ထိုက်တန်တန် ၃၇ သိန်းပေးပြီးဇာတ်လမ်းတွဲရိုက်ဖို့ ဝယ်ယူသွားတာ မှဒီတာပွားစရာ။ သခင်တင်မြရဲ့ **ဘုံဘဝမှာဖြင့်** စာအုပ်အထူကြီးကိုလည်း ရုပ်မြင်သံကြားဖန်သားပြင်မှာ လက်ရွေးစင်ဇာတ်ကောင်တွေနဲ့ သက်ဝင်လှုပ်ရှားလာဖို့ ကြိုးပမ်းနေကြပါတယ်။

ဆက်တိုက်ပေါ်ထွန်းလာဖွယ်ရှိတဲ့ မြန်မာရုပ်သံဇာတ်လမ်းတွဲတွေဟာ ကိုရီးယားဇာတ်လမ်းတွဲတွေနဲ့ အမိကအားပြိုင်ပြီး ပရိသတ်လုယူဖို့ ကြိုးစားရမှာပါ။ ကိုရီးယားစတိုင်လ် ဖမ်းနေရင်တော့ ဒုတိယဖိုးစိန်သာဖြစ်နိုင်တဲ့ အချက်ကို သတိချပ်သင့်လှပါတယ်။ ပြည်တွင်းမှာ လူကြိုက်များနေတဲ့ **မေတ္တာရှင်မလေးရဲ့သတို့သား** အိန္ဒိယဇာတ်လမ်းတွဲဆိုရင် ဇာတ်စီးကျွမ်းကျင်လှကာ ရှေ့ဘာဆက်ဖြစ်မလဲ တထိတ်ထိတ်အရသာကို ခေါင်းမူးဖွယ်အမြန်ရိုက်ချက်တွေနဲ့ ပေါင်းစပ်ပြသွားတာ အမြင်ဆန်းလှပါတယ်။

ဇာတ်လမ်းတွဲတစ်ခု တည်ဆောက်ရာမှာ ပါဝင်သင့်တဲ့ ပုံသေနည်းတွေကို အကွက်ကျကျ၊ အချိုး ညီညီ၊ ကိုယ်ပိုင်ဟန်အပြည့် ဖန်တီး အသုံးချနိုင်ရင် အောင်မြင်မှုကို ဖွေရှာတွေ့ရှိနိုင်မှာ အသေအချာ။ ■

**သူရဲ၊မန္တလေး၊**

**သျှား**

**တေးထုတ်လုပ်ရေး**

အမှတ် ၅၂၄၊
အောက်ကြည့်မြင်တိုင်လမ်း၊
ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁- ၂၁၂၄၄၃

# သရဖူမဂ္ဂဇင်း ၁၅ နှစ်ပြည့်နဲ့ Mr. Crown & Miss Crown ပွဲ ကျင်းပမည်

သရဖူမဂ္ဂဇင်း ၁၅ နှစ်ပြည့် အထိမ်းအမှတ်ပွဲနဲ့အတူ 2012 Mr Crown & Miss Crown ရွေးချယ်ပွဲကျင်းပမယ့် အကြောင်း စာနယ်ဇင်းပွဲကို ၂၀၁၂ နိုဝင်ဘာ ၈ ရက်နေ့ လယ် ၂ နာရီက ရန်ကုန်မြို့ မဟာဗန္ဓုလပန်းခြံလမ်း(လယ်)ရှိ စီးတီးစတားဟိုတယ်မှာ ပြုလုပ်ခဲ့ပါတယ်။ ၂၀၁၂ နိုဝင်ဘာ ၂၇ ရက် Strand ဟိုတယ်မှာပြုလုပ်မှာဖြစ်ပြီး ၂၀၀၇ ခုနှစ် ဒီဇင်ဘာမှ ၂၀၁၂ ခုနှစ် နိုဝင်ဘာလအထိ Mr. Crown & Miss Crown ရွေးချယ်ခံထားရတဲ့ သူများထဲက Mr. Crown ၁၅ ဦးနဲ့ Miss Crown ၁၅ ဦးတို့ဝင်ရောက်ယှဉ်ပြိုင်ကြမှာဖြစ်ပါတယ်။ ပြိုင်ပွဲမှာ အမှတ်ပေးဒိုင်များအဖြစ် အနုပညာရှင်များ၊ စာရေးဆရာများ၊ ဝါရင့်ဒီဇိုင်နာများ၊ ကိုယ်ကာယအလှပညာရှင်များက ပြိုင်ပွဲစည်းကမ်းများနဲ့အညီ အကဲဖြတ်အမှတ်ပေးသွားကြမှာ ဖြစ်ပါတယ်။ ပြိုင်ပွဲဝင်များက Body Fit ဝတ်စုံများ၊ ဒီဇိုင်နာ မင်းသက်စံနဲ့ စိုင်းလတ်တို့ ဖန်တီးထားတဲ့ တူညီဝတ်စုံများ၊ ညနေခင်းဝတ်စုံ (စိတ်ကြိုက်ပုံစံ)တို့နဲ့ ယှဉ်ပြိုင်ကြရမှာဖြစ်ပါတယ်။ 2012 Mr. Crwon ဆုအတွက် ဆုကြေးငွေ ၁၀ သိန်း၊ Miss Crown အတွက် ဆုကြေးငွေ ၁၀ သိန်းတို့ ချီးမြှင့်ပေးသွားမှာဖြစ်ပါတယ်။ ဒီပြိုင်ပွဲမှာ 1 st Runner Up, 2 nd Runner Up ဆုများထည့်သွင်းချီးမြှင့်မှာ မဟုတ်ဘဲ Best Costume, Miss L'Oreal, Miss Maybelline, Miss Garnier, Mr Garnier စတဲ့ Title ဆုများစွာကို ချီးမြှင့်ပေးသွားမှာဖြစ်ပါတယ်။ ထူးခြားတဲ့ အစီအစဉ်အနေနဲ့ မြန်မာနိုင်ငံရဲ့ ပထမဦးဆုံးသော အမျိုးသားပြိုင်ပွဲဝင်ဆုရသူ Mr. Crown အတွက်သရဖူကိုပါ ချီးမြှင့်ပေးသွားမှာ ဖြစ်ပါတယ်။

ပြိုင်ပွဲဝင် အမျိုးသား၊ အမျိုးသမီး ၃၀ စလုံးကို Talents & Models မှ တင်မိုးလွင်က အနီးကပ် သင်ကြားလေ့ကျင့်ပေးမှာ ဖြစ်ပါတယ်။ ပြည်တွင်းပြိုင်ပွဲများအတွက်တင်မဟုတ်ဘဲနိုင်ငံတကာပြိုင်ပွဲများအထိ အတွက်ပါ ရည်ရွယ်သင်ကြားပေးမှာဖြစ်ကြောင်း၊ လေ့ကျင့်သင်ကြားနေချိန်အတွင်းမှာ ပြိုင်ပွဲဝင်များရဲ့ အကျင့်စရိုက်၊ အနေအထားတွေကိုသိမှာဖြစ်ပြီး ပြိုင်ပွဲမှာ ပြိုင်ပွဲဝင်များရဲ့ အားသာချက်များကို ပေါ်လွင်အောင်လုပ်ပေးမှာ ဖြစ်ကြောင်း၊ System များလည်း ပြောင်းထားကြောင်း၊ အရင်က ပြိုင်ပွဲတွေမှာ ပြိုင်တဲ့သူနည်းတာကြောင့် ပြိုင်ပွဲဝင်တွေများဖို့ ဖိတ်ခေါ်ရတာတွေရှိပေမယ့် အခုအချိန်မှာတော့ ပြိုင်ပွဲဝင်များစွာ ရှိကြောင်းများကို တင်မိုးလွင်က ပြောကြားခဲ့ပါသေးတယ်။ သရဖူမဂ္ဂဇင်း ၁၅ နှစ်ပြည့် အထိမ်းအမှတ်နဲ့ 2012 Mr. Crown & Miss Crown ရွေးချယ်ပွဲမှာ L'Oreal Paris မှ အဓိကပံ့ပိုးကူညီမှာဖြစ်ပြီး Co-Sponsor များအဖြစ် Maybelline, Garnier, Officina De' Tornabuoni, La Source Beauty Spa, L'Oreal Professional, LS Salon, Decleor, ETUDE House တို့က ပံ့ပိုးကူညီပေးသွားမှာ ဖြစ်တယ်လို့ သိရပါတယ်။ ပြိုင်ပွဲမှာ နာမည်ကျော်တေးသံရှင်များ၊ သရုပ်ဆောင်များရဲ့တေးသီချင်းများနဲ့ အကအလှများ Jade Dragon အကအဖွဲ့ရဲ့ အကများ၊ နာမည်ကျော် အနုပညာရှင်များ၊ မော်ဒယ်လ်များပါဝင်တဲ့ ရှမ်းရိုးရာ ဖက်ရှင်ရှိုး၊ La Soure Trading Ltd. မှ စီစဉ်တင်ဆက်မယ့် Fashion Show များ၊ အမျိုးသားသရုပ်ဆောင် မော်ဒယ်လ် ၁၅ ဦး ပါဝင်တဲ့ Men Fashion Show စတဲ့ အစီအစဉ်များ ပါဝင်မှာ ဖြစ်တယ်လို့ သိရပါတယ်။ ■ ခင်လေးမြင့်



သရဖူမဂ္ဂဇင်း ၁၅ နှစ်ပြည့် အစီအစဉ်အကြောင်း ရှင်းလင်းပြောကြားတဲ့ သရဖူအဖွဲ့ဝင်များ

# အက်ရှင်ကားရိုက်ဖို့ အားကစားပိုလုပ်ဖြစ်နေတဲ့ အောင်ရဲလင်း

ခန္ဓာကိုယ်ကျစ်လျစ်ခိုင်မာ၊ လှပမှုကို အလေးထားဂရုစိုက်တဲ့ မင်းသားတွေထဲမှာ အောင်ရဲလင်းလည်းပါဝင်ပါတယ်။ အောင်ရဲလင်းက အခုလောလောဆယ်မှာ သူ့ရဲ့ ခန္ဓာကိုယ်ကို နဂိုကထက် အနည်းငယ်ကျစ်လျစ်ဖို့ အားကစားကို ပိုလုပ်ဖြစ်နေပါတယ်။ ဒီလိုကစားဖြစ်တာနဲ့ပတ်သက်ပြီး "ကျွန်တော် အက်ရှင်ဆန်ဆန်ဇာတ်ကားတစ်ကားတော့ ရိုက်ချင်တယ်။ ရိုက်ဖြစ်မယ်ထင်တယ်။ Body ကိုလည်း အရင်ကပုံစံနဲ့ ကွဲသွားအောင် ဆော့ချင်တယ်။ အမှတ်တရလေးဖြစ်အောင်ပါ။ အက်ရှင်ကားရိုက်ဖို့ Body ကို အခုအချိန်ကစပြီး လေ့ကျင့်နေတယ်" လို့ အောင်ရဲလင်းက ဆိုပါတယ်။ လိုချင်တဲ့ခန္ဓာကိုယ် အချိုးအစားရဖို့ အချိန် ၃ လကျော် လောက်ပေးပြီး Gym ကစားရမှာ ဖြစ်ပါတယ်။ ခန္ဓာကိုယ်ကျစ်လျစ်သန်မာဖို့ သရုပ်ဆောင်တစ်ယောက်အနေနဲ့ ဘယ်လောက်ထိ ထိန်းသိမ်းဖို့လိုအပ်တယ်ဆိုတာနဲ့ပတ်သက်ပြီး "ကျွန်တော်ထင်တာက လူတစ်ယောက်ရဲ့ခါတ်ပုံတစ်ပုံကို ဘာမှမကြည့်နဲ့ဦး။ Body က ကြည့်ကောင်းတယ်ဆိုရင် အဲဒီခါတ်ပုံက တော်တော်လေးကြည့် ကောင်းနေပြီ။ ခါတ်ပုံတို့၊ ရုပ်ရှင်တို့မှာ ခန္ဓာကိုယ်က အရေးကြီးတယ်ထင်တာပါပဲ။ မျက်နှာပါပေါင်းလိုက်ရင် အဆင်ပြေပြီ။ သရုပ်ဆောင်တစ်ယောက်အနေနဲ့ဆိုရင် Body ထိန်းဖို့က အများကြီးလိုအပ်တယ်။ ဒါပေမဲ့ အခုနောက်ပိုင်းကတော့ အပြင်ကလူတွေလည်း Body အတွက်တော်တော်လေးကစားဖြစ်နေပါပြီ" လို့ အောင်ရဲလင်းက ဆိုပါသေးတယ်။ ■ ခင်လေးမြင့်



ဝတ်မှုံရွှေရည်နဲ့ အောင်ရဲလင်း

# သီချင်းလေးပုဒ် ဆင်ဆာ အဖြတ်ခံရတယ်ဆိုတဲ့ "ဖလန်း ဖလန်း အိန်အိန်း"

အဆိုရှင် အိန်အိန်းရဲ့ လေးခွေမြောက် တစ်ကိုယ်တော်စီးရီးဖြစ်တဲ့ *ဖလန်းဖလန်း အိန်အိန်း* ဒီဗီဒီကို နိုဝင်ဘာလ၊ ၁၁ ရက်မှာ ပရိသတ်ဆီ အရောက်ပို့ပေးတော့မှာ ဖြစ်ပါတယ်။

အဆိုရှင် အိန်အိန်းက မြူးမြူးကြွကြွ ဂီတအမျိုးအစားတွေကို သဘောကျတာကြောင့် စီးရီးခေါင်းစဉ်ကို *ဖလန်း ဖလန်း အိန်အိန်း* လို့ ပေးထားတာဖြစ်ကြောင်း၊ *ဖလန်း ဖလန်း အိန်အိန်း* ဒီဗီဒီမှာ K pop,


တေးသံရှင် အိန်အိန်း

Danceနဲ့ Dubstepဂီတ အမျိုးအစားတွေပါဝင်ကြောင်း၊ တစ်ခွေလုံးကို ကိုယ်တိုင် ဒါရိုက်တာလုပ် ရိုက်ကူးထားကြောင်းများ ပြောပါတယ်။

*ဖလန်း ဖလန်း အိန်အိန်း* ဒီဗီဒီထဲက သီချင်းလေးပုဒ်နဲ့ ပတ်သက်လို့တော့ အဆိုရှင် အိန်အိန်းက "စီးရီးခေါင်းစဉ်ဖြစ်တဲ့ *ဖလန်း ဖလန်း အိန်အိန်း* သီချင်းအပါအဝင် *မင်းနဲ့ ချစ်တာ၊ အဝေးထွက်မသွားပါနဲ့၊ တို့နှစ်ယောက်ပဲ သိတယ်* ဆိုတဲ့ သီချင်းတွေ ဆင်ဆာအဖြတ်ခံရတယ်။ အဲဒီလို ဆင်ဆာထိတဲ့သီချင်းတွေကို အိန်အိန်း ပြန်မရိုက်ချင်ဘူး။ တခြားအရုပ်တွေနဲ့လည်း အစားမထိုးချင်ဘူး။ အဲဒီလို လုပ်လိုက်ရင် အနုပညာရသ အပြည့်အဝ မခံစားရတော့ဘူးလို့ အိန်အိန်း ထင်တယ်။ အဲဒါကြောင့် ဆင်ဆာဖြတ်ခံရတဲ့နေရာမှာ လုံးဝအမည်းရောင်ပဲ ထားလိုက်တယ်။ ဒါပေမဲ့ ဆင်ဆာမဖြတ်ထားတဲ့ပုံစံအတိုင်း အနုပညာရသ အပြည့်အဝခံစားနိုင်အောင်တော့ You Tubeမှာ သီချင်းတွေအားလုံး အိန်အိန်း တင်ပေးသွားမယ်" လို့ ပြောပါတယ်။ အိန်အိန်းက ပွဲဆုရခဲ့ဖူးတဲ့ အဲလက်စ်ရဲ့ သီချင်းတစ်ပုဒ်ဖြစ်တဲ့ မင်းနဲ့ ချစ်တာ သီချင်းကိုလည်း အမှတ်တရ ပြန်ထည့်ပေးထားတယ်လို့ ပြောပါသေးတယ်။ *ဖလန်း ဖလန်း အိန်အိန်း* ဒီဗီဒီထဲက သီချင်းတွေကို ချမ်းအေးဝင်း၊ ဘောစကို၊ မင်းမင်း(S.I.T)နဲ့ ကလန်းတို့က တာဝန်ယူတီးခတ်ပေးထားကြပြီး Pro Studioမှ အသံသွင်းထားတာ ဖြစ်ပါတယ်။

*ဖလန်း ဖလန်း အိန်အိန်း* ဒီဗီဒီဖြန့်ချိမယ့် နိုဝင်ဘာလ ၁၁ ရက် နေ့လယ် ၁ နာရီမှာ ကန်တော်မင်္ဂလာယန်းခြံအတွင်းမှာရှိတဲ့ Happy Wrold I, ညနေ ၆ နာရီမှာ Victoria(လှိုင်သာယာ)မှာ အဆိုရှင် အိန်အိန်းနဲ့ အနုပညာမောင်နှမများက အမှတ်တရ လက်မှတ်ရေးထိုးဖျော်ဖြေကြမှာ ဖြစ်ပါတယ်။ ■ နေလွင်

**စာမျက်နှာ(၃၆)မှ**…တွေလည်းပါတယ်ဆိုတော့ အပြစ်ဒဏ်ကို ခံနေရတဲ့အချိန်မှာ ပြုပြင်ပြောင်းလဲပြီး ကောင်းအောင်ကြိုးစားနေတဲ့ လူတွေကို အစ်မအားပေးချင်တယ်။ အဲဒီလို လှူဒါန်းခြင်းအားဖြင့် အစ်မလည်း ဘုရားရဲ့ကောင်းချီးရမယ်ပေါ့နော်" လို့ ပြောပါတယ်။ အပြည်ပြည်ဆိုင်ရာ ဓမ္မဂီရိဝိပဿနာအဖွဲ့ ထောင်တွင်းတရားပတ်များ(မြန်မာပြည်)ရန်ပုံငွေရှာဖွေရေးကော်မတီရဲ့ အတွင်းရေးမှူးဖြစ်တဲ့ အဆိုတော်သျှီကတော့ ဒါရိုက်တာ ဝင်းထွန်းထွန်းဇနီးမောင်နှံရဲ့ လှူဒါန်းမှုနဲ့ပတ်သက်ပြီး "အစ်မကနီးစပ်ရာကိုတော့တတ်နိုင်သလောက် အသိပေးဖြစ်တယ်ပေါ့နော်။ အဲဒီလို အသိပေးရင်း သစ်သစ်တို့က သဒ္ဓါပေါက်ပြီး လှူဒါန်းကြတာဆိုတော့ ကြည်နူးပီတိဖြစ်ရပါတယ်။ လှူဒါန်းတဲ့ သူတွေအနေနဲ့လည်း လှူဒါန်းတဲ့အကျိုးကို အပြည့်အဝခံစားရမှာပါ" လို့ ပြောပါတယ်။

အပြည်ပြည်ဆိုင်ရာ ဓမ္မဂီရိဝိပဿနာအဖွဲ့ ထောင်တွင်းတရားပတ်များ(မြန်မာပြည်)ရန်ပုံငွေရှာဖွေရေးကော်မတီအနေနဲ့ အလှူငွေလက်ခံပွဲကျင်းပပြီးနောက်ပိုင်းမှာလည်း လှူဒါန်းငွေပေါင်း ၂၅ သိန်းကျော် ထပ်မံလက်ခံရရှိခဲ့ပြီး ဖြစ်တယ်လို့ သိရပါတယ်။ ထောင်တွင်းတရားပတ်များ(မြန်မာပြည်)အတွက် သဒ္ဓါတရားထက်သန်စွာ ပါဝင်လှူဒါန်းလိုသူများအနေနဲ့ ဗဟန်းမြို့နယ်မှာရှိတဲ့ ဓမ္မဇောတိဝိပဿနာရိပ်သာ ဖုန်းနံပါတ် ၅၄၆၆၆၀ နဲ့ ၅၄၈၂၉၀ ကို ဆက်သွယ်လှူဒါန်းနိုင်တယ်လို့လည်း သိရပါတယ်။

■ နေလွင်


ဖြူဖြူကျော်သိန်းရဲ့ တင်ဆက်ဖျော်ဖြေမှု


ကောင်းကောင်၊ မိုးအောင်ရင်၊ တက္ကသိုလ်ဂွမ်းပုံ၊ မေကဗျာ၊ ထွန်းထွန်း၊ ညောင်ညောင်


မိုးမိုး၊ မင်းမော်ကွန်း၊ ခိုင်သင်းကြည်၊ တက္ကသိုလ်ဂွမ်းပုံ၊ ကဗျာ

**စာမျက်နှာ(၃၆)မှ**…နှစ်သက်ခဲ့ပြီး ဖြူဖြူကျော်သိန်းကလည်း သူ့ကိုအားပေးတဲ့ ပရိသတ်တွေအတွက် သီချင်းများနဲ့ အားရပါးရ သီဆိုပေးရုံတင်မက Performanceနဲ့ ဖက်ရှင်ဝတ်စုံတွေကို ဝတ်ဆင်ပြီး စင်လေးဖက်ရှိ ပရိသတ်များအားလုံးကို နှုတ်ဆက်ပြီး သီဆိုပေးခဲ့တာကဖြင့် အားလုံးသဘောကျနှစ်သက်ခဲ့တဲ့ အစီအစဉ်ဖြစ်ခဲ့ပါတယ်။

မိုးချုပ်တဲ့အချိန် နောက်ဆုံးတင်ဆက်ပေးတဲ့ အစီအစဉ်ကတော့ အများမျှော်လင့်နေတဲ့ အနာဂတ်အတွက် အန်လင်းနဲ့ပြဇာတ်အစီအစဉ်ပဲဖြစ်ပါတယ်။ ဒါရိုက်တာ မောင်မျိုးမင်း(ရင်တွင်းဖြစ်)က ခေတ်နဲ့လိုက်ဖက်လျော်ညီမယ့် စကားလုံးများ သုံးပြီး ပရိသတ်ရင်ထဲ ရောက်အောင် တင်ဆက်ပေးနိုင်သလို ပါဝင်ဖျော်ဖြေပေးမယ့် သရုပ်ဆောင်များဖြစ်ကြတဲ့ မင်းမော်ကွန်း၊ ထွန်းထွန်း၊ မိုးအောင်ရင်၊ မိုးမိုး၊ ခိုင်သင်းကြည်၊ မေကဗျာ၊ Jenny, အရိုင်း၊ ကောင်းကောင်၊ ငှက်ပျောကြော်၊ ညောင်ညောင်၊ ရော်ဖွင့်၊ တက္ကသိုလ်ဂွမ်းပုံ၊ ဒေါ်ခင်လေးဆွေ တို့ရဲ့သရုပ်ဆောင်မှုများမှာ အကြိုက်တွေ့ရယ်မောခဲ့ကြပြီး ယူရေနီယံ အကအဖွဲ့၊ Life & Dance အကအဖွဲ့၊ ယဉ်ကျေးမှုအကအဖွဲ့များရဲ့ပူးပေါင်းတင်ဆက်ပေးမှုများကြောင့် အကြိုက်တွေ့ ရယ်မောခဲ့ကြရပြီး ထမပြန်နိုင်အောင်ဖြစ်ခဲ့ရတဲ့ ဖျော်ဖြေတင်ဆက်ပွဲဖြစ်ခဲ့ပါတယ်။ ■ လင်းနိုင်ဦး

# ထောင်တွင်းတရားပတ်များအတွက် ဒါရိုက်တာဝင်းထွန်းထွန်း ဇနီးမောင်နှံ အလှူငွေကျပ် ၇ သိန်းလှူဒါန်း

ဒါရိုက်တာ ဝင်းထွန်းထွန်းနဲ့ ဇနီးဖြစ်သူသစ်သစ်မြင့်ဆိုင်တို့က နိုဝင်ဘာလ ၄ ရက်နေ့က ဗဟန်းမြို့နယ်၊ ငါးထပ်ကြီးဘုရားလမ်းမှာရှိတဲ့ ဓမ္မဇောတိ ရိပ်သာမှာ ထောင်တွင်း တရားပတ်များ(မြန်မာပြည်)အတွက် အလှူငွေကျပ် ၇ သိန်း လှူဒါန်းခဲ့တယ်လို့ သိရပါတယ်။

အဲဒီလို လှူဒါန်းဖြစ်တဲ့အကြောင်းနဲ့ပတ်သက်ပြီး ဒါရိုက်တာ ဝင်းထွန်းထွန်းက "သစ်သစ်နဲ့ သျှီက သူငယ်ချင်းတွေဆိုတော့ ထောင်တွင်းတရားပတ်တွေအတွက် လှူလို့ရတယ်ဆိုတဲ့အကြောင်း သိရတယ်။ အဲဒီလိုသိလို့ လှူချင်စိတ်လေးဖြစ်လာတဲ့အချိန်မှာ မွေးနေ့နဲ့လည်းတိုက်ဆိုင်နေတာနဲ့ လှူဖြစ်သွားတဲ့သဘောပါ။ အကြောင်းအမျိုးမျိုးကြောင့် ထောင်ကျနေသူတွေအနေနဲ့ တရားအားထုတ်လို့ စိတ်ငြိမ်းချမ်းမှုရသွားမယ်ဆိုရင် လှူရတဲ့သူတွေအနေနဲ့လည်း ကုသိုလ်ရတာပေါ့"လို့ ပြောပြပါတယ်။ ခရစ်ယာန်ဘာသာဝင်တစ်ဦးဖြစ်ပေမယ့် ဗုဒ္ဓဘာသာဝင်တစ်ဦးဖြစ်တဲ့ ခင်ပွန်းနဲ့အတူ ထောင်တွင်းတရားပတ်များအတွက် လှူဒါန်းဖြစ်တဲ့ ဒါရိုက်တာ ဝင်းထွန်းထွန်းရဲ့ဇနီး သစ်သစ်မြင့်ဆိုင်ကတော့"အစ်မရဲ့ရည်ရွယ်ချက်ကတော့ ကောင်းသောပြောင်းလဲခြင်းနဲ့ ပြောင်းလဲလာသူတွေကို လူသားအချင်းချင်း အားပေးတဲ့သဘောပါ။ ထောင်ကျနေတဲ့သူတွေထဲမှာ အကြောင်းအမျိုးမျိုးကြောင့် ထောင်ကျရတဲ့သူတွေပါသလို ကိုယ့်အပြစ်ဒဏ်ကို ခံနေရသူ**စာမျက်နှာ(၃၅)သို့…**



ဒါရိုက်တာ ဝင်းထွန်းထွန်းနဲ့ ဇနီး သစ်သစ်မြင့်ဆိုင်တို့ရဲ့အလှူကို တေးသံရှင် ချီကာ လက်ခံရယူခဲ့ပါတယ်

# ပရိသတ် အကြိုက်တွေ့ခဲ့တဲ့ အန်လင်းန်ရဲ့ တင်ဆက်မှု

အရိုးကျန်းမာရေးအတွက် ပြီးပြည့်စုံတဲ့အာဟာရ အန်လင်းန် နို့မှုန့်က တင်ဆက်ပေးတဲ့ ဖြူဖြူကျော်သိန်းရဲ့ **အရိုးများ ကျန်းမာသန်စွမ်းမှ ပြည့်စုံလှပ အနာဂတ်ဘဝ အသိပေးမျှဝေခြင်းနဲ့ ပညာရေး** ဟောပြောပွဲ အစီအစဉ် Plus Three Music Band ရဲ့ တီးခတ်ပေးမှုနဲ့ L လွန်းဝါ၊ ဖြူဖြူကျော်သိန်း၊ L ဆိုင်းဇီ၊ ရေဗက္ကာဝင်းတို့ရဲ့ သီချင်းများ သီဆိုဖျော်ဖြေမှု၊ ဒါရိုက်တာ မောင်မျိုးမင်း(ရင်တွင်းဖြစ်)၏ ဟာသတေးဂီတ ပြဇာတ်တင်ဆက်ပေးမှုများကို နိုဝင်ဘာလ ၄ ရက်နေ့ မွန်းလွဲ ၂ နာရီခွဲ အချိန်ကစတင်ပြီး ရန်ကုန်မြို့၊ ကန်တော်ကြီး မျှော်စင်ကျွန်းတွင် ကျင်းပပေးခဲ့ရာ ပရိသတ်များ အကြိုက်တွေ့ အားပေးခဲ့ကြတဲ့ အစီအစဉ် ဖြစ်ခဲ့ပါတယ်။



L ဆိုင်းဇီနဲ့ L လွန်းဝါ



ဖြူဖြူကျော်သိန်း

အန်လင်းန်မှ တာဝန်ရှိသူများက အန်လင်းန်ကို ပရိသတ်များသိရှိ လေ့လာနိုင်ဖို့ အနုပညာတင်ဆက်မှုများနဲ့ စီစဉ်ပေးခဲ့တာကြောင့် ပရိသတ်များကလည်း သူတို့ချစ်တဲ့ အနုပညာရှင်များရဲ့ အနုပညာဖျော်ဖြေတင်ဆက်မှုများကို မြင်တွေ့ခွင့် ရတာဖြစ်လို့ တစ်ခဲနက် အားပေးခဲ့ကြပြီး မျှော်စင်ကျွန်းပြည့်တဲ့အထိ ဖြစ်ခဲ့ပါတယ်။ ပထမပိုင်းအစီအစဉ်တွေမှာ လာရောက်အားပေးတဲ့ ပရိသတ်များအတွက် နေ့လယ် ၁၂ ခွဲက စတင်ပြီး အရိုးကျန်းမာရေး အခမဲ့စစ်ဆေးနိုင်ဖို့ ကြိုတင်စာရင်းပေးတဲ့ အစီအစဉ်ကို လက်ခံပေးခဲ့ပါတယ်။ ဒါ့အပြင် စိတ်ဝင်စားဖွယ် အစီအစဉ်များ မတင်ဆက်မီ အရိုးကျန်းမာရေး စစ်ဆေးပေးပြီး လိုအပ်တဲ့ ညွှန်ကြားပေးမှုများ ပြုလုပ်ပေးခဲ့သလို အန်လင်းန် အမှတ်တံဆိပ်ပါတဲ့ ပူဖောင်းချောင်းများလည်း မေတ္တာလက်ဆောင်တွေ ပေးခဲ့ပါတယ်။



ကျန်းမာရေး ဆွေးနွေးမှုများကိုလည်း ဆောင်ရွက်ပေးခဲ့ပါတယ်



မိုးမိုးနဲ့ နိုင်သင်းကြည်



ထွန်းထွန်း(Examplez)နဲ့ မင်းမော်ကွန်း

အစီအစဉ်မှာတော့ ပထမဦးစွာ ပျော်ရွှင်ဖွယ်ရာ ဉာဏ်စမ်းပဟေဠိဂိမ်းအစီအစဉ်များကို တင်ဆက်ပေးခဲ့ပါတယ်။ အဲဒီနောက်မှာတော့ အန်လင်းန်မှ Marketing Manager မသဉ္ဇာဝင့်က ပွဲကျင်းပရခြင်း အကြောင်းကို ရှင်းလင်းတင်ပြကာ အရိုးကျန်းမာရေးအတွက် ကယ်လ်စီယမ်ဓာတ်လုံလောက်စွာရရှိရန် အရေးကြီးပုံနဲ့ လူအများ သတိမမူမိတဲ့ အရိုးပါးရောဂါ အန္တရာယ်ရှိပုံကို နားလည်နိုင်စေဖို့ ရှင်းလင်းပြောကြားပေးခဲ့ပါတယ်။ ဆက်လက်ပြီး အရိုးများကျန်းမာရေး အသိပေးမျှဝေခြင်း အစီအစဉ်အနေနဲ့ အရိုးကျန်း မာသန်စွမ်းမှ ပြည့်စုံလှပ အနာဂတ်ဘဝခေါင်းစဉ်နဲ့ ဒေါက်တာဖြူဖြူကျော်သိန်းက စိတ်ဝင်စားဖွယ်ရာများနဲ့ ပရိသတ်များကို အသိပေးမျှဝေဟောပြောပေးခဲ့ပါတယ်။



မိုးအောင်ရင်နဲ့ မေကဗျာ

တေးဂီတ ဖျော်ဖြေတင်ဆက်မှုအစီအစဉ်မှာ Plus Three တေးဂီတအဖွဲ့ တီးခတ်ပေးမှုနဲ့ ရေဗက္ကာဝင်း၊ L လွန်းဝါ၊ L ဆိုင်းဇီ၊ ဖြူဖြူကျော်သိန်းတို့ကသီချင်းများ ဖျော်ဖြေတင်ဆက်ပေးတဲ့အခါ ပရိသတ်များ သူတို့ရရှိထားတဲ့ မေတ္တာလက်ဆောင် အန်လင်းန် ပူဖောင်းချောင်းများကို တီးပြီး အားရပါးရ အားပေးခဲ့ကြတာကို တွေ့ခဲ့ရပါတယ်။ သူတို့ရဲ့အချစ်တော် ဖြူဖြူကျော်သိန်းရဲ့ အစီအစဉ်မှာတော့ အထူးသဘောကျ**စာမျက်နှာ(၃၅)သို့…**


သဘာဝအလှနဲ့ စိုပြည်တယ်
natur-e ရဲ့ အလှမယ်
natur-e
အလှမယ်လေးများအား ဆုငွေကျပ် (၂)သိန်း အပြင်
Journal နှင့် Magazine များတွင်
natur-e အလှမယ်အဖြစ် ရွေးချယ်ဖော်ပြပေးမည့်
အထူးအခွင့်အရေး
သဘာဝအတိုင်း နုပျိုစိုပြည်လှပစေဖို့ . . .
natur-e
Natural Vitamin E 100 IU
UNITED PHARMA
Serving Your Healthcare Needs
အလှမယ်ပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်လိုပါက
အသက်(၁၈)နှစ်မှ (၂၅)နှစ်အတွင်း အမျိုးသမီးများဖြစ်ရပါမည်။ အခြားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ဖူးပါက ရရှိခဲ့သည့်ဆုများကိုဖော်ပြရပါမည်။ မိမိနေထိုင်သည့်မြို့နယ်မှ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံချက် မိဘအုပ်ထိန်းသူ၏ ခွင့်ပြုချက်နှင့်အတူကိုယ်ရေးအချက်အလက်များ ပြည့်စုံစွာရေးသား၍ ဖူးခွံသေး (၅)ခုနှင့်အတူ (၅" × ၇") အလှပုံ(၃)ပုံ (တစ်ကိုယ်လုံးပုံနှင့် ကိုယ်တစ်ပိုင်းပုံ)တို့ကို အမှတ်-၁၄၅၊ သီရိမင်္ဂလာလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း - ၀၁-၆၅၃၅၃၀ နှင့် အီးမေးလ်နှင့်ပေးပို့လိုသူများ saw.kyawkyaw@riverorchid.com သို့ ပေးပို့နိုင်ပါသည်။


Cobra
ENERGY DRINK
သန့်စွမ်းကြံ့ခိုင်ခြင်း
စိတ်ဓာလန်းဆန်းခြင်း
• အင်အားပြည့်ဖြိုးစေဖို့ ဗီတာမင်ဘီ
• မှတ်ဉာဏ်စွမ်းရည်မြင့်မားပြီး လန်းဆန်းစေတဲ့ Taurine နဲ့ Inositol
• ကြံ့ခိုင်လို့ အားကောင်းသန်မာစေဖို့ ဂျင်ဆင်း
တကယ့်အားမာန်
Cobra ENERGY DRINK
CITRUS BLAST
Cobra ENERGY DRINK
MDG
MYANMAR DISTRIBUTION GROUP
www.myanmardistributiongroup.com


EVELINE
COSMETICS
We create the beauty of your skin
Made In EU.
ရင်သားအလှ ပုံမကျတဲ့ ခင်နမနှင့် ရင်သားအလှ ပုံကျကျ လှချင်တဲ့ ခင်နမတို့အတွက်
အဆီကင်းတဲ့အသားအရေမှာ တင်းရင်းကာ လှသွေးကြွယ်စေချင်တဲ့ မဒီခင်တို့အတွက်
ခါးတုတ်လို့ တင်မပီတဲ့ မယ်မဒီနှင့် ဗိုက်ချပ်လို့ အဆီမတက်လိုတဲ့ ခင်ပျိုတို့အတွက်
ပေါင်တံသွယ်ပါလို့ တင်ကားကာ အလှကြွယ် ခါးရှယ် သေးသေးနဲ့ မြင်သူငေးစေလိုတဲ့ မဒီပျိုတို့အတွက်
ရရှိနိုင်သောနေရာများမှာ - Supermarket များနှင့်အမြို့မြို့ အနယ်နယ်ရှိ
ဆိုင်ကြီးများတွင် ရရှိနိုင်ပါသည်။
ISTRIBUTED BY : Shine Khant Co.,Ltd.